


# ပရိတ်ကြီး၁၁သုတ်

## ပါဠိ၊အနက်၊အသံထွက်

**စိတ်ကူးချိုချိုအနုပညာ**

(၈၅) ၁၆၄–လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း – ၇၂၆၆၂၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပရိတ်ကြီး (၁၁)သုတ်

# ပါဠိ၊ အနက်၊ အသံထွက်

ထင်လတ်

ပူဇော်သည်

၂၀၀၃ ခုနှစ် ဩဂုတ်လ

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၉၀/၂၀၀၃(၃) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၃၈/၂၀၀၃ (၆) |

| | |
|---|---|
| မျက်နှာဖုံး | ကျော်ဖြူစံ |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဩဂုတ်လ၊ ၂၀၀၃ |
| တန်ဖိုး | ၆၀၀ ကျပ် |

## မင်းအဖြစ်ထက်မြတ်သောကုသိုလ်

ဂုဏ်တော်ရွတ်ပွား၊ ဝတ်တက်ဝတ်ကပ် ပြုသူများ၏
သန္တာန်၌ ဖြစ်ပေါ်လာသော ပီတိသည်
ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို
အစိုးရသော မင်းအဖြစ်ထက်
သာလွန်မြင့်မြတ်၏။ ။

**[ဒီ၊ ၄၊ ၁။ ၅၄။ ဣတိဝုတ်၊ ၄။ ၂၇၁-၂-၃]**

လူသုံးပါးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ကိလေသာမှ လွတ်မြောက်ရေးကို ဦးတည် လျက် ဟောတော်မူအပ်သော တရားတော်တို့တွင် ယင်းလွတ်မြောက် ရေး ကိုရရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသော လူ၊ ရှင်၊ ရဟန်း တို့၏ ဘေးဘယာကင်းဝေး ချမ်းသာရေးအတွက် အရံအတားအဖြစ် ဟောကြားအပ်သော တရားတော်တို့လည်း အပါအဝင် ဖြစ်လေသည်။ ထိုတရားတော်တို့ကိုပင် ပါဠိလို 'ပရိတ္တ'၊ မြန်မာလို 'ပရိတ်'ဟု ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် နှုတ်တော်တွတ်တွတ်ရွတ် ၍ ဟောကြားတော်မူခဲ့သည့် ပရိတ်တို့မှာ နိကာယ်ငါးရပ်၊ ပိဋကတ် သုံးပုံ၊ ပါဠိတော်တို့ဝယ် ကြိုးကြားကြိုးကြား တကွဲတပြားစီဖြစ်လျက် ရှိကြရာ အရှည်ကိုမြော်မြင်တော်မူကြသော ရှေးခေတ် သာသနာ တော်စောင့် ဆရာတော်ကြီးတို့သည် ထိုပရိတ်တို့ကို တပေါင်းတစည်း တည်း စုပေါင်း၍ သီးခြားကျမ်း တစ်စောင်တစ်ဖွဲ့အဖြစ် စီစဉ်တော် မူခဲ့ကြလေသည်။ ထိုသို့ရှေးဆရာ တော်ကြီးများ စုပေါင်းစီစဉ်ထားခဲ့ သော ပရိတ်ကျမ်းသည်ပင် ယခုအခါ မြန်မာနိုင်ငံ၌ 'ပရိတ်ကြီး' ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

**သပြေကန်ဆရာတော်**
**အရှင်ဝါသေဋ္ဌာဘိဝံသ၏**
**ပရိတ်ကြီးနိဿယသစ်စာအုပ်နိဒါန်းမှ . . .**

# ပရိတ်တော်နိဒါန်း

## နတ်ပြဟ္မာများကို ဖိတ်ကြားခြင်း

၁။ **သမန္တာ စက္ကဝါဠေသု**

သမန်တာ စက်က – ဝါလေသု

**အတြာ ဂစ္ဆန္တု ဒေဝတာ**

အတ်တရာ ဂစ်ဆန်တု ဒေဝတာ

**သဒ္ဓမ္မံ မုနိရာဇဿ**

သတ်ဓမ်မံ မုနိ ရာဇတ်သ

**သုဏန္တု သဂ္ဂမောက္ခဒံ။**

သုဏာန်တု သက်ဂ မောက်ခ – ဒံ

ဤစကြဝဠာ၏ အနီးပတ်ဝန်းကျင် တစ်သောင်းသော စကြဝဠာတို့၌ နေကုန်သော နတ်ပြဟ္မာအပေါင်းတို့သည် ဤပရိတ်ဟောကြားရာ အရပ်သို့ လာခဲ့ကြကုန်လော့။ ရဟန်းမင်းဖြစ်သော မြတ်စွာဘုရား၏ နတ်ပြည်နိဗ္ဗာန် အကျိုးကို ပေးစွမ်းနိုင်သော သူတော်ကောင်းတရားကို နာကြားကြပါကုန် လော့။

၂။ ဓမ္မဿဝန ကာလော အယံ ဘဒ္ဒန္တာ။
ဓမ်မတ်သဝန ကာလော အယံ ဘတ်ဒန်တာ
(သုံးခေါက်ဆို)

အို... နတ်အပေါင်းတို့၊ ဤအချိန်ကား တရားနာရမည့်အချိန်အခါ ပေတည်း။

၃။ နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ
နမော တတ်သ ဘဂဝတော အရဟတော
သမ်မာသမ်ဗုတ်ဓတ်သ
(သုံးခေါက်ဆို)

ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးသည်ဖြစ်၍ သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း ကိုယ်တိုင်သိမြင်တော်မူသော မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါ၏။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏ သရဏာ
ယေ သန်တာ သန်တစိတ်တာ တိသရဏာ သရဏာ
ဧတ္ထ လောကန္တရေ ဝါ
အဧ်ထ လောကန်တ ရေ ဝါ
ဘုမ္မာဘုမ္မာ စ ဒေဝါ
ဘုမ်မာ ဘုမ်မာ စ ဒေဝါ
ဂုဏ ဂဏ ဂဟဏ ဗျာဝဋာ သဗ္ဗကာလံ
ဂုဏာ ဂဏာ ဂဟာဏာ ဗျာဝတာ သပ်ဗကာလံ
ဧတေ အာယန္တု ဒေဝါ
အေတေ အာယန်တု ဒေဝါ
ဝရကနကမယေ
ဝရ ကနက မယေ
မေရုရာဇေဝသန္တော
မေရု ရာဇေ ဝသန်တော

**သန္တော သန္တောသ ပောတုံ**
**သန်တော သန်တောသ ပောတုံ**
**မုနိ ဝရ ဝစနံ, သောတု မဂ္ဂံ သမဂ္ဂါ**
**မုနိ ဝရ ဝစနံ သောတု မက်ဂံ သမက်ဂါ။**

ကျွန်ုပ်တို့နေထိုင်ရာ ဤစကြဝဠာအတွင်း၌လည်းကောင်း၊ တစ်ပါးသော စကြဝဠာတို့၌လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းတည်ငြိမ်မှုရှိကြပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသည့် မြေ၌ပေါ်၌တည်သော (ဘုမ္မစိုး) နတ်၊ ကောင်းကင်၌တည်သော (အာကာသစိုး)နတ်တို့သည် ရှိကုန်၏။ လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးအပေါင်းကို ရရှိရန် အခါခပ်သိမ်း ကြောင့်ကြစိုက်၍နေကြသော ထိုနတ်အပေါင်းတို့နှင့်တကွ မြတ်သော၊ ရွှေအတိပြီးသော မြင်းမိုရ်တောင်မင်း၌ မှီတင်းနေထိုင်ကြသော နတ်သူတော်ကောင်းအပေါင်းတို့သည် နှစ်သက်ဝမ်းမြောက်ရခြင်း၏အကြောင်းဖြစ်သည့် မြတ်စွာဘုရား၏ တရားမြတ်ကို ကြားနာရန် အညီအညွတ်လာခဲ့ကြပါကုန်လော့။

၅။ **သဗ္ဗေသု စက္ကဝါလေသု**
**သပ်ဗေသု စက်က –ဝါလေသု**
**ယက္ခာ ဒေဝါ စ ဗြဟ္မနော။**
**ယက်ခါ ဒေဝါ စ ဗြန်မနော**
**ယံ အမှေဟိ ကတံ ပုညံ**
**ယံ အန်မှေဟိ ကတံ ပုန်ညံ**
**သဗ္ဗသမ္ပတ္တိ သာဓကံ။**
**သပ်ဗ သမ်ပတ်တိ သာဓကံ။**

အလုံးစုံသော စကြဝဠာတို့၌ နေကြသော ဘီလူး၊ နတ်၊ ဗြဟ္မာတို့သည် ကျွန်ုပ်တို့ ပြုလုပ်အပ်သော စည်းစိမ်ချမ်းသာဟူသမျှကို ပြီးမြောက်စေနိုင်သည့် ကုသိုလ်ကောင်းမှုအားလုံးကို ဝမ်းမြောက်ကြပြီး ကျွန်ုပ်တို့နှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကာ မြတ်စွာဘုရား၏အဆုံးအမ၌ မွေ့လျော်သူများ ဖြစ်ကြပါစေ။ အထူးအားဖြင့် လူသားတို့အား ကာကွယ် စောင့်ရှောက်ရေး၌ မေ့လျော့မှုမရှိသူများ ဖြစ်ကြပါစေ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ
သပ်ဗေ တံ အနုမောဒိတ်တဝါ
သမဂ္ဂါ သာသနေ ရတာ
သမက်ဂါ သာသနေ ရတာ
ပမာဒ ရဟိတာ ဟောန္တု
ပမာဒ ရဟိတာ ဟွန်တု
အာရက္ခာသု ဝိသေသတော
အာရက်ခါသု ဝိသေသတော။

၇။ သာသနဿစ လောကဿ
သာသနတ်သစ လောကတ်သ
ဝုဍ္ဎိဘဝတု သဗ္ဗဒါ
ဝုတ်ဍီ ဘဝတု သပ်ဗဒါ
သာသနမ္ပိ စ လောကဉ္စ
သာသနမ်ပိ စ လောကင်စ
ဒေဝါ ရက္ခန္တု သဗ္ဗဒါ
ဒေဝါ ရက်ခန်တု သပ်ဗဒါ။

မြတ်စွာဘုရား သာသနာတော်နှင့် ကမ္ဘာလောကကြီး၏ အစဉ်ထာဝရ တိုးတက်ကြီးပွားမှု ဖြစ်ပါစေ။ မြတ်စွာဘုရား သာသနာတော်နှင့် ကမ္ဘာ လောကကို နတ်တို့ အမြဲစောင့်ကြပ်ကြပါစေ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ
သတ်ဒိန် ဟွန်တု သုခီ သပ်ဗေ
ပရိဝါရေဟိ အတ္တနော
ပရိဝါရေဟိ အတ်တနော
အနီဃာ သုမနာ ဟောန္တု
အနီဃာ သုမနာ ဟွန်တု
သဟ သဗ္ဗေဟိ ဉာတိဘိ
သဟ သပ်ဗေဟိ ညာတိဘိ။

သတ္တဝါအားလုံးတို့သည် မိမိတို့၏ အခြွေအရံ အသင်းအပင်းတို့နှင့်တကွ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု ရှိကြပါစေ။ အလုံးစုံသော ဆွေမျိုးဉာတိတို့နှင့်တကွ ဆင်းရဲကင်းကွာ စိတ်ချမ်းသာမှု ရှိကြပါစေ။

၉။ ရာဇတော ဝါ စောရတော ဝါ
ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
မနုတ်သတောဝါ အ–မနုတ်သတောဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
အက်ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ကန်တကတော ဝါ နက်ခတ်တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
ဇနပဒရောဂတော ဝါ အ–သတ်ဓမ်မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
အ–သန်ဒိတ်ထိတော ဝါ အ–သပ်ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ
စန်ဒ ဟက်ထိ အတ်သ မိဂ
ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက
ဂေါဏ ကုတ်ကုရ အဟိ ဝိတ်ဆိက
မဏိ သပ္ပ ဒီပိ အစ္ဆ တရစ္ဆ
မဏိသပ်ပ ဒီပိ အစ်ဆ တရစ်ဆ
သူကရ မဟိံသ
သူကရ မဟိန်သ
ယက္ခ ရက္ခသာ ဒီဟိ
ယက်ခ ရက်ခသာ ဒီဟိ
နာနာဘယတော ဝါ နာနာရောဂတောဝါ
နာနာဘယတော ဝါ နာနာ ရောဂတောဝါ

**နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။**
**နာနာ အုပတ်ဒဝတော ဝါ အာရက်ခံ ဂန်ဏှန်တု။**

မင်းဘေး၊ ခိုးသူဘေး၊ ဘီလူးဘေး၊ မီးဘေး၊ ရေဘေး၊ မြေဘုတ် ဘီလူးဘေး၊ သစ်ငုတ်ဘေး၊ ဆူးငြောင့်ဘေး၊ မကောင်းသောနက္ခတ်ဘေး၊ ဇနပုဒ်ရောဂါဘေး၊ မှားသောတရားဘေး၊ မှားသောအယူဘေး၊ သူယုတ်မာ ဘေးတို့မှလည်းကောင်း၊ ကြမ်းတမ်းသော ဆင်မြင်းသားရဲ၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း၊ သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး၊ ရက္ခိုသ် အစရှိသော ဘေးအမျိုးမျိုးတို့မှလည်းကောင်း၊ အနာရောဂါအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးတို့မှလည်းကောင်း (လူတို့အား ကင်းဝေးအောင်) ကာကွယ်စောင့်ရှောက်မှုကို (နတ်တို့က) တာဝန်ယူကြပါကုန်လော့။

# မင်္ဂလသုတ်ဝတ္ထု

မင်္ဂလာတရားတော်ကို ဗုဒ္ဓရှင်တော်ဘုရား မဟောကြားမီအခါက လူ့လောကတစ်ခွင်၌ 'မင်္ဂလာ'နှင့်ပတ်သက်၍ သူ့ထက်ငါ အမျိုးမျိုး ထင်မြင်ယူဆ ပြောဆိုကြကုန်၏။

အချို့သူတို့က မျက်စိဖြင့်မြင်ရသော အလွန်လိုချင်နှစ်သက်ဖွယ်ကောင်းသည့် အဆင်းရုပ်ဝါကို မင်္ဂလာဟု ဆိုကြကုန်၏။

အချို့သူတို့က နားဖြင့်ကြားရသော အလွန်သာယာချိုအေး ကြည်လင်နှစ်သက်ဖွယ်ကောင်းသော အသံကို မင်္ဂလာဟု ဆိုကြကုန်၏။

အချို့သူတို့က နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် တွေ့ထိရသော အလွန်သင်းပျံ့မွှေးကြိုင်သည့် ရနံ့၊ အလွန်ချိုမြိန်ကောင်းမွန်သည့်အရသာ၊ အလွန်နှစ်သိမ့်ချမ်းသာသော အတွေ့တို့ကို မင်္ဂလာဟု ဆိုကြကုန်၏။ တစ်ဦးအယူကို တစ်ဦးက လက်မခံကြချေ။ သူတစ်မျိုး ငါတစ်ဖုံ ထင်မြင်ယူဆကာ သုံးအုပ်စုကွဲကြကုန်၏။ ထိုအုပ်စုအကွဲသည် လူများ၌သာမက လူတို့ကို စောင့်ရှောက်သော ကိုယ်စောင့်နတ်မှစ၍ ဘုမ္မစိုး၊ အာကာသစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ အစရှိသော နတ်ပြဟ္မာများတိုင်အောင် ကွဲလေ၏။ တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြာမြင့်လေသည်။ အဖြေမှန်ကား မရကြပေ။

ထိုအခါ မင်္ဂလာပြဿနာသည် တာဝတိံသာနတ်ပြည်၊ သုဓမ္မာနတ်သဘင် အစည်းအဝေး၌ သိကြားမင်းထံ ဖြေရှင်းပေးပို့ရန် ရောက်ရှိလာလေ၏။ ပကတိအားဖြင့် ပညာရှိသော သိကြားမင်းသည် မိမိဖြေဆိုခြင်းငှာ မစွမ်းနိုင်သော်လည်း 'ဉာဏ်ရှိသောကြောင့်'အချင်းနတ်သားတို့... ဤပြဿနာသည် ဘယ်ကစ၍ ဖြစ်ပေါ်လာသနည်းဟု မေးရာ လူ့ပြည်မှ စတင်၍ ဖြစ်ပေါ်လာကြောင်း လျှောက်တင်ကြလေ၏။ ယခုအခါ မြတ်စွာဘုရားသည် ဘယ်မှာ သီတင်းသုံးနေတော်မူပါသနည်းဟု မေးမြန်းရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်ဟု လျှောက်တင်ကြလေ၏။

"အချင်းနတ်သားတို့၊ မီးတောက်ကိုပစ်၍ ပိုးစုန်းကြူးကို မီးရအောင် ဘာ့ကြောင့် မှုတ်နေကြဘိသနည်း"ဟု ဆိုကာ နတ်သားတစ်ပါးအား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံသွား၍ မင်္ဂလာတရားတော်ကို ဟောကြားပါမည့်အကြောင်း လျှောက်ထားရန် တာဝန်ပေးလေသည်။ နတ်တို့အရှင် သိကြားမင်းကိုယ်တိုင်လည်း နတ်ပေါင်းများစွာ ခြံရံလျက် မင်္ဂလာတရားတော်ကို နာယူရန် ကြွရောက်လာလေ၏။ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့လည်း စုဝေးကြွရောက်လာကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် မင်္ဂလာတရားတော်ကို ဟောကြားတော်မူလေရာ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့မှာ ရဟန္တာဖြစ်ကြ၍ အနာဂါမ်၊ သဒါဂါမ်၊ သောတာပန်ဖြစ်သော နတ်တို့မှာ မရေမတွက်နိုင်ဟု ဆို၏။

မင်္ဂလာဆိုသည်မှာ ကြီးပွားချမ်းသာကြောင်းတရားကို ဆို၏။ ဤသုတ်၌ ကြီးပွားချမ်းသာကြောင်းတရား သုံးဆယ့်ရှစ်ပါးတို့ကို ဟောတော်မူသောကြောင့် မင်္ဂလသုတ်ဟု ခေါ်တွင်၏။

*မဟာမင်္ဂလ၊ ပရိတ္တဟု*
*သဗ္ဗဝေရီ၊ အောင်ဘိချမ်းသာ*
*ရှည်စွာအသက်၊ ဘုန်းကျက်သရေ*
*ထွေထွေမင်္ဂလာ၊ ပြည့်စုံရာ၏။*

# (၁)

# မင်္ဂလသုတ်

## မင်္ဂလသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

မင်္ဂလသုတ်တော်တွင် လူမိုက်တို့ကို မမှီဝဲခြင်း၊ ပညာရှိတို့ကို မှီဝဲခြင်း စသော မင်္ဂလာတရား ၃၈ ပါးကို ဟောကြားထားသည်။ မင်္ဂလသုတ်ကို အိမ်တက်မင်္ဂလာနှင့် အခြားမင်္ဂလာအခမ်းအနားတို့တွင် ရွတ်ဖတ်ကြသည်။ မင်္ဂလသုတ်ကို အစဉ်အမြဲရွတ်ဖတ်၍ ထိုသုတ်နှင့်အညီ လိုက်နာကျင့်သုံးနေထိုင်လျှင် လောကီ လောကုတ္တရာအကျိုးနှင့် မင်္ဂလာကျက်သရေ တိုးတက်စေပြီး ဘေးရန်ကင်းရှင်း၍ အရာရာ၌ အောင်မြင်မှုများကို ရရှိနိုင်ပေသည်။

၁။ **ယံ မင်္ဂလံ ဒွါဒသဟိ**
**ယံ မင်ဂလံ ဒွါဒသဟိ**
**စိန္တယိံသု သ ဒေဝကာ**
**စိန်တယိန်သု သ – ဒေဝကာ**
**သောတ္ထာနံ နာဓိဂစ္ဆန္တိ**
**သွတ်ထာနံ နာဓိ ဂစ်ဆန်တိ**

**အဥ္ဇတ္တိံ သဥ္ဆ မင်္ဂလံ။**
အတ်ထက်တိန်သင်စ မင်ဂလံ။

၂။ **ဒေသိတံ ဒေဝ ဒေဝေန**
ဒေသိတံ ဒေဝ ဒေဝေန
**သဗ္ဗပါပ ဝိနာသနံ**
သပ်ဗ ပါပ ဝိနာသနံ
**သဗ္ဗလောက ဟိတတ္ထာယ**
သပ်ဗလောက ဟိတတ်ထာယ
**မင်္ဂလံ တံ ဘဏာမ ဟေ။**
မင်ဂလံ တံ ဘဏာမ ဟေ။

## မင်္ဂလသုတ်အမွှမ်း

အို... သူတော်ကောင်းအပေါင်း၊ နတ်နှင့်တကွသော လူတို့သည် အကြင်မင်္ဂလာတရားကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည်စဉ်းစားခဲ့ကြကုန်၏။ ယင်းသို့ ကြံစည်စဉ်းစားကြကုန်ငြားသော်လည်း ချမ်းသာခြင်း၏ အကြောင်း ကောင်းမြတ်သော ထိုမင်္ဂလာတရားကို မသိနိုင်ဘဲရှိခဲ့ကြကုန်၏။ နတ်တို့ထက်မြတ်သောနတ် ဖြစ်တော်မူသည့် မြတ်စွာဘုရားသည် တစ်လောကလုံး၏ အကျိုးစီးပွားအလို့ငှာ ဟောကြားအပ်သော မကောင်းမှုမှန်သမျှကို ကင်းပျောက်စေနိုင်သော ထိုမင်္ဂလာတရား ၃၈ ပါးကို ကျွန်ုပ်တို့ ရွတ်ဆိုကြပါကုန်စို့။

၃။ **ဧဝံ မေ သုတံ**
အေဝံ မေ သုတံ
**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ**
အေကံ သမယံ ဘဂဝါ သာဝတ်ထိယံ ဝိဟရတိ
**ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ**
ဇေတဝနေ အနာထပိန်ဒိကတ်သ အာရာမေ
**အထ ခေါ အညတရာ ဒေဝတာ**
အထ, ခေါ် အင်ညတရာ ဒေဝတာ

**အဘိက္ကန္တေန စ ယ ရတ္တိယာ**
အဘိတ်ကန်တာယ ရတ်တိယာ
**အဘိက္ကန္တ ဝဏ္ဏာ**
အဘိတ်ကန်တ ဝန်နာ
**ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ**
ကေဝလကပ်ပံ ဇေတဝနံ သြဘာသစ်တဝါ
**ယေန ဘဂဝါ တေနုပသင်္ကမိ**
ယေန ဘဂဝါ တေနုပသင်ကမိ
**ဥပသင်္ကမိတွာ – ဘဂဝန္တံ**
အုပသင်ကမိတ်တဝါ – ဘဂဝန်တံ
**အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ**
အဘိဝါ ဒစ်တဝါ အေကမန်တံ အတ်ထာသိ
**ဧကမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ**
ဧကမန်တံ ထိတာ ခေါ သာ ဒေဝတာ
**ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။**
ဘဂဝန်တံ ဂါထာယ အစ်ချဘာသိ။

## အရှင်အာနန္ဒာ၏ လျှောက်ထားချက်

အရှင်မဟာကဿပ ဘုရားတပည့်တော်သည် (မြတ်စွာဘုရားထံမှ) ဤသို့ ကြားနာမှတ်သားခဲ့ရပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေပါသည်။ ထိုအခါ အမျိုးအမည်မထင်ရှားသော နတ်သားတစ်ပါးသည် ညဉ့်ဦးယံ လွန်ပြီးသော သန်းခေါင်ယံအချိန်၌ အလွန်နှစ်လိုဖွယ်ကောင်းသော အဆင်း ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက်ကြီးနှင့် ပတ်ဝန်းကျင်တစ်ခွင်လုံးကို (မိမိ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့်) လင်းထိန်စေပြီး မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည်။ သင့်လျော်သော နေရာ၌ ရပ်နေသော ထိုနတ်သားက မြတ်စွာဘုရားကို ဂါထာဖြင့် အောက်ပါအတိုင်း လျှောက်ကြားတောင်းပန်ပါသည်။

**၄။ ဗဟူဒေဝါ မနုဿာစ**

ဗဟူဒေဝါ မနုတ်သာ စ

**မင်္ဂလာနိ အစိန္တယုံ**

မင်ဂလာနိ အ–စိန်တယုံ

**အာကင်္ခမာနာ သောတ္ထာနံ**

အာကင်ခမာနာ သွတ်ထာနံ

**ဗြူဟိ မင်္ဂလ မုတ္တမံ။**

ဗြူဟိ မင်ဂလ မုတ်တမံ။

## နတ်သားတောင်းပန်ပုံ

အရှင်မြတ်စွာဘုရား... ပစ္စုပ္ပန်သံသရာ ချမ်းသာရေးကို လိုလားတောင့်တကြသည့် များစွာသော နတ်လူအပေါင်းတို့သည် ချမ်းသာသုခရရှိကြောင်းဖြစ်သော မင်္ဂလာတရားတို့ကို (တစ်ဆယ့်နှစ်နှစ်တိုင်အောင်) ကြံစည်စဉ်းစားခဲ့ကြပါသည်။ ထိုသို့ ကြံစည်စဉ်းစားခဲ့ကြကုန်သော်လည်း မင်္ဂလာတရားတို့ကို မသိမြင်ခဲ့ကြပါကုန်။ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ထုတ်ဖော်ဟောကြားတော်မူပါလော့။

**၅။ အသေဝနာစ ဗာလာနံ**

အ–သေဝနာစ ဗာလာနံ

**ပဏ္ဍိတာနဉ္စ သေဝနာ**

ပန်ဒိတာနင်စ သေဝနာ

**ပူဇာ စ ပူဇနေယျာနံ**

ပူဇာ စ ပူဇနေယာနံ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား... သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ပညာရှိသူတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းဟူသော ဤတရားသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

**၆။ ပတိရူပ ဒေသဝါသော စ**

ပတိရူပ ဒေသဝါသော စ

**ပုဗ္ဗေ စ ကတ ပုညတာ**

ပုပ်ဗေစ ကတ ပုန်ည–တာ

**အတ္တ သမ္မာ ပဏိဓိ စ**

အတ်တ သမ်မာ ပဏိဓိစ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား...သင့်လျော်လျောက်ပတ်သော အရပ်၌နေခြင်း၊ ရှေးရှေးဘဝတို့၌ ပြုခဲ့ဖူးသော ကောင်းမှုရှိသူဖြစ်ခြင်း၊ မိမိကိုယ်မိမိ ကောင်းစွာထိန်းသိမ်းနိုင်ခြင်းဟူသော ဤတရားသုံးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

**၇။ ဗာဟု သစ္စဉ္စ သိပ္ပဉ္စ**

ဗာဟု သစ်စင်စ သိပ်ပင် စ

**ဝိနယော စ သုသိက္ခိတော**

ဝိနယော စ သုသိတ်ခိတော

**သုဘာသိတာ စ ယာ ဝါစာ**

သုဘာသိတာစ ယာဝါစာ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား...အကြားအမြင်များသူဖြစ်ခြင်း၊ လက်မှုစက်မှု အတတ်ပညာ တတ်မြောက်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့အောင် နေထိုင်ခြင်း၊ ကောင်းသောစကားကို ပြောဆိုခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

**၈။ မာတာပိတု ဥပဋ္ဌာနံ**

မာတာ ပိတု ဥပတ်ထာနံ

**ပုတ္တ ဒါရဿ သင်္ဂဟော**

ပုတ်တ ဒါရတ်သ သင်ဂဟော

**အနာကုလာ စ ကမ္မန္တာ၊**

အနာကုလာစ ကမ်မန်တာ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား…မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊ သားမယားတို့အား ချီးမြှင့်ထောက်ပံ့ခြင်း၊ ရှုပ်ထွေးမှုကင်းလျက် သန့်ရှင်းသပ်ရပ်စွာ အလုပ်လုပ်ခြင်းဟူသော ဤတရားသုံးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၉။ **ဒါနဉ္စ ဓမ္မစရိယာ စ**

ဒါနင်စ ဓမ်မစရိယာ စ

**ဉာတကာနဉ္စ သင်္ဂဟော**

ညာတကာ နင်စ သင်ဂဟော

**အနဝဇ္ဇာနိ ကမ္မာနိ**

အန–ဝစ်ဇာနိ ကမ်မာနိ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား…ပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားတို့ကို ကျင့်ခြင်း၊ ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ခြင်း၊ အပြစ်ကင်းသော အလုပ်များကို လုပ်ခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၁၀။ **အာရတီ ဝိရတီ ပါပါ**

အာရတီ ဝိရတီ ပါပါ

**မဇ္ဇပါနာ စ သံယမော**

မစ်ဇ ပါနာ စ သံယမော

**အပ္ပမာဒေါ စ ဓမ္မေသု**

အပ်ပမာဒေါ စ ဓမ်မေသု

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား…မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှ ကိုယ်နှုတ်နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်း၊ သေရည်သေရက် သောက်စားမှုတို့မှ စောင့်စည်းခြင်း၊ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း ဟူသော ဤ တရားလေးပါးတို့သည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၁၁။ **ဂါရဝေါ စ နိဝါတော စ**

ဂါရဝေါ စ နိဝါတော စ

**သန္တုဋ္ဌီ စ ကတညုတာ**

သန်တုတ်ထိ စ ကတင်ညုတာ

**ကာလေန ဓမ္မဿဝနံ**

ကာလေန ဓမ်မတ်သဝနံ

**ဧတံ မင်္ဂလ မုတ္တမံ။**

အေတံ မင်ဂလ မုတ်တမံ။

အိုနတ်သား…ရိုသေလေးစားထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ သူတစ်ပါးက မိမိအပေါ် ပြုထားဖူးသော ကျေးဇူးကို သိတတ်ခြင်း၊ သင့်လျော်သောအခါ၌ တရားနာခြင်း ဟူသော ဤတရားငါးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

၁၂။ **ခန္တီ စ သောဝစဿတာ**

ခန်တီ စ သောဝ စပ်သတာ

**သမဏာနဉ္စ ဒဿနံ**

သမဏာနင်စ ဒတ်သနံ

**ကာလေန ဓမ္မသာကစ္ဆာ**

ကာလေန ဓမ်မသာကစ်ဆာ

**ဧတံ မင်္ဂလ မုတ္တမံ။**
ဧအတံ မင်ဂလ မုတ်တမံ။

အိုနတ်သား...သည်းခံခြင်း၊ ဆိုဆုံးမလွယ်သူဖြစ်ခြင်း၊ ရဟန်းသူမြတ်တို့ကို ဖူးမြင်ခြင်း၊ သင့်လျော်လျောက်ပတ်သောအခါ တရားဆွေးနွေးခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

**၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ**
တပေါ်စ ဗြန်မ စရိယင်စ
**အရိယ သစ္စာန ဒဿနံ**
အရိယ သစ်စာန ဒတ်သနံ
**နိဗ္ဗာန သစ္ဆိကိရိယာ စ**
နိတ်ဗာန သစ်ဆိ ကိရိယာ စ
**ဧတံ မင်္ဂလ မုတ္တမံ။**
ဧအတံ မင်ဂလ မုတ်တမံ။

အိုနတ်သား...ခြိုးခြံသောအကျင့်ကို ကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ အရိယာသစ္စာတို့ကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော ဤတရားလေးပါးသည်လည်းကောင်း မြတ်သောမင်္ဂလာများ ဖြစ်ပေသည်။

**၁၄။ ဖုဋ္ဌဿ လောက ဓမ္မေဟိ**
ဖုတ်ထတ်သ လောက ဓမ်မေဟိ
**စိတ္တံ ယဿ နကမ္ပတိ**
စိတ်တံ ယတ်သ န ကမ်ပတိ
**အသောကံ ဝိရဇံ ခေမံ**
အ–သောကံ ဝိရဇံ ခေမံ
**ဧတံ မင်္ဂလ မုတ္တမံ။**
ဧအတံ မင်ဂလ မုတ်တမံ။

အိုနတ်သား...လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံရသောပုဂ္ဂိုလ်၏ စိတ်၌ မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှုမရှိခြင်း၊ ရာဂ စသော မြူမရှိခြင်း၊ ဘေးရန်ကင်းခြင်း ဟူသော ဤတရားလေးပါးသည်လည်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

**၁၅။ ဧတာဒိသာနိ ကတွာန**

**အေတာ ဒိသာနိ ကတ်တဝါန**

**သဗ္ဗတ္ထ မ ပရာဇိတာ**

**သတ်ဗတ်ထ မ ပရာဇိတာ**

**သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ**

**သတ်ဗတ်ထ သွတ်ထိန် ဂစ်ဆန်တိ**

**တံ တေသံ မင်္ဂလ မုတ္တမံ။**

**တံ တေသံ မင်ဂလ မုတ်တမံ။**

အိုနတ်သား...ဤဆိုခဲ့ပြီးသော မင်္ဂလာတရား ၃၈ ပါးတို့ကို လိုက်နာ ပြုကျင့်ကြကုန်သည်ရှိသော် (ထိုပြုကျင့်သူတို့သည်) ရန်သူဟူသမျှတို့အပေါ် ဝယ် ရှုံးနိမ့်ခြင်းမရှိဘဲ အောင်မြင်မှုရကြကုန်လျက် ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရကုန်၏။ ဆိုခဲ့ပြီးသောတရား ၃၈ ပါးသည် နတ် လူတို့အတွက် ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပေသည်။

# ရတနသုတ်ဝတ္ထု

တစ်ရံရောအခါ ဝေသာလီပြည်၌ မိုးခေါင်လေရာ အစာရေစာ ငတ်မွတ်သောကြောင့် ဆင်းရဲသော သူတို့သည် များစွာ သေဆုံးကြကုန်၏။ လူသေကောင်တို့ကို မြို့ပြင်၌ စွန့်ပစ်ထားကြရာ အပုပ်နံ့ရသဖြင့် ဘီလူးတို့သည် မြို့တွင်းသို့ဝင်၍ လူတို့ကို ဖမ်းဆီးနှိပ်စက်ကြကုန်၏။ ထိုအခါ လူတို့သည် ပိုမိုပျက်စီးကြကုန်၏။ ဤအတွင်း ကူးစက်ပြန့်ပွားသည့် အဟိဝါတရောဂါဟုခေါ်သော ပလိပ်ရောဂါကပ်လည်း ဆိုက်ရောက်ပြန်ရာ လူမျိုးပြုန်းလုမတတ် သေဆုံးပျက်စီးကြပြန်ကုန်၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် စုရုံးတိုင်ပင်ဆွေးနွေးကြကုန်၍ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေထိုင်မူသော မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားကာ ပင့်ကြကုန်၏။ မြတ်စွာဘုရားသည် ရတနသုတ်ကို ဟောတော်မူ၍ ဘေးကြီးသုံးပါး ငြိမ်းသွားမည်ကိုလည်းကောင်း၊ နှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်ကြမည်ကိုလည်းကောင်း၊ စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် ရတနသုတ်၏ အာနုဘော် ပျံ့နှံ့မည်ကိုလည်းကောင်း မြင်တော်မူ၍ ရဟန်းငါးရာနှင့်တကွ ဝေသာလီပြည်သို့ ကြွရောက်တော်မူလေ၏။

**စိတ်ကူးချိုချို**

ယင်းသို့ ကြွတော်မူရာ လမ်းခရီး၌ ဗိမ္ဗိသာရမင်းသည် ကြီးကျယ်ခမ်းနားစွာ ပူဇော်လျက် မိဖုရား မောင်းမမိဿံ ခြွေရံပရိသတ် မှူးမတ်ဗိုလ်ပါအပေါင်းနှင့်တကွ ကိုယ်တိုင်ကြပ်မတ်၍ လိုက်ပို့ဆောင်ရွက်လေ၏။ ဝေသာလီမင်းတို့ကလည်း ဗိမ္ဗိသာရမင်းထက် နှစ်ဆပူဇော်လျက် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုကြလေ၏။ ဝေသာလီမြေပေါ်သို့ မြတ်စွာဘုရားရှင် ခြေဖဝါးတော်ချမိလျှင်ပင် တိမ်လိပ်တိမ်ခဲတို့ဖြင့် တစ်ခဲနက် ထူထဲသော မိုးကြီးသည် လျှပ်စစ်လျှပ်ပန်းနွယ်များ ယှက်သန်းလျက် ထစ်ချုန်းမြည်ဟည်းကာ သည်းစွာ ရွာသွန်းချလေ၏။ မိုးရေစိုစွတ်လိုသူများ စိုစွတ်၍ မစိုစွတ်လိုသူများအား တစ်ပေါက်မျှ မစိုစွတ်သော ပေါက္ခရဝဿမိုးကြီး ဖြစ်လေ၏။ မိုးရေအလျဉ်တို့သည် တချို့နေရာများ၌ ဒူးဆစ်မျှလည်းကောင်း၊ ပေါင်လယ်မျှလည်းကောင်း၊ ခါးလယ်မျှလည်းကောင်း၊ လည်ပင်းမျှလည်းကောင်း ရှိကြကုန်၏။ ထိုမိုးရေအလျဉ်တို့သည် လူရိုး၊ လူသေကောင်တို့ကို ဆောင်ယူကာ ဂင်္ဂါမြစ်တွင်းသို့ စီးဆင်းပြေးဝင်ကြကုန်၏။ ဝေသာလီမြေပြင်တစ်ခုလုံး စင်ကြယ်သန့်ရှင်းသွားလေတော့၏။

ဝေသာလီမြို့သို့ မြတ်စွာဘုရား ကြွရောက်တော်မူသောအခါ သိကြားမင်း အမှူးရှိသော တန်ခိုးကြီးသောနတ်များသည်လည်းကောင်း၊ အခြားသောနတ်ဗြဟ္မာများသည်လည်းကောင်း စည်းဝေးရောက်လာကြကုန်၏။ ထိုအခါဝေသာလီပြည်၌ ဖမ်းစားနှောင့်ယှက်နေကြသော ဘီလူးတို့သည် အများအားဖြင့် ထွက်ပြေးတိမ်းရှောင်နေကြကုန်၏။

မြတ်စွာဘုရားသည် ဝေသာလီမြို့တော်တံခါးသို့ ရောက်တော်မူသောအခါ အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေးတော်မူပြီးလျှင် လိစ္ဆဝီမင်းသားတို့နှင့်တကွ မြို့ရိုးသုံးခုတို့၏အကြား၌ ရွတ်ရန် မိန့်တော်မူလေ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ်တော်ကို ပရိတ်ရေအပြည့်ထည့်၍ ယူဆောင်ပြီးလျှင် ဘုရားဆုကို ပန်တော်မူသည်မှစ၍ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး အစရှိသော ဘုရားဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့ပြီးနောက် ဝေသာလီမြို့ရိုးသုံးခုတို့၏အကြား၌ ညဉ့်ဦးယံပတ်လုံး ရတနသုတ်ကို ရွတ်တော်မူ၏။

**'ယာနီဓ ဘူတာနိ'** ဂါထာကို ရွတ်သည်မှစ၍ အထက်သို့ပက်သော ရေပေါက်တို့သည် ဦးစိုက်ပန်းအလား ကောင်းကင်ဖြင့်သွား၍ သူနာတို့

၏ကိုယ်ပေါ်၌ ကျရောက်လေ၏။ ရေပေါက်ကျသည့်ခဏ၌ပင် အနာရောဂါ ပျောက်ကင်းငြိမ်းသဖြင့် သူနာအပေါင်းတို့သည် အိပ်ရာနေရာ အိမ်မှထွက် လာကြကာ အရှင်အာနန္ဒာကို ခြံရံလျက် နေကြကုန်၏။

**'ယံကိဉ္စိ ဝိတ္တံ'**ဂါထာကို ရွတ်သည်မှစ၍ အထက်သို့ပက်သော ရေ ပေါက်တို့သည် ဘီလူးတို့၏ကိုယ်ပေါ်သို့ ကျရောက်ကုန်၏။ တန်ခိုးကြီး သော နတ်များ ရောက်လာစဉ်က မပြေးဘဲ အမှိုက်ပုံ၊ နံရံ စသည်တို့၌ ခိုကပ်ပုန်းအောင်းနေကြသော ဘီလူးတို့သည် ပြင်းစွာ ကြောက်လန့်၍ နိုးရာ မြို့တံခါးမှ ပြေးလွှားထွက်ပြေးကြကုန်၏။ မြို့တံခါးလေးပေါက်တို့၌ ဘီလူးများပြည့်ကျပ်နေရာ အချို့ဘီလူးတို့သည် မြို့ရိုးကို ချိုးဖောက် ဖျက် ဆီးလျက် ထွက်ပြေးကြကုန်၏။ ဘီလူးများ ထွက်ပြေးကြသောအခါ လူ အများတို့သည် အနာရောဂါမှ ကင်းရှင်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီမြို့လယ်ကောင် လွှတ်ရုံးခန်းမ ဆောင်၌ ဝေသာလီပြည်သူပြည်သား ဗိုလ်လူအများနှင့်တကွ နတ်သိကြား၊ ဗြဟ္မာတို့အား ရတနသုတ်ကို ဟောကြားတော်မူရာ ရှစ်သောင်းလေးထောင် သော သတ္တဝါတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ရ၍ ကျွတ်တမ်းဝင်ကြကုန်၏။ ထိုအခါ သိကြားမင်းက မြတ်စွာဘုရားသည် ရတနာသုံးပါး ဂုဏ်ကျေးဇူးဖြင့် သစ္စာဆို၍ တိုင်းသူပြည်သား ဗိုလ်လူအပေါင်း ချမ်းသာအောင် ပြုတော်မူ ခဲ့လေပြီ။ ငါသည်လည်း တိုင်းသူပြည်သား ဗိုလ်လူအပေါင်း ချမ်းသာအောင် ရတနာသုံးပါးဂုဏ်ကျေးဇူးဖြင့် တစ်ခုခုရွတ်ဆိုရလျှင်ကောင်းမည်ဟု အကြံ ဖြစ်ပြီးလျှင် ရတနသုတ်၏အဆုံး **'ယာနီဓဘူတာနိ'** သုံးဂါထာကို ရွတ်ဆို လေသည်။ ယင်းသို့ ရွတ်ဆိုပြီးသောအခါ သိကြားမင်းသည် မြတ်စွာဘုရား အား လက်ယာရစ် လှည့်လည်ရှိခိုးပြီးလျှင် နတ်ပရိသတ်နှင့်တကွ ပြန် လေ၏။

ထိုနေ့မှစ၍ ခုနစ်ရက်တိုင်အောင် မြတ်စွာဘုရားသည် ရတနသုတ်ကို နေ့စဉ်နေ့တိုင်း ဟောတော်မူလေသည်။ ရတနသုတ်ကို ဟောပြီးတိုင်း ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် ကျွတ်တမ်းဝင်ကြကုန်၏။ ခုနစ်ရက်တိုင်သောအခါ အားလုံးပေါင်း ငါးသိန်းရှစ်သောင်းရှစ်ထောင်သော သတ္တဝါတို့သည် ကျွတ်တမ်းဝင်ကြကုန်၏။ ထိုအခါမှစ၍ ဝေသာလီပြည် သည် အစာငတ်မွတ်ခြင်းဘေး၊ ဘီလူးဘေး၊ အနာရောဂါဘေးတို့မှ ကင်း

ဝေး၍ အေးချမ်းသာယာ စည်ပင်ဝပြောလေသတည်း။ ဤသုတ်သည် ရတနာသုံးပါး ဂုဏ်တော်တို့ဖြင့် သစ္စာဆိုသောကြောင့် ရတနသုတ်ဟု ခေါ်တွင်၏။ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့မှ ကာကွယ်နိုင်သော အစွမ်းရှိတော်မူ၏။

*ဘယာဥပဒ်၊ သတ်ဖြတ်ခန္ဓာ*
*ဒုဗ္ဘိက္ခာနှင့်၊ ရောဂါပျက်စီး*
*မှုကြီးတွေရာ၊ တွေ့ရောက်လာသော်*
*ယာနီဓဘူတ၊ ရတနဟု*
*တေဇလျှံထိပ်၊ သုတ်ပရိတ်ကို*
*စိတ်သစ္စာပြု၊ ရွတ်မှုမှန်စွာ သုံးကြိမ်ခါတည်း။*

(၂)

# ရတနသုတ်

## ရတနသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ရတနသုတ်တော်တွင် ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ) ဂုဏ်တော်များကို အာရုံပြုလျက် သတ္တဝါအပေါင်းဘေးရန်ကင်းဝေး၍ ချမ်းသာကြစေရန် သစ္စာပြုပုံကို ဟောကြားထားသည်။ ရတနသုတ်ကို ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ မကောင်းဆိုးဝါး (ဘီလူး၊သရဲ) ဘေး၊ ရောဂါဘယဘေးတို့နှင့် တွေ့ကြုံသောအခါများတွင် ရွတ်ဖတ်ကြသည်။ ရတနသုတ်ကို အမြဲရွတ်ဖတ်ခြင်းကြောင့် အထက်ပါ ကပ်ကြီးသုံးပါးနှင့် မကြုံတွေ့နိုင်ပေ။

၁။ **ပဏိဓာနတော ပဋ္ဌာယ**

**ပဏီဓာနတော ပတ်ထာယ**

**တထာဂတဿ ဒသ ပါရမိယော**

**တထာဂတတ်သ ဒသ ပါရမိယော**

ဒသ ဥပ ပါရမိယော
ဒသ အုပ ပါရမီယော
ဒသ ပရမတ္ထ ပါရမိယော တိ
ဒသ ပရမတ်ထ ပါရမီယောတိ
သမတိံသ ပါရမိယော
သမတိန်သ ပါရမီယော
ပဉ္စ မဟာ ပရိစ္စာဂေ
ပင်စ မဟာ ပရိတ်စာဂေ
လောကတ္ထ စရိယံ ဉာတတ္ထစရိယ
လောကတ်ထ စရိယံ ညာတတ်ထ စရိယံ
ဗုဒ္ဓတ္ထ စရိယန္တိ
ဗုတ်ဓတ်ထ စရိယန်တိ
တိဿော စရိယာ ယော
တိတ်သော စရိယာ ယော
ပစ္ဆိမ ဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ပစ်ဆိမ ဘဝေ ဂတ်ဘ ဝေါက်ကန်တိန်
ဇာတိံ အဘိနိက္ခမနံ
ဇာတိန် အဘိနိတ်ခမနံ
ပဓာနစရိယံ ဗောဓိ ပလ္လင်္ကေ
ပဓာနစရိယံ ဗောဓိ ပန်လင်ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
မာရဝိဇယံ သပ်ဗင်ညုတင် ညာနပ်ပတိဝေဓံ
ဓမ္မ စက္ကပ္ပဝတ္တနံ နဝ လောကုတ္တရ ဓမ္မေဟိ
ဓမ်မ စက်ကပ် ပဝတ်တနံ, နဝ လောကုတ်တရဓမ်မေဟိ
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
သပ်ဗေပိ မေ ဗုတ်ဓဂုနေ အာဝစ်ဇေတွါ
ဝေသာလိယာ တီသု ပါကာရန္တ ရေသု
ဝေသာလိယာ တီသု ပါကာရန်တ ရေသု

**တိယာမရတ္တိံ ပရိတ္တံ ကရောန္တော**
**တိယာမ ရတ်တိန် ပရိတ်ကံ ကရွန်တော**
**အာယသ္မာ အာနန္ဒတ္ထေရော ဝိယ**
**အာယတ်သမာ အာနန်ဒတ်ထေရော ဝိယ**
**ကာရုည စိတ္တံ ဥပဋ္ဌပေတွာ**
**ကာရုန်ည စိတ်တံ အုပတ်ထပစ်တဝ်။**

## ရတနသုတ်အဖွင့်

အို...သူတော်ကောင်းအပေါင်းတို့၊ ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဘုရားဆုကို ပန်ဆင်သည်မှစ၍...

- မြတ်စွာဘုရား၏ ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထ ပါရမီဆယ်ပါး ဟူသော ပါရမီတော်အမျှ သုံးဆယ်တို့ကို ဖြည့်ကျင့်ခြင်း။
- စွန့်ခြင်းကြီးငါးပါးကို စွန့်လွှတ်ခြင်း။
- သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ကျင့်ခြင်း၊ ဆွေမျိုးတို့၏ အကျိုးစီးပွားအတွက် ကျင့်ခြင်း၊ ဘုရားဖြစ်ရန်အတွက် ကျင့်ခြင်း ဟူသော စရိယာအကျင့်သုံးပါးကို ကျင့်ခြင်း။
- ဘုရားဖြစ်သည့် နောက်ဆုံးဘဝ၌ ပဋိသန္ဓေနေခြင်း၊ ဖွားမြင်ခြင်း၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာအကျင့်ကို ကျင့်ခြင်း။
- ဗောဓိညောင်ပင်အောက်ရှိ ပလ္လင်တော်ထက်၌ မာရ်ငါးပါးကို အောင်မြင်ခြင်း။
- သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်ခြင်း။
- ဓမ္မစကြာတရား ဟောကြားခြင်း။
- ကိုးပါးသောလောကုတ္တရာတရား။

ဟူသော ဤဗုဒ္ဓ၏ဂုဏ်တော်အားလုံးကို ဆင်ခြင်၍ ရှင်အာနန္ဒာမထေရ်သည် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားတို့၌ ပရိတ်အရံအတားကို ပြုဘိသကဲ့သို့၊ ထို့အတူ ကျွန်ုပ်တို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာသော ကရုဏာစိတ်ကို ဖြစ်ကြစေကုန်၍ ရတနသုတ်ပရိတ်တော်ကို ယခု ရွတ်ဆိုကြပါကုန်စို့။

၂။ ကောဋိသတ သဟဿေသု
ကောတိသတ သဟတ်သေသု
စက္က ဝါဠေသု ဒေဝတာ
စက်က ဝါလေသု ဒေဝတာ
ယဿာဏံ ပဋိဂ္ဂဏှန္တိ
ယတ်သာနံ ပတိတ်ဂန် နှန်တိ
ယဉ္စ ဝေသာလိယာ ပုရေ
ယင်စ ဝေသာလိယာ ပုရေ

၃။ ရောဂါ မနုဿ ဒုဗ္ဘိက္ခ
ရောဂါ မနုတ်သ ဒုတ်ဘိတ်ခ
သမ္ဘူတံ တိဝိဓံ ဘယံ
သမ်ဘူတံ တိဝိဓံ ဘယံ
ခိပ္ပ မန္တရ ဓာပေသိ
ခိပ်ပ မန်တရ ဓာပေသိ
ပရိတ္တံ တံ ဘဏာမ ဟေ။
ပရိတ်တံ တံ ဘဏာမ ဟေ။

ထိုရတနသုတ် ပရိတ်တော်၏ အမိန့်အာဏာကို ကုဋေတစ်သိန်းသော စကြာဝဠာတို့၌ နေကြကုန်သော နတ်တို့သည်ပင် ခံယူကြရပါသည်။ ထိုရတနသုတ်ပရိတ်တော်သည် ရှေးအခါက ဝေသာလီပြည်၌ အနာရောဂါ စွဲကပ်ခြင်း၊ ဘီလူး၊ သားရဲတို့ နှောင့်ယှက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း တို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်သုံးမျိုးကိုပင် လျင်မြန်စွာ ကင်းပျောက်စေခဲ့ပါသည်။

၄။ ယာနီဓ ဘူတာနိ သမာဂတာနိ
ယာနီဓ ဘူတာနိ သမာ ဂတာနိ
ဘုမ္မာနိဝါ ယာနိ ဝ အန္တလိက္ခေ
ဘုမ်မာနိ ဝါ ယာနိဝ အန်တလိပ်ခေ

**သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု**
သဗ်ဗေဝ ဘူတာ သုမနာ ဘဝန်တု
**အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ**
အထောပိ သက်ကစ်စ သုနန်တု ဘာသိတံ။

## နတ်တို့အား တိုက်တွန်းပုံ

ဤအရပ်၌ စည်းဝေး ရောက်လာကြသည့် မြေပြင်၌တည်သောနတ်၊ ကောင်းကင်၌တည်သောနတ် အားလုံးတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြပါကုန်လော့။ ထို့ပြင် မြတ်စွာဘုရား ဟောကြားသော တရားကိုလည်း ရိုသေလေးစားစွာ နာယူကြပါကုန်လော့။

၅။ **တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ**
တပ်သမာ ဟိ ဘူတာ နိသာမေထ သပ်ဗေ
**မေတ္တံ ကရောထ မာနုသိယာ ပဇာယ**
မစ်တံ ကရောထ မာနုသိယာပဇာယ
**ဒိဝါစ ရတ္တော စ ဟရန္တိ ယေ ဗလိံ**
ဒိဝါ စ ရတ်တော စ ဟရန်တိ ယေ ဗလိန်
**တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ**
တတ်သမာ ဟိ နေ ရက်ခထ အပ်ပမတ်တာ။

တရားနာရန် စုဝေးလာကြကုန်သော အို နတ်အပေါင်းတို့၊ သင်တို့အားလုံး နားစိုက်ကြပါကုန်လော့။ လူသားတို့အပေါ်၌ မေတ္တာစိတ်ကို ပွားများကြကုန်လော့။ လူတို့သည် နေ့အချိန်၌လည်းကောင်း၊ ညအချိန်၌လည်းကောင်း ပူဇော်ပသဖွယ်ပစ္စည်းများကို ယူဆောင်လာပြီး သင်တို့နတ်ကို ပူဇော်လေ့ရှိကြပေသည်။ ထို့ကြောင့် သင်နတ်တို့သည် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြကုန်ပါလော့။

၆။ **ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ**
ယံ ကိန်စိ ဝိတ်တံ အိဓ ဝါ ဟုရံဝါ

**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ**
သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ
**န နော သမံ အတ္ထိ တထာဂတေန**
နနောသမံ အတ်ထိ တထာဂတေန
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ**
အိဒမ်ပိ ဗုတ်ဓေ ရတနံ ပဏီတံ
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

## ရတနာသုံးပါးဂုဏ်ဖြင့် သစ္စာပြုပုံ

ဤလူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ရှိသည့် ကောင်းမြတ်သော ရတနာဟူသမျှတို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာသည် မရှိပေ။ မြတ်စွာဘုရားသည်သာ မြတ်သော ရတနာစစ်စစ် ဖြစ်ပေ၏။ ဤမှန်သောသစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၇။ **ခယံ ဝိရာဂံ အမတံ ပဏီတံ**
ခယံ ဝိရာဂံ အမတံ ပဏီတံ
**ယဒဇ္ဈဂါ သကျမုနီ သမာဟိတော**
ယဒစ်ဇျဂါ သက်ကျမုနီ သမာဟိတော
**န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ**
န တေန ဓမ်မေန သမတ်ထိ ကိန်စိ
**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ**
အိဒမ်ပိ ဓမ်မေ ရတနံ ပဏီတံ
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

တည်ကြည်သောစိတ်ရှိသော မြတ်စွာဘုရားသည် ကိလေသာကုန်ခန်း၍ တပ်မက်ခြင်းကင်းရာဖြစ်သော အကြင် အမြိုက်နိဗ္ဗာန်ကို ရတော်မူခဲ့၏။ ထိုအမြိုက်နိဗ္ဗာန်နှင့်တူသော တရားကား တစ်စုံတစ်ခုမျှ မရှိပေ။ ဤအမြိုက်

တရားသည် မွန်မြတ်သော ရတနာစစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကား ကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၈။ **ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ**
ယံ ဗုတ်ဓ သစ်ထော ပရိဝန်နယီ သုစိန်
**သမာဓိ မာနန္တရိကညု မာဟု**
သမာဓိ မာနန်တရိကင်ညု မာဟု
**သမာဓိနာ တေန သမော န ဝိဇ္ဇတိ**
သမာဓိနာ တေန သမောန ဝိတ်ဇတိ
**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ**
အိဒမ်ပိ ဓမ်မေ ရတနံ ပဏီတံ
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

မြတ်စွာဘုရားသည် ကိလေသာကင်းစင်သော အရိယာသမာဓိကို အမျိုးမျိုးချီးမွမ်းတော်မူ၏။ ထိုသမာဓိကို မိမိ၏ အခြားမဲ့၌ အကျိုးပေး တတ်သော သမာဓိဟူ၍လည်း မြတ်စွာဘုရားတို့ မိန့်ကြားတော်မူကုန်၏။ ထိုအရိယာသမာဓိနှင့်တူသော အခြားသမာဓိကား မရှိချေ။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၉။ **ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ**
ယေ ပုတ်ဂလာ အတ်ထ သတံ ပသတ်ထာ
**စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ**
စတ်တာရိ အေတာနိ ယုဂါနိ ဟွန်တိ
**တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ**
တေ ဒက်ခိနေယျာ သုဂတတ်သ သာဝကာ
**ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ**
အေတေသု ဒိန်နာနိ မဟပ်ဖလာနိ
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**
အိဒမ်ပိ သံဃေ ရတနံ ပဏီတံ

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**

**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

သူတော်ကောင်းတို့… ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်အရေအတွက်အားဖြင့် ရှစ်ယောက်၊ အစုံလိုက်အားဖြင့် လေးစုံ ဖြစ်ကုန်၏။ မြတ်စွာဘုရား၏တပည့်ဖြစ်သော ထိုပုဂ္ဂိုလ်တို့သည် မြတ်သောအလှူကို ခံယူတော်မူထိုက်သူများ ဖြစ်ကုန်၏။ ဤပုဂ္ဂိုလ်တို့၌ လှူအပ်သော အလှူတို့သည် များသောအကျိုးရှိကုန်၏။ ဤအရိယာပုဂ္ဂိုလ်အပေါင်းသည် မြတ်သောရတနာစစ်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်းဖြစ်ပါစေ။

**၁၀။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန**

**ယေ သုပ်ပယုတ်တာ မနသာ ဒန်လှေန**

**နိက္ကာမိနော ဂေါတမ သာသနမှိ**

**နိတ်ကာမိနော ဂေါ်တမ သာသနမ်မှိ**

**တေ ပတ္တိပတ္တာ အမတံ ဝိဂယှ**

**တေ ပတ်တိပတ်တာ အ–မတံ ဝိဂယ်ယှ**

**လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ**

**လတ်ဓာ မုဓာ နိတ်ဗုတိန် ဘုန်ဇမာနာ**

**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**

**အိဒံမ်ပိ သံဃေ ရတနံ ပဏီတံ**

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**

**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

အကြင်ပုဂ္ဂိုလ်တို့သည် ဂေါတမမြတ်စွာဘုရား၏ သာသနာ၌ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် လွန်စွာကြိုးစားအားထုတ်ကုန်သည်ဖြစ်၍ ကိလေသာတို့မှ ထွက်မြောက်ကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ အမြိုက်နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သက်ဝင်ပြီး ရုပ်၊ နာမ်၊ သင်္ခါရ ငြိမ်းအေးမှုကို အလိုရှိတိုင်း ခံစားလျက် နေနိုင်ကြကုန်၏။ ဤအရိယာသံဃာအပေါင်းသည်လည်း မွန်မြတ်သော ရတနာစစ်စစ် ဖြစ်

ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

**၁၁။ ယထိန္ဒခီလော ပထဝိသိတော သိယာ**

ယထိန်ဒ ခီ လော ပထဝိတ်သိတော သိယာ

**စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော**

စတုတ်ဘိ ဝါတေဟိ အသမ်ပကမ်ပိယော

**တထူပမံ သပ္ပုရိသံ ဝဒါမိ**

တထူပမံ သပ်ပုရိသံ ဝဒါမိ

**ယော အရိယ သစ္စာနိ အဝေစ္စ ပဿတိ**

ယော အရိယ သစ်စာနိ အဝစ်စ ပတ်သတိ

**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**

အိဒမ်ပိ သံဃေ ရတနံ ပဏီတံ

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**

ဧတေန သစ်စေန သုဝတ်ထိ ဟောတု။

မြေကြီးထဲ၌ ခိုင်မြဲစွာစိုက်ထားသော တံခါးတိုင်ကြီးကို အရပ်လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းတို့သည် လှုပ်ရှားစေခြင်းငှာ မတတ်ကောင်းသကဲ့သို့ အရိယသစ္စာလေးပါးကို ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်သော အရိယာပုဂ္ဂိုလ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား မိန့်တော်မူ၏။ ဤအရိယာသံဃာအပေါင်းသည်လည်း မွန်မြတ်သော ရတနာစစ်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

**၁၂။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ**

ယေ အရိယ သစ်စာနိ ဝိဘာဝယန်တိ

**ဂမ္ဘီရ ပညေန သုဒေသိတာနိ**

ဂမ်ဘီရ ပင်ညေန သုဒေသိတာနိ

**ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ**

ကိန်စာပိ တေ ဟွန်တိ ဘုသံ ပမတ်တာ

**န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ**
**န တေ ဘဝံ အတ်ထမ မာဒိယန်တိ**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**
**အိဒမ်ပိ သံဃေ ရတနံ ပဏီတံ**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**
**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

နက်နဲသောဉာဏ်ရှိသည့် မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော အရိယသစ္စာလေးပါးတို့ကို ထင်ရှားသိမြင်သော (သောတာပန်) အရိယာပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာဖြင့် လွန်စွာမေ့လျော့ကြစေကာမူ ရှစ်ခုမြောက်သော ဘဝကို ယူရိုးမရှိကြတော့ပေ။ ဤအရိယာသံဃာအပေါင်းတို့သည်လည်း မွန်မြတ်သော ရတနာစစ်စစ် ဖြစ်ပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

**၁၃။ သဟာဝဿ ဒဿန သမ္ပဒါယ**
**သဟာဝတ်သ ဒတ်သန သမ်ပဒါယ**
**တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ**
**တယတ်သု ဓမ်မာ ဇဟိတာ ဘဝန်တိ**
**သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ**
**သက်ကာယ ဒိတ်ထိ ဝိစိကိတ်ဆိတင်စ**
**သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ**
**သီလပ်ဗတံ ဝါပိ ယဒတ်ထိ ကိန်စိ**

ထိုအရိယာပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို ထင်ရှားသိမြင်သော သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော ကိလေသာ သုံးပါးကို ပယ်ရှားအပ်ပြီး ဖြစ်လေသည်။ ထိုသောတာပန်အရိယာပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံတို့မှလည်း လွတ်မြောက်ပြီးသူဖြစ်၏။ ကြီးလေးသော အပြစ်ခြောက်ပါးတို့ကိုလည်း ပြုလုပ်ရန် မထိုက်တော့ချေ။ ဤအရိယာသံဃာအပေါင်းသည်လည်း မွန်မြတ်သော ရတနာစစ်စစ် ဖြစ်လေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာခြင်း ဖြစ်ပါစေ။

၁၄။ စတူဟာ ပါယေဟိ စ ဝိပ္ပမုတ္တော
ခတူဟာ ပါယေဟိ ခဝိပ်–ပမုတ်တော
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗ ကာတုံ
ဆစ်စာဘိ ဌာနာနိ အဘာဗ်ဗကာတုံ
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
အိဒမ်ပိ သံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

ထိုသောတာပန်ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော ကိလေသာဝဋ္ဋာရှား ရှိသေးသော်ငြားလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပယ်လေးဘုံတို့မှ ကင်းလွတ်တော်မူလေပြီ။ အနန္တရိယ ကံကြီးငါးပါး တိတ္ထိတို့ကို ဆရာဟူ၍ ညွှန်ပြမှု၊ ဤခြောက်ပါးသော ရန့်ရင်းကြမ်းတမ်းမှုတို့ ကိုလည်း ချွတ်ချော်မှားယွင်းပြုလုပ်ခြင်းငှာ မထိုက်၊ ဤသောတာပန် သံဃာတော်မြတ်သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်း မြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေ သတည်း။

၁၅။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ
ကိန်စာပိ သော ကမ်မကရောတိ ပါပကံ
ကာယေန ဝါစာ ဥဒ စေတသာ ဝါ
ကာယေန ဝါစာ အုဒ စေတသာဝါ
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ
အ–ဘပ်ဗ သော တတ်သ ပတိတ်ဆဒါယ
အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ
အ ဘပ်ဗတာဒိတ်ထ ပဒတ်သ ဝုတ်တာ
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
အိဒမ်ပိ သံဃေ ရတနံ ပဏီတံ

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**

**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

သောတာပန်ပုဂ္ဂိုလ်တို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုကို အကယ်၍ ပြုမိစေကာမူ ထိုပြုပြီးသော မကောင်းမှုကို သိုဝှက်ဖုံးလွှမ်းခြင်းငှာ မထိုက်။ နိဗ္ဗာန်ကို မဂ်ဖြင့် မြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်အား မိမိပြုလုပ်သည့် မကောင်းမှုကို သိုဝှက်ဖုံးလွှမ်းခြင်းငှာမထိုက်သော အဖြစ်ကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤသောတာပန် သံဃာတော်မြတ်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သောရတနာကြီး ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၆။ **ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ**

ဝနပ် – ပဂုံဗေ ယထ ဖုတ်သိတဂ်ဂေ

**ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ**

ဂိန်မှာန မာသေ ပထမတ်သမိန် ဂိန်မှေ

**တထူပမံ ဓမ္မဝရံ အဒေသယိ**

တထူပမံ ဓမ်မဝရံ အဒေသယိ

**နိဗ္ဗာနဂါမိံ ပရမံ ဟိတာ ယ**

နိတ်ဗာနဂါမိန် ပရမံ ဟိတာယ

**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ**

အိဒမ်ပိ ဗုတ်ဓေ ရတနံ ပဏီတံ

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

နွေလေးလတို့တွင် ရှေးဦးစွာလဖြစ်သော တန်ခူးလ၌ ဖူးပွင့်စည်ကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော တောအုပ်ကြီးသည် ရွှန်းရွှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှသော နိဗ္ဗာန် ရောက်ကြောင်း ပရိယတ္တိတရားတော်မြတ်ကို လောကုတ္တရာစီးပွားအလို့ငှာ

မြတ်စွာဘုရား ဟောကြားတော်မူလေပြီ။ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၁၇။ ဝရော ဝရညူ ဝရဒေါ ဝရာ ဟရော**
ဝရော ဝရင်ညူ ဝရဒေါဝရာ ဟရော
**အနုတ္တရော ဓမ္မဝရံ အဒေသယိ**
အနုတ်တရော ဓမ်မ ဝရံ အဒေသယိ
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ**
အိဒမ်ပိ ဗုတ်ဓေ ရတနံ ပဏီတံ
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

စကြဝဠာတိုက်တိုင်း စံနိုင်းမည့်သူ တစ်လူမထား ငါတို့ဆရာမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရသဖြင့် ထူးမြတ်တော်မူ၏။ မြတ်သော နိဗ္ဗာန်ကို သိမြင်တော်မူ၏။ မြတ်သောနိဗ္ဗာန်ကို ပေးဝေတော်မူ၏။ မြတ်သော အကျိုးစီးပွားကို ဆောင်တော်မူ၏။ မြတ်သော လောကုတ္တရာတရားကိုးပါးကို ဟောကြားတော်မူ၏။ ဤငါတို့ဆရာ မြတ်စွာဘုရားသည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၁၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ**
ခီဏံ ပုရာဏံ နဝ နတ်ထိ သမ်ဘဝံ
**ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ**
ဝိရတ်တ စိတ်တာ ယတိကေ ဘဝတ်သမိန်
**တေ ခီဏ ဗီဇာ အဝိရုဠှိဆန္ဒာ**
တေ ခီဏ ဗီဇာ အ–ဝိရုန်လှိ ဆန်ဒါ
**နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ**
နိတ်ဗန်တိ ဓီရာ ယထာယံ ပဒီပေါ

**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**

**အိဒမ်ပိ သံဃေ ရတနံ ပဏီတံ**

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**

**အေတေန သစ်စေန သုဝတ်ထိ ဟောတု။**

ရဟန္တာပုဂ္ဂိုလ်တို့အား ဘဝသံသရာက ပြုခဲ့သမျှသော ကုသိုလ် အကုသိုလ်ကံဟောင်းသည် ကုန်ဆုံးတော်မူလေပြီ။ အသစ်တစ်ဖန် ဖြစ်ပြန်သော ကုသိုလ် အကုသိုလ်ကံလည်းမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လာလတ္တံ့သော ဘဝ၌ တပ်မက်ခြင်းကင်းသောစိတ် ရှိတော်မူကုန်၏။ ပဋိသန္ဓေ မျိုးစေ့လည်း ကုန်ခန်းတော်မူကုန်၏။ ဘဝသစ်၌ မဖြစ်ပြန်လိုသော ဆန္ဒလည်း ရှိတော်မူကြကုန်၏။ သမာဓိရင့်သန်၊ ပညာဉာဏ်လည်း ရှိတော်မူကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဤဆီမီး ငြိမ်းသေလေသကဲ့သို့ ခန္ဓာလက်စ ကုန်ဆုံးကြသဖြင့် အငြိမ်းကြီးငြိမ်းတော်မူကြလေကုန်၏။ ဤရဟန္တာ သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သောရတနာကြီး ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၁၉။ ယာနီဓ ဘူတာနိ သမာဂတာနိ**

**ယာနီဓ ဘူတာနိ သမာဂတာနိ**

**ဘုမ္မာနိဝါ ယာနိ ဝ အန္တလိက္ခေ**

**ဘုမ်မာနိဝါ ယာနိ ဝ အန်တ လိတ်ခေ**

**တထာဂတံ ဒေဝ မနုဿ ပူဇိတံ**

**တထာဂတံ ဒေဝ မနုတ်သ ပူဇိတံ**

**ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု**

**ဗုတ်ဓံ နမတ်သာမ သုဝတ်ထိ ဟောတု။**

ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေ၌အုပ်စိုး တည်နေကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်း ကောင်း၊ ကောင်းကင်၌ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌ

အဆုံးတိုင်အောင်သော နတ်တို့သည်လည်းကောင်း ညီညာဖြဖြ စည်းဝေး ရောက်လာကြကုန်၏။ ထိုသို့ရောက်ကြကုန်သော ငါတို့ နတ်အပေါင်းသည် ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသောကြောင့် နတ်လူတို့သည် ပူဇော်အပ်သော မြတ်စွာဘုရားကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြ ပါကုန်၏။ ထိုသို့ရှိခိုးရသော အာနုဘော်ကြောင့် သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ**

ယာနီဓ ဘူတာနိ သမဂတာနိ

**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ**

ဘုမ်မာနိ ဝါ ယာနိ ဝ အန်တလိပ်ခေ

**တထာဂတံ ဒေဝ မနုဿ ပူဇိတံ**

တထာဂတံ ဒေဝ မနုတ်သ ပူဇိတံ

**ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု**

ဓမ်မံ နမတ်သာမ သုဝတ်ထိ ဟောတု။

ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေဦအုပ်စိုး တည်နေကြကုန် သော ဘုမ္မစိုး၊ ရုက္ခစိုး စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်း ကောင်း၊ ကောင်းကင်ဦ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်သော နတ်တို့သည်လည်းကောင်း ညီညာဖြဖြ စည်းဝေးလာ ရောက်ကြကုန်၏။ ထိုသို့လာရောက်ကြကုန်သော ငါတို့နတ်အပေါင်းသည် ကိလေသာကို ပယ်ခွါသော အခြင်းအရာရှိသောကြောင့် နတ်လူတို့သည် ပူဇော်အပ်သော တရားတော်မြတ်ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ကြပါကုန်၏။ ထိုသို့ရှိခိုးရသော အာနုဘော်ကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၂၁။ ယာနီဓ ဘူတာနိ သမာဂတာနိ**

ယာနီဓ ဘူတာနိ သမာဂတာနိ

**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ**

ဘုမ်မာနိ ဝါ ယာနိ ဝ အန်တလိတ်ခေ

**တထာဂတံ ဒေဝ မနုဿ ပူဇိတံ**

**တထာဂတံ ဒေဝ မနုဿ ပူဇိတံ**

**သံဃံ နမဿာမ သုဝတ္ထိ ဟောတု**

**သံဃံ နမဿာမ သုဝတ္ထိ ဟောတု။**

ဤပရိတ်တော် ရွတ်ဖတ်ရာအရပ်သို့ မြေ၌အုပ်စိုး တည်နေကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ အုပ်စိုးတည်နေကြကုန်သော ယာမာအစ အကနိဋ္ဌအဆုံးတိုင်အောင်သော နတ်တို့သည်လည်းကောင်း ညီညာဖြဖြ စည်းဝေးရောက်လာကြကုန်၏။ ထိုသို့ရောက်လာကြကုန်သော ငါတို့နတ်အပေါင်းသည် မိမိအကျိုး ပွားတိုးစိမ့်ငှာ ကောင်းစွာကျင့်တော်မူသောကြောင့် နတ်လူတို့သည် ပူဇော်အပ်သော အရိယာ သံဃာတော်မြတ်ကို ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကြကုန်ပါ၏။ ထိုသို့ ရှိခိုးရသော အာနုဘော်ကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

# မေတ္တာသုတ်ဝတ္ထု

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်း သင်ယူကြပြီးလျှင် တရားအားထုတ်ရန် နေရာရှာဖွေလျက် သွားကြသည်ရှိသော် သာဝတ္ထိပြည်မှ ယူဇနာတစ်ရာဝေးကွာသောအရပ်၌ အိမ်ခြေတစ်ထောင်ရှိသော ရွာတစ်ရွာသို့ ရောက်ကြလေ၏။ ထိုအခါ ရွာသူရွာသားတို့သည် ပစ္စည်းလေးပါးဒါယကာ ခံယူကြ၍ ရွာနှင့်မနီးမဝေး ဟိမဝန္တာနှင့် တစ်စပ်တည်းဖြစ်သော တောအုပ်ကြီးအတွင်း၌ တစ်ပါးစီနေလောက်သော ကျောင်းငယ် ငါးရာတို့ကို ဆောက်လုပ်လှူဒါန်းကြပြီးလျှင် ဆွမ်းတို့ဖြင့် လုပ်ကျွေးကြကုန်၏။

ရဟန်းတို့သည် သစ်တစ်ပင်စီအောက်၌ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ကြရာ ရဟန်းတို့၏ သီလတန်ခိုးကြောင့် ရုက္ခစိုးနတ်တို့သည် သစ်ပင်ပေါ်၌ မနေဝံ့ကြတော့ဘဲ အောက်သို့ဆင်းကာ ဆင်းရဲစွာဖြင့် လှည့်လည်နေကြရ၏။ တစ်ဆယ့်ငါးရက်မျှကြာလတ်သော် ဤရဟန်းများသည် ခေတ္တလာနေခြင်းမဟုတ်၊ ဝါဆိုကြလိမ့်မည်ဖြစ်ကြောင်း ရုက္ခစိုးနတ်တို့ သိရသောအခါ ရဟန်းများ ထွက်သွားလေအောင် နေ့သန့်ရာ၊ ညသန့်ရာ စင်္ကြံအစွန်း စသည်တို့၌ ထိတ်လန့်ဖွယ်ကောင်းသော ဦးခေါင်းပြတ်စသောအဆင်း၊ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးအသံ၊ စက်ဆုပ်ဖွယ်ကောင်းသော အပုပ်နံ့ စသည်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ခြောက်လှန့်ကြတုန်၏။

ရဟန်းတို့သည် စိတ်တည်ကြည်မှုမရသည့်အပြင် ချေဆတ်၊ ချောင်းဆိုး၊ ခေါင်းကိုက်၊ မူးဝေ စသည်ဖြင့် ကျန်းမာရေး ထိခိုက်လာသောအခါ ကမ္မဋ္ဌာန်းဘာဝနာ မပွားများနိုင်ကြဘဲ သာဝတ္ထိပြည်သို့ ပြန်ကြ၍ မြတ်စွာဘုရားအား တွေ့ကြုံရပုံ အလုံးစုံကို လျှောက်ထားကြပြီးလျှင် အခြားတစ်နေရာ၌ တရားအားထုတ်ဖို့ရန် ညွှန်ကြားတော်မူပါမည့်အကြောင်းကိုလည်း လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤရဟန်းတရားတို့နှင့်သင့်လျော်သော အခြားနေရာကို ကြည့်တော်မူရာ ညောင်စောင်းတစ်နေရာမျှလောက်ရှိသော အရပ်ကိုမျှပင် မမြင်ချေ။ ဤနေရာ၌သာလျှင် တရားထူးရကြလိမ့်မည်ဟု မြင်တော်မူ၏။ ထို့ကြောင့် ရဟန်းတို့အား ဤနေရာဟောင်း၌သာလျှင် ပြန်၍ ဝါဆိုကြရန်နှင့် မေတ္တာသုတ်ကို ရွတ်ကြရန် မိန့်တော်မူ၍ မေတ္တာသုတ်ကို သင်ကြားပေးတော်မူ၏။

ရဟန်းတို့လည်း ပြန်လာကြ၍ တောအုပ်အဝင်မှစပြီး မေတ္တာသုတ်ကို ရွတ်လာကြရာ ရက္ခစိုးနတ်တို့သည် ချစ်ခင်မြတ်နိုး ကြည်ညိုလာကြပြီးလျှင် ခရီးဦးကြိုဆိုကြကုန်၏။ ကျောင်းတလင်းတို့၌ တံမြက်စည်းလှည်းကြကုန်၏။ သောက်ရေ သုံးရေ ထည့်ထားကြကုန်၏။ ဘေးရန်မရှိအောင် စောင့်ရှောက်ကြကုန်၏။ ဤသို့ဖြင့် ရဟန်းငါးရာတို့သည် စိတ်ချမ်းသာစွာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်နိုင်ကြရာ ထိုဝါတွင်းမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူကြကုန်၏။

*ပူဆာနှလုံး၊ ပျက်ပြုန်းဥစ္စာ*
*လူတကာလည်း၊ မေတ္တာမပွား*
*ညှဉ်းဆဲများလျက်၊ အိပ်စက်မပျော်*
*ညှိုးရော်ကျဉ်းမြောင်း၊ မကောင်းအိပ်မက်*
*ဝိတက်ဗျာပါ၊ ရှိသောခါမူ*
*မေတ္တာပရိတ်၊ ကြံစိတ်ရွတ်နှုတ်*
*ခုနှစ်အုပ်တည်း။*

(၃)

# မေတ္တသုတ်

## မေတ္တသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

မေတ္တသုတ်တော်တွင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးကို ဖြောင့်မတ်ဖြူစင်စွာ ထားလျက် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာတရား ပွားများကြပုံကို ဟောကြားထားသည်။ မေတ္တသုတ်ကို မကောင်းဆိုးဝါး (ဘီလူး၊ သရဲ) အခြောက်အလှန့်ခံရသောအခါ၊ မလိုမုန်းထားသူ ပေါများသောအခါ၊ အိပ်မက်ဆိုး၊ အတိတ်ဆိုး၊ နိမိတ်ဆိုးများနှင့် ကြုံတွေ့ရသောအခါများတွင် ရွတ်ဖတ်ကြသည်။

မေတ္တသုတ်ကို အမြဲရွတ်ဖတ်ခြင်းကြောင့် အိပ်မက်ဆိုးများ မမြင်မက်ဘဲ ချမ်းသာစွာ အိပ်ရခြင်း၊ လူ နတ်အများ ချစ်ခင်ခြင်းနှင့် အဆိပ်လက်နက် မသင့်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေသည်။

**၁။ ယဿာ နုဘာဝတော ယက္ခာ**

**ယတ်သာနုဘာဝတော ယက်ခါ**

**နေ၀ ဒဿေန္တိ ဘီသနံ**
နေ၀ ဒတ်သင်တိ ဘီသနံ
**ယဉ္စိ စေ၀ါ နုယုဥ္ဇန္တော**
ယင်ညှိ စေ၀ါ – နုယုန်ဇန်တော
**ရတ္တိန္ဒိ၀ မ တန္ဒိတော**
ရတ်တိန်ဒိ၀ မတန်ဒိတော။

မေတ္တာသုတ် ပရိတ်တော်၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ဘီလူး ကြမ်းတို့သည် ကြောက်မက်ဖွယ်သော အဆင်း၊ အသံ အစရှိသော အာရုံ တို့ကို မပြဝံ့ မခြောက်ဝံ့ကြလေကုန်၏။ မေတ္တာသုတ်ပရိတ်တော်ကို ညဥ့် အခါ၌လည်းကောင်း၊ နေ့အခါ၌လည်းကောင်း မပျင်းမရိ လုံ့လပြု၍ ရွတ် ဖတ်သောသူသည်–

၂။ **သုခံ သုပတိ သုတ္တောစ**
သုခံ သုပတိ သုတ်တောစ
**ပါပံ ကိဉ္စိ န ပဿတိ**
ပါပံ ကိန်စိ န–ပတ်သတိ
**ဧ၀မာဒိ ဂုဏူပေတံ**
အေ၀မာဒိ ဂုဏူပေတံ
**ပရိတ္တံ တံ ဘဏာမ ဟေ**
ပရိတ်တံ တံ ဘဏာမ ဟေ။

ချမ်းသာစွာ အိပ်ရ၏။ အိပ်သော်လည်း မကောင်းသော အိပ်မက်ကို တစိုးတစိမျှ မမြင်မက်။ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံသော မေတ္တာသုတ်ပရိတ်တော်ကို အို…သူတော်ကောင်းအပေါင်းတို့၊ ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၃။ **ကရဏီယ မတ္တ ကုသလေန**
ကရဏီယ မတ်ထ ကုသလေန
**ယန္တ သန္တံ ပဒံ အဘိသမေစ္စ**
ယန်တ–သန်တံ–ပဒံ–အဘိသမစ်စ

**သက္ကော ဥဇူစ သုဟုဇူစ**

**သက်ကော အုဇူစ သုဟုဇူစ**

**သုဝစော စဿ မုဒု အနတိမာနီ**

**သုဝစော စတ်သ မုဒု အနတိမာနီ။**

လောကီလောကုတ္တရာ အကျိုးစီးပွား၌ လိမ္မာသောသူသည် ငြိမ်သက်အေးချမ်းသော နိဗ္ဗာန်ကို အာရုံပြု၍ ဤဆိုလတ္တံ့သော သူတော်ကောင်းနည်းလမ်းကို ကျင့်ကြံအားထုတ် ပြုလုပ်အပ်၏။ ကိုယ်နှင့် အသက်တို့ကို မငဲ့ကွက် မညှာတာ ပြုလုပ်ခြင်းငှာ စွမ်းနိုင်ရာ၏။ ကိုယ် နှုတ် နှစ်ပါး ရိုးသားဖြောင့်မတ်ရာ၏။ စိတ်သဘောထား ကောင်းစွာဖြောင့်မတ်ရာ၏။ ဆိုဆုံးမလွယ်ရာ၏။ နူးညံ့သိမ်မွေ့ရာ၏။ သူတစ်ပါးအပေါ် မော်ကြွားထောင်လွှားသော မာန်မာနမရှိရာ။

**၄။ သန္တုဿကော စ သုဘရော စ**

**သန်တုတ်သကော စ သုဘရော စ**

**အပ္ပကိစ္စော စ သလ္လဟုက ဝုတ္တိ**

**အပ်ပကိတ်စော စ သန်လဟုက ဝုတ်တိ**

**သန္တိန္ဒြိယော စ နိပကော စ**

**သန်တိန်ဒရိယော စ နိပကော စ**

**အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ**

**အပ်ပ–ဂတ်ဘော ကုလေသွ န နုဂိတ်ဓော။**

ရောင့်ရဲလွယ်ရာ၏။ မွေးမြူလွယ်ရာ၏။ နည်းပါးသော အမှုကိစ္စရှိရာ၏။ ပေါ့ပါးသော အသက်မွေးခြင်း ရှိရာ၏။ ငြိမ်သက်သော ဣန္ဒြေရှိရာ၏။ အရာရာ၌ ခွဲခြမ်းစိတ်ဖြာ ရဲရင့်သော ဉာဏ်ပညာရှိရာ၏။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး ရုန့်ရင်းကြမ်းတမ်းမှု မရှိရာ။ ဒါယကာတို့၌ တွယ်တာမက်မောမှု မရှိရ။

**၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ**

**န–စ– ခုတ်ဒ မာစရေကိန်စိ**

**ယေန ဝိညူ ပရေ ဥပဝဒေယျုံ**
ယေန ဝိန်ညူ ပရေ အုပ ဝဒေယျုံ
**သုခိနော ဝ ခေမိနော ဟောန္တု**
သုခိနော ဝ ခေမိနော ဟွန်တု
**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**
သဗ်ဗသတ်တာ ဘဝန်တု သုခိတတ်တာ။

ပညာရှိတို့ ကဲ့ရဲ့ရှုတ်ချအပ်သော တစ်စုံတစ်ခုသော မကောင်းမှုကို အနည်းငယ်မျှသော်လည်း မပြုလုပ်ရာ။ ခပ်သိမ်းသော သတ္တဝါတို့သည် ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကုန်သတည်း။ စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေသတည်း။ ဘေးရန်ဥပဒ္ဒဝေါ မရှိကြပါစေကုန်သတည်း။

၆။ **ယေ ကေစိ ပါဏ–ဘူတတ္ထိ**
ယေ ကေစိ ပါဏ–ဘူတတ်ထိ
**တသာ ဝါ ထာဝရာဝ နဝသေသာ**
တသာ ဝါ ထာဝရာဝ နဝ သေသာ
**ဒီဃာ ဝါ ယေဝ မဟန္တာ**
ဒီဃာ ဝါ ယေဝ မဟန်တာ
**မဇ္ဈိမာ ရဿကာ အဏုက ထူလာ**
မဇ်ဈိမာ ရတ်သကာ အဏုက ထူလာ။

၇။ **ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ**
ဒိတ်ထာ ဝါ ယေဝ အ–ဒိတ်ထာ
**ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ**
ယေဝ ဒူရေ ဝသန်တိ–အ–ဝိဒူရေ
**ဘူတာ ဝ သမ္ဘဝေသီ ဝ**
ဘူတာဝ သမ်ဘဝေသီ ဝ
**သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ**
သဗ်ဗသတ်တာ ဘဝန်တု သုခိတတ်တာ။

အကြွင်းမရှိ အလုံးစုံ ထွက်သက် ဝင်သက်ရှိသောသတ္တဝါ၊ ထင်ရှားရှိသော သတ္တဝါ၊ ထိတ်လန့်တတ်သောသတ္တဝါ၊ တည်ကြည်ငြိမ်သက်သောသတ္တဝါ၊ ရှည်သောသတ္တဝါ၊ တိုသော (ပုကွသော) သတ္တဝါ၊ မတိုမရှည်သောသတ္တဝါ၊ ကြီးသောသတ္တဝါ၊ ငယ်သောသတ္တဝါ၊ မကြီးမငယ်သောသတ္တဝါ၊ ဆူသောသတ္တဝါ၊ ကြုံသောသတ္တဝါ၊ မဆူမကြုံသောသတ္တဝါ။

မျက်စိဖြင့် မြင်ကောင်းသောသတ္တဝါ၊ မျက်စိဖြင့် မမြင်ကောင်းသောသတ္တဝါ၊ အဝေး၌နေသောသတ္တဝါ၊ အနီး၌နေသောသတ္တဝါ၊ ထင်ရှားဖြစ်ပေါ်ပြီးသောသတ္တဝါ၊ ဖြစ်ဆဲတည်နေသောသတ္တဝါ၊ ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြပါစေကုန်သတည်း။

**၈။ န ပရောပရံ နိကုဗ္ဗေထ၊**

န–ပရော ပရံ နိကုပ်ဗေထ

**နာတိမညေထ ကတ္ထစိ န ကိဉ္စိ**

နာတိ မင်ညေထ ကတ်ထစိန–ကိန်စိ

**ဗျာရောသနာ ပဋိဃသညာ**

ဗျာရောသနာ ပတိဃသင်ညာ

**နာညမညဿ ဒုက္ခမိစ္ဆေယျ**

နင်ညမင်ညတ်သ ဒုတ်ခ မိတ်ဆေယ။

တစ်ယောက်သောသူက တစ်ယောက်သောသူကို အမျက်မထွက်ပါစေလင့်။ တစ်စုံတစ်ခုသော အမှုကိစ္စ၌ တစ်ယောက်သောသူက တစ်ယောက်သောသူကို ညှဉ်းဆဲချုပ်ချယ်သော ကာယကံ၊ ဝစီကံဖြင့်လည်းကောင်း၊ ခိုက်ရန်မျက်ပွား အငြိုးထားသောစိတ်ဖြင့်လည်းကောင်း၊ အနည်းငယ်မျှသော်မှ မထိမဲ့မြင် မအောက်မေ့ပါစေလင့်။ အချင်းချင်း၏ ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

**၉။ မာတာ ယထာ နိယံ ပုတ္တ**

မာတာ ယထာ နိယံ ပုတ်တ

**မာယုသာ ဧက ပုတ္တ မနုရက္ခေ**

မာယုသာ အေက ပုတ်တ မနုရက်ခေ

**ဝေမ္ပိ သဗ္ဗဘူတေသု**

**အေဝမ်ပိ သပ်ဗ ဘူတေသု**

**မာနသံ ဘာဝယေ အ–ပရိမာဏံ**

**မာနသံ ဘာဝယေ အ–ပရိမာဏံ။**

အမိသည် မိမိရင်သွေးဖြစ်သော တစ်ယောက်တည်းသော သားငယ်ကို အသက်အတွက်ကြောင့် အဖန်တလဲလဲ စောင့်ရှောက်သကဲ့သို့ ဤနည်း အတူသာလျှင် ခပ်သိမ်းသောသတ္တဝါတို့၌ အတိုင်းအရှည်မရှိသော မေတ္တာ စိတ်ကို ပွားစေရာ၏။

**၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ**

**မစ်တင်စ သပ်ဗ လောကတ်သမိန်**

**မာနသံ ဘာဝယေ အ–ပရိမာဏံ**

**မာနသံ ဘာဝယေ အ–ပရိမာဏံ**

**ဥဒ္ဓံ အဓော စ တိရိယဉ္စ**

**အုတ်ဓံ အဓော စ တိရိယင်စ**

**အ သမ္ဗာဓံ အဝေရ မ သပတ္တံ**

**အ–သပ်ဗာဓံ အ–ဝေရ မ–သပတ်တံ။**

ကာမဘဝတည်းဟူသော အောက်လောက၌လည်းကောင်း၊ ရူပဘဝ တည်းဟူသော အလယ်လောက၌လည်းကောင်း၊ အရူပဘဝတည်းဟူသော အထက်လောက၌လည်းကောင်း ဤလောကသုံးပါးတို့၌ ပိုင်းခြားလွတ်ကင်း ကျဉ်းမြောင်းခြင်းလည်းမရှိ၊ ကိုယ်တွင်းဘေးရန်လည်းမရှိ၊ အပဘေးရန် လည်းမရှိ၊ အတိုင်းမသိ ချစ်ခင်မြတ်နိုးသော မေတ္တာစိတ်ကိုလည်း ပွားစေ ရာ၏။

**၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ**

**တိတ်ထံ စရံ နိသိန်နော ဝ**

**သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ**

**သယာနော ယာဝတတ်သ ဝိတမိတ်ဓော**

**တေံ သတိံ အဓိဋ္ဌေယျ**
**အေတံ သတိန် အဓိတ်ထေယ**
**ဗြဟ္မမေတံ ဝိဟာရ မိဓ မာဟု**
**ဗြန်မ မေတံ ဝိဟာရ မိဓ မာဟု။**

ရပ်နေစဉ်သော်လည်းကောင်း၊ သွားနေစဉ်သော်လည်းကောင်း၊ ထိုင်နေစဉ်သော်လည်းကောင်း၊ လျောင်းနေစဉ်သော်လည်းကောင်း၊ မအိပ်ငိုက်သမျှကာလပတ်လုံး သာသနာတော်ကြီး၌ မေတ္တာစိတ်နှင့်ယှဉ်၍ နေထိုင်ခြင်းကို "မြတ်သောနေခြင်း"[ဗြဟ္မာကြီးနှင့်တူသော နေခြင်း] ဟူ၍ မြတ်စွာဘုရားတို့ ဟောကြားတော်မူကုန်၏။

**၁၂။ ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ**
**ဒိတ်ထိန်စ အနုပက်ဂမ်မ**
**သီလဝါ ဒဿနေန သမ္ပန္နော**
**သီလဝါ ဒတ်သနေန သမ်ပန်နော**
**ကာမေသု ဝိနေယျ ဂေဓံ**
**ကာမေသု ဝိနေယ ဂေဓံ**
**န ဟိ ဇာတု ဂဗ္ဘသေယျ ပုန ရေတိ**
**န–ဟိ–ဇာတုတ်–ဂတ်ဘ သေယ ပုန ရေတိ။**

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် ပြုလုပ်သောသူသည် အမြင်ဖောက်ပြန် မိစ္ဆာဉာဏ်သို့ မကပ်မရောက်သောကြောင့် လောကုတ္တရာသီလရှိသည်ဖြစ်၍ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံပြီးလျှင် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ တပ်မက်မောခြင်းကင်းသောကြောင့် နောက်တစ်ဖန် အမိဝမ်းတွင်း ပဋိသန္ဓေနေခြင်းသို့ ဧကန်မရောက်တော့ပြီ။

# ခန္ဓပရိတ်ဝတ္ထု

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတစ်ပါး မြွေကိုက်၍ သေဆုံးရာ မြတ်စွာဘုရားက နဂါးမျိုးလေးပါးတို့အား မေတ္တာမပွားသော ကြောင့် မြွေကိုက်၍ သေဆုံးရခြင်းဖြစ်သည်။ မေတ္တာပွားမှုကား မြွေ မကိုက်ရာ။ ကိုက်လည်း မသေဆုံးရာ။ သို့အတွက် နဂါးမျိုးလေးပါးတို့ကို အဦးအစထား၍ သတ္တဝါအားလုံးတို့အား မေတ္တာပွားကြလော့ဟု မိန့်တော်မူ၍ ဤခန္ဓပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် ဟောတော်မူလေသည်။

အလောင်းတော်ရသေ့ ဖြစ်စဉ်ကလည်း ဂင်္ဂါမြစ်ကမ်းပါး၌ များပြား သောမြွေတို့သည် ရသေ့တို့အား ကိုက်ခဲ၍ ရသေ့တို့ သေဆုံးကုန်ကြရာ မြွေနဂါးလေးမျိုးတို့ကို မေတ္တာပွားကြလော့ဟုဆို၍ ဤသုတ်ကိုပင် ဟော လျက် ရသေ့တို့အား ချမ်းသာစေခဲ့ဖူးလေ၏။ ဤသုတ်ကို ရသေ့ရဟန်း အပေါင်းတို့အား 'မန္တရား'ပြုလုပ်၍ ရွတ်ဖတ်သရဇ္ဈာယ်ရန် ဟောသော ကြောင့် 'ခန္ဓပရိတ်'ဟုခေါ်တွင်သည်။ (တစ်နည်း) ခန္ဓာကိုယ်အတ္တဘောကို ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် လုံခြုံစေသောကြောင့် ခန္ဓပရိတ်ဟု ခေါ်တွင်သည်။ နတ်ဆေးဝါး၊ နတ်မန္တရားကဲ့သို့ အစွမ်းထက်လှတော်မူ၏။

*ကိုက် ခုတ် သစ် ကျား၊ မြွေ ဖား ကင်း သန်း*
*စုန်းဖမ်း နတ်တိုက်၊ ကိုယ်၌ပြုသူ*
*ခွင့်မူရှိရာ၊ မည်သာခန္ဓ*
*ပရိတ်လုကို၊ နေ့ညရွတ်ပါ*
*ကြိမ်ကိုးခါတည်း။*

# (၄)

# ခန္ဓသုတ်

## ခန္ဓသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ခန္ဓသုတ်တော်တွင် ဝိရူပက္ခ အစရှိသော မြွေနဂါးလေးမျိုးတို့နှင့်တကွ၊ သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာတရား ပွားများပုံကို ဟောကြားထားပါသည်။

ခန္ဓသုတ်ကို မြွေ၊ ကင်းနှင့် အခြားသော အဆိပ်ရှိသားရဲတိရစ္ဆာန်များ ထူပေါသောအချိန်တွင် ရွတ်ဖတ်ကြသည်။ ခန္ဓသုတ်ကို အမြဲရွတ်ဖတ်ခြင်းကြောင့် မြွေ၊ ကင်းနှင့် သားရဲတိရစ္ဆာန်များ၏ ကိုက်ခဲခြင်း၊ ရန်မူခံရခြင်းဘေးတို့မှ ကင်းဝေးနိုင်ပြီး တခြားအန္တရာယ်ဆိုးများကိုလည်း ကာကွယ်တားဆီးနိုင်ပေသည်။

### ၁။ သဗ္ဗာသီဝိသ ဇာတီနံ

**သပ်ဗာသီဝိသ ဇာတီနံ**

**ဒိဗ္ဗ မန္တာ ဂဒံ ဝိယ**
ဒိပ်ဗ မန်တာ ဂဒံ ဝိယ
**ယံ နာသေတိ ဝိသံ ဃောရံ**
ယံ နာသေတိ ဝိသံဃောရံ
**သေသဉ္စာပိ ပရိဿယံ**
သေသင်စာပိ ပရိတ်သယံ။

၂။ **အာဏာခေတ္တမှိ သဗ္ဗတ္ထ**
အာဏာ ခစ်တန်မှိ သပ်ဗတ်ထ
**သဗ္ဗဒါ သဗ္ဗပါဏိနံ**
သပ်ဗဒါ သပ်ဗ ပါဏိနံ
**သဗ္ဗသောပိ နိဝါရေတိ**
သဗ္ဗသောပိ နိဝါရေတိ
**ပရိတ္တံ တံ ဘဏာမ ဟေ**
ပရိတ်တံ တံ ဘဏာမ ဟေ။

နတ်ဆေးဝါး၊ နတ်ယန္တရားသည် အလုံးစုံသော မြွေမျိုးလေးပါးတို့၏ လျင်သောအဆိပ်၊ ကြမ်းသောအဆိပ်ကို ပယ်ဖျောက်ငြိမ်းအေးစေသကဲ့သို့ ဤခန္ဓသုတ်ပရိတ်တော်သည် အာဏာခေတ်၊ စကြဝဠာကုဋေတစ်သိန်းလုံး၌ နေထိုင်ကြကုန်သော သတ္တဝါအနန္တတို့အား လျင်သောအဆိပ်၊ ကြမ်းသော အဆိပ်ကိုလည်းကောင်း၊ ထိုမှတစ်ပါး သစ်ကျား အစရှိသော ဘေးရန် အပေါင်းကိုလည်းကောင်း အလုံးစုံသော အခြင်းအရာဖြင့် အခါခပ်သိမ်း ပယ်ဖျောက်တားမြစ်တော်မူနိုင်၏။ အို...သူတော်ကောင်းအပေါင်းတို့၊ ထိုခန္ဓပရိတ်တော်ကို ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၃။ **ဝိရူပက္ခေဟိ မေ မေတ္တံ**
ဝိရူပက်ခေဟိ မေ မစ်တံ
**မေတ္တံ ဧရာပထေဟိ မေ**
မစ်တံ အေရာပထေဟိ မေ

**ဆဗျာပုတ္တေဟိ မေ မေတ္တံ**
ဆ–ဗျာ ပုတ်တေဟိ မေ မစ်တံ
**မေတ္တံ ကဏှာ ဂေါတမကေဟိ စ**
မစ်တံ ကန်ဏှာ ဂေါ်တမကေဟိ စ။

ဝိရူပက္ခနဂါးမင်းတို့နှင့်တကွ အမျိုးအဆွေ မြွေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ ဧရာပထနဂါးမင်းတို့နှင့်တကွ အမျိုးအဆွေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ ဆဗျာပုတ္တ နဂါးမင်းတို့နှင့်တကွ အမျိုးအဆွေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ ကဏှာဂေါတမ နဂါးမင်းတို့နှင့်တကွ အမျိုးအဆွေမြွေတို့၌ ငါ၏ ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။

၄။ **အပါဒကေဟိ မေ မေတ္တံ**
အ–ပါဒကေဟိ မေ မစ်တံ
**မေတ္တံ ဒွိပါဒကေဟိ မေ**
မစ်တံ ဒွိပါဒကေဟိ မေ
**စတုပ္ပဒေဟိ မေ မေတ္တံ**
စတုပ် ပဒေဟိ မေ မစ်တံ
**မေတ္တံ ဗဟုပ္ပဒေဟိ မေ**
မစ်တံ ဗဟုပ် ပဒေဟိ မေ။

ခြေမရှိသော သတ္တဝါတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ ခြေနှစ်ချောင်းရှိသော သတ္တဝါတို့၌ ငါ၏ ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ ခြေလေးချောင်းရှိသော သတ္တဝါတို့၌ ငါ၏ ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။ များသောခြေရှိသော သတ္တဝါတို့၌ ငါ၏ ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။

၅။ **မာ မံ အပါဒကော ဟိံသိ**
မာမံ အ–ပါဒကော ဟိန်သိ
**မာမံ ဟိံသိ ဒွိပါဒကော**
မာမံ ဟိန်သိ ဒွိပါဒကော

**မာမံ စတုပ္ပဒေါ ဟိံသိ**

**မာမံ စတုပ်ပဒေါ ဟိန်သိ**

**မာမံ ဟိံသိ ဗဟုပ္ပဒေါ**

**မာမံ ဟိန်သိ ဗဟုပ်ပဒေါ။**

ခြေမရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေသတည်း။ ခြေ နှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေသတည်း။ ခြေလေး ချောင်းရှိသောသတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေသတည်း။ များသော ခြေရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေသတည်း။

၆။ **သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ**

**သပ်ဗေ သတ်တာ သပ်ဗေ ပါဏာ**

**သဗ္ဗေ ဘူတာစ ကေဝလာ**

**သပ်ဗေ ဘူတာစ ကေဝလာ**

**သဗ္ဗေ ဘဒြာနိ ပဿန္တု**

**သပ်ဗေ ဘတ်ဒရာနိ ပတ်သန်တု**

**မာ ကိဉ္စိ ပါပ မာဂမာ**

**မာကိန်စိ ပါပ မာဂမာ။**

ခပ်သိမ်းသော သတ္တဝါအလုံးစုံ၊ ထွက်သက်ဝင်သက်ရှိသော သတ္တဝါ အလုံးစုံ၊ အတ္တဘောထင်ရှားရှိသော သတ္တဝါ ဤသတ္တဝါအားလုံးတို့သည် ကောင်းမြတ်သော အာရုံတို့ကို တွေ့မြင်ကြပါစေကုန်သတည်း။ မကောင်း သော အာရုံသည် ထိုသတ္တဝါတို့၏ အထံသို့ မကပ်ရောက်ပါစေသတည်း။

၇။ **အပ္ပမာဏော ဗုဒ္ဓေါ**

**အပ်–ပမာဏော ဗုတ်ဓော**

**အပ္ပမာဏော ဓမ္မော**

**အပ်–ပမာဏော ဓမ်မော**

**အပ္ပမာဏော သံဃော**

**အပ်–ပမာဏော သံဃော**

**ပမာဏဝန္တာနိ သရီသပါနိ**
ပမာဏဝန်တာနိ သရီသပါနိ
**အဟိ ဝိစ္ဆိကာ သတပဒီ**
အဟိ ဝိတ်ဆိကာ သတပဒီ
**ဥဏ္ဏာနာဘီ သရဗူမူသိကာ**
အုန်န နာဘီ သရဗူ မူသိကာ။

မြတ်စွာဘုရားသည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာမရှိ၊ တရားတော်သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာမရှိ၊ သံဃာတော်သည် နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ကိလေသာမရှိ၊ ရင်ဖြင့်တွား၍ သွားတတ်ကုန်သော မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ တက်တူ၊ ကြွက်တို့သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ ရှိကုန်၏။

၈။ **ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ**
ကတာမေ ရက်ခါ ကတံ မေ ပရိတ်တံ
**ပဋိက္ကမန္တု ဘူတာနိ**
ပတိတ်ကမန်တု ဘူတာနိ
**သောဟံ နမော ဘဂဝတော**
သောဟံ နမော ဘဂဝတော
**နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ**
နမော သတ်တန်နံ သန်မာသမ်ဗုတ်ဓါနံ။

ငါသည် အစောင့်အရှောက်ကို ပြုလုပ်အပ်ပြီ။ ငါသည် အရံအတားကို ပြုလုပ်အပ်ပြီ။ အကျိုးမဲ့ကို အလိုရှိသော သတ္တဝါတို့သည် ဖဲသွားကြလေကုန်လော့။ ငါသည် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ဝိပဿီ အစရှိသော ခုနစ်ဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့အားလည်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။

# မောရပရိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်၌ ဘုရားလောင်းသည် မြို့တော်နှင့် မနီးမဝေး တောအုပ်တစ်ခုဝယ် ဥဒေါင်းမျိုး၌ ဖြစ်တော်မူ၏။ အဥသည် မဟာလှေကားပန်းအဆင်းနှင့်တူ၍ ဥခွံမှပေါက်သောအခါ ဇမ္ဗူရာဇ်ရွှေစင်နှင့်တူသော အဆင်းရှိသဖြင့် အလွန်လှပတင့်တယ်လေသည်။

ထိုဥဒေါင်းမင်းသည် ငါသည် အလွန်လှပတင့်တယ်သော အဆင်းရှိသောကြောင့် လူတို့အနီး၌နေသော် အသက်မရှည်ရာ၊ အပေါင်းအဖော်များကို ခွာ၍ ဟိမဝန္တာတောသို့ သွား၍နေမှ သင့်လျော်မည်ဟု အကြံဖြစ်ပြီးလျှင် ဟိမဝန္တာတောင်သုံးလုံးအလွန် ဒဏ္ဍကမည်သော ရွှေတောင်သို့သွား၍ နေလေ၏။ ဘုရားလောင်းဥဒေါင်းမင်းသည် နေထွက်သောအခါ နေကို ကြည့်၍ **ဥဒေတယံ**ဂါထာကို ရွတ်၏။ ရွတ်ပြီးသော် အစာရှာထွက်လေ၏။ နေဝင်သောအခါ တောင်ပေါ်သို့တက်၍ နေကိုကြည့်ကာ **အပေတယံ**ဂါထာကို ရွတ်၏။ ရွတ်ပြီးမှ အိပ်လေ၏။ ဤသို့ အမြဲရွတ်နေသောကြောင့် ဘေးဥပဒ်အန္တရာယ်မရှိ၊ အစာရှာရလွယ်၏။ ကိုယ်စိတ်ချမ်းသာ၏။

တစ်နေ့သောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ ခေမာမည်သော မိဖုရားကြီးသည် ရွှေဥဒေါင်းမင်းတရားဟောသည်ကို နာရသည်ဟု အိပ်မက် မြင်မက်သဖြင့် ရွှေဥဒေါင်းမင်းတရားတော်ကို နာယူလိုကြောင်း

မင်းကြီးအား လျှောက်ကြားလေ၏။ မင်းကြီးသည် ရွှေဥဒေါင်းမင်းနေရာ ဌာနကို ကြားဖူးသော မုဆိုးတစ်ယောက်ကို စေလွှတ်၍ ဖမ်းဆီးခိုင်းသော်လည်း ပရိတ်တော်၏ အာနုဘော်ကြောင့် ဖမ်းမမိချေ။ မုဆိုးလည်း တောဌ်ပင် သေလေ၏။ မိဖုရားလည်း တောင့်တအာသာလိုရာမရသဖြင့် သေလေ၏။

ဗြဟ္မဒတ်မင်းကြီးသည် ရွှေဥဒေါင်းမင်းကြောင့် ငါ့မိဖုရားကြီးသေဆုံးရလေသည်ဟု ရန်ငြိုးထား၍ နောက်မင်းတို့လက်ထက် ဖျက်ဆီးရစ်စေခြင်းငှာ 'ဟိမဝန္တာတော၊ ဒဏ္ဍကရွှေတောင်၌ရှိသော ရွှေဥဒေါင်း၏အသားကို စားရသော သူတို့သည် မအို မသေ နေရ၏။ ရွှေဥဒေါင်းကို ရအောင်ဖမ်းယူပြီးလျှင် သတ်စားကြကုန်'ဟု ရွှေပြား၌ ကမ္ပည်းစာရေးထားခဲ့၍ သေလေ၏။

နောက်မင်းသည် ထိုစာကိုမြင်လျှင် မအိုမသေ နေလိုသောကြောင့် မုဆိုးတစ်ဦးကို ဖမ်းစေသည်။ ပရိတ်တော်၏ အာနုဘော်ကြောင့် မမိနိုင်။ မုဆိုးနှင့်မင်း နှစ်ဦးစလုံးပင် သေဆုံးကြပြန်၏။ ဤနည်းနှင်နှင် မင်းခြောက်ဆက်တိုင်အောင် အနှစ်ခုနစ်ရာပတ်လုံး မုဆိုးအဆက်ဆက်တို့ ဖမ်းကြသော်လည်း မမိနိုင် ရှိလေသည်။ ခုနစ်ဆက်မြောက်သောမင်း လက်ထက်၌ ဖမ်းလာသောမုဆိုးသည်ကား အရံအတား ပရိတ်တော်၏ အာနုဘော်ကြောင့် မမိနိုင်ရှိသည်ကို သိသောအခါ ဥဒေါင်းမတစ်ကောင်ကို လက်ခုပ်တီးသံဖြင့် ကအောင်၊ လက်ဖျစ်တီးသံဖြင့် တွန်အောင် သင်ပေးပြီးလျှင် ဥဒေါင်းမင်း ပရိတ်မရွတ်မီ နံနက်စောစောထကာ ဥဒေါင်းမကို အလယ်ကထား၍ ဘေးပတ်လည်မှ ကျော့ကွင်းများ ချထားပြီးနောက် ဥဒေါင်းမကို ကစေ သီစေ၏။

ရွှေဥဒေါင်းမင်းသည် ဥဒေါင်းမ၏ သာယာဖွယ် မြည်တွန်သံကိုကြားသည့်အခါ တပ်မက်စွဲလမ်း၍လာသဖြင့် ပရိတ်ရွတ်ဖို့ရန် သတိမရတော့ဘဲ တောင်ထွတ်မှ ဆင်းသက်ကာ ဥဒေါင်းမထံ ချဉ်းကပ်လာရောက်လေရာ ကျော့ကွင်း၌မိလေ၏။ မုဆိုးသည် ရွှေဥဒေါင်းမင်းကို ဗာရာဏသီပြည်သို့ ဆောင်ယူ၍ မင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း မြင်လျှင် မြင်ချင်း ချစ်ခင်မြတ်နိုး၍ မြတ်သောနေရာ၌ နေစေတော်မူ၏။

"မင်းကြီး၊ ကျွန်ုပ်ကို အဘယ့်ကြောင့် ဖမ်းသနည်း"ဟု ရွှေဥဒေါင်းမင်းက မေး၏။

"ရွှေဥဒေါင်းမင်း၏အသားကို စားသောသူသည် မအို၊ မသေ နေရမည်ဟု ရွှေပြား၌ ရေးထားသော ကမ္ပည်းစာအဆိုရှိသောကြောင့် အသားကို စားလို၍ ဖမ်းသည်"ဟု မင်းကြီးက ဆို၏။

"မင်းကြီး၊ ကျွန်ုပ်အသားကိုစား၍ မင်းကြီးသည် မအို မသေ ဖြစ်တန်စေ၊ ကျွန်ုပ်ကား သေရမည်မဟုတ်လော"ဟု ရွှေဥဒေါင်းမင်းက မေး၏။

"ဟုတ်တယ်၊ သေရမှာအမှန်ပဲ"ဟု မင်းကြီးက ဆို၏။

"မင်းကြီး၊ ကျွန်ုပ်သော်မှ သေရပြီပဲ၊ အကျွန်ုပ်အသားကိုစားသောသူသည် အဘယ်ကြောင့် မသေဘဲရှိမည်နည်း" ဟု မေး၏။

"ရွှေဥဒေါင်းမင်းက ရွှေအဆင်းရှိသောကြောင့်ဖြစ်သည်"ဟု မင်းကြီးက ဆို၏။

"မင်းကြီး၊ ကျွန်ုပ် ရွှေအဆင်းးရှိခြင်းမှာ ရှေးအခါက ဤဗာရာဏသီပြည်၌ ကျွန်ုပ်သည် စကြဝတေးမင်း ဖြစ်ခဲ့သည်။ ထိုစဉ်က ငါးပါးသီလကို ကိုယ်တိုင်လည်း ကျင့်သုံး၏။ လူအားလုံးကိုလည်း ကျင့်သုံးစေ၏။ ဤကုသိုလ်ကြောင့် ရွှေအဆင်းရှိသည်"ဟု ဆို၏။

"ရွှေဥဒေါင်းမင်းသည် စကြဝတေးမင်း ဖြစ်ခဲ့ဖူးကြောင်းကို သက်သေပြနိုင်ပါသလား" ဟု မင်းကြီးက မေး၏။

"မင်းကြီး၊ ကျွန်ုပ်သည် စကြဝတေးမင်း ဖြစ်စဉ်အခါက ရတနာခုနစ်ပါးဖြင့်ပြီးသော ရထားကိုစီး၍ ကောင်းကင်သို့သွား၏။ ထိုရထားသည် ဤမင်္ဂလာရေကန်ထဲ၌ နစ်၍ ရှိလေသည်။ တူးဖော်၍ယူလော့"ဟု ဆို၏။ မင်းကြီးလည်း ရေကန်မှ ရေကိုထုတ်၍ မြေကိုတူးသော် ရတနာရထားကို တွေ့ရ၍ ယုံကြည်လေ၏။

ရွှေဥဒေါင်းမင်းလည်း "မင်းကြီး၊ ဝဋ်၌ဖြစ်သော သတ္တဝါမှန်သမျှ မအို မသေသော သတ္တဝါမည်သည်မရှိ၊ အိုရ သေရမည်မှာ ဓမ္မတာဖြစ်သည်။ မအိုရာ၊ မနာရာ၊ မသေရာကား နိဗ္ဗာန်သာတည်း။ နိဗ္ဗာန်မှလွဲ၍ ကြွင်းသော တရားတို့သည် အမြဲမတည်ကုန်၊ ပျက်ဆီးသောသဘောရှိကုန်၏"ဟု တရားဟော၍ မင်းကြီးအား ငါးပါးသီလကို ဆောက်တည်စေ၏။ မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်တော်မူ၍ ရွှေဥဒေါင်းမင်းအား မင်းအဖြစ် ပူဇော်လေ၏။

ရွှေဥဒေါင်းမင်းသည် မင်းအဖြစ်ကို မင်းကြီးအား ပြန်လည်အပ်နှင်း၍ ရွှေနန်းတော်၌ နှစ်ရက် သုံးရက်မျှသာ နေလေ၏။ ထို့နောက် ရွှေဥဒေါင်းမင်းသည် မင်းကြီးအား ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ ပြုလေလော့ဟု ဩဝါဒပေးပြီးလျှင် ကောင်းကင်သို့ပျံ၍ ဟိမဝန္တာတော ဒဏ္ဍကတောင်သို့ ပြန်လည်၍ နေတော်မူလေသည်။

*ရာဇမျက်မာန်၊ ဒေါသထန်၍*
*ဘေးရန်အပြင်း၊ သံခြေချင်းနှင့်*
*ကြိုးကွင်းဗန္ဓ၊ တွေ့လာကမူ*
*မောရသုတ်ပင်၊ ပရိတ်ဝင်ကို*
*ကြည်လင်ရိုကျိုး၊ ရှိခိုးပြုလျက်*
*နေ့တွက်နေ့ဝင်၊ ရွတ်တုံဆင်လော့။*

(၅)

# မောရသုတ်

## မောရသုတ်ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

မောရသုတ်တော်တွင် ကမ္ဘာကြီးကို အလင်းရောင်ပေးသော နေလနှစ်ပါးနှင့်တကွ ကိလေသာအနှောင်အဖွဲ့ဟူသမျှတို့မှ လွတ်မြောက်သွားကုန်သော မြတ်စွာဘုရားတို့အား ဘုရားအလောင်း ဥဒေါင်းမင်းသည် နေ့ညမပြတ် ရှိခိုးခြင်းဖြင့် မိမိ၏ လုံခြုံရေးအတွက် အကာအကွယ်ပြုပုံကို ဟောထားပါသည်။

မောရသုတ်ကို ရန်သူနှင့်တကွ တခြားသော အန္တရာယ်ဆိုးများနှိုးကပ်သောအခါတွင် ရွတ်ဖတ်ကြသည်။

မောရသုတ်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် တစ်ပါးမကောင်းကြံသောဘေးအမျိုးမျိုးနှင့် အချုပ်အနှောင် အဖွဲ့ ဘေးအမျိုးမျိုးတို့မှ လွတ်ကင်းစေပြီး အသက်ရှည်စွာ နေထိုင်ရပေသည်။

**၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ**

**ပူရင်တံ ဗောဓိသမ်ဘာရေ**

**နိဗ္ဗတ္တံ မောရယောနိယံ**
နိတ်ဗတ်တံ မောရ ယောနိယံ
**ယေန သံဝိဟိတာ ရက္ခံ**
ယေန သံဝိဟိတာ ရက်ခံ
**မဟာ သတ္တံ ဝနေစရာ**
မဟာ သတ်တံ ဝနေစရာ။

၂။ **စိရဿံ ဝါယ မန္တာပိ**
စိရတ်သံ ဝါယမန်တာ–ပိ
**နေဝ သက္ခိံသု ဂဏှိတံ**
နေဝ သက်ခိန်သု ဂန်နှိတံ
**'ဗြဟ္မမန္တ'န္တိ အက္ခာတံ**
'ဗြန်မမန်တန်'တိ အက်ခါတံ
**ပရိတ္တံ တံဘဏာမဟေ**
ပရိတ်တံ တံဘဏာမ ဟေ။

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၏ ရင့်သန်ထောက်ကူ အဆောက်အဦ ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည် ရွှေရောင် မြရောင် နီလာရောင်တို့ဖြင့် ပြောင်ပြောင်ယှက်သန်း အဆန်းတကြယ် တင့်တယ်လှပသော ဥဒေါင်းမျိုး၌ ဖြစ်တော်မူ၏။ နေ့ညမလပ် ရွတ်ဖတ်အပ်သော ပရိတ်တော်အရံအတားအားဖြင့် ကောင်းစွာ စီရင်ထားအပ်သော အစောင့်အရှောက်လည်း ရှိတော်မူ၏။ ထိုဘုရားအလောင်း ဥဒေါင်းမင်းကို မျိုးရိုးဆင်းသက် ခုနစ်ဆက်သော တောမုဆိုးတို့သည် နှစ်ပေါင်းခုနစ်ရာ ရှည်မြင့်ကြာအောင် အနည်းနည်းအဖုံဖုံ လုံ့လပြု၍ ဖမ်းယူကုန်သော်လည်း ပရိတ်တော်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် လက်ရပိုင်ပိုင် ဖမ်းယူခြင်းငှာ မတတ်နိုင်ကြလေကုန်။

"မြတ်သောမန္တရား" ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ထိုဥဒေါင်းမင်း ပရိတ်တော်ကို အို...သူတော်ကောင်းအပေါင်းတို့၊ ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၃။ ဥဒေတယံ စက္ခုမာ ဧကရာဇာ
အုဒေတယံ စက်ခုမာ အေကရာဇာ
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော
ဟရိတ်သ ဝန်နော ပထဝိပ် ပဘာသော
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ
တံ တံ နမတ်သာမိ ဟရိတ်သ ဝန်နံ
ပထဝိပ္ပ ဘာသံ
ပထဝိတ်ပ ဘာသံ
တယာဇ္ဇဂုတ္တာ ဝိဟရေမု ဒိဝသံ
တယာစ်ဇ ဂုတ်တာ ဝိဟရေမု ဒိဝသံ။

အရှေ့လောကဓာတ်မှ တက်လတ်တော်မူသော ဤအရှင်နေမင်းသည် အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတော်မူတတ်၏။ အပြိုင်မရှိ တစ်ဦးတည်းသော မင်းလည်းဖြစ်တော်မူ၏။ မြေပြင်၌ထွန်းလင်းသော အရောင်လည်းရှိတော်မူ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၍ မြေပြင်၌ ထွန်းလင်းသောအရောင် ရှိတော်မူသော ထိုရှင်နေမင်းကို အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးပါ၏။ အရှင်နေမင်း၏ ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ဤတစ်နေ့ပတ်လုံး ချမ်းချမ်းသာသာ အကျွန်ုပ်တို့ နေရပါလို၏။

၄။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ
ယေ ဗြန်မဏာ ဝေဒဂူသဗ်ဗ ဓမ်မေ
တေ မေ နမော, တေ စမံ ပါလယန္တု
တေ မေ နမော, တေ စမံ ပါလယန်တု
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ
နမတ်ထု ဗုတ်ဓာနံ, နမတ်ထု ဗောဓိယာ
နမော ဝိမုတ္တာနံ, နမောဝိမုတ္တိယာ
နမောဝိမုတ်တာနံ, နမောဝိမုတ်တိယာ
ဣမံသော ပရိတ္တံ ကတွာ
အိမံသော ပရိတ်တံ ကတ်တဝါ

**မောရော စရတိ သေနာ**

**မောရော စရတိ အေသနာ။**

မကောင်းမှုကို အပပြုတော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် အလုံးစုံသော တရားတို့ကို ထိုးထွင်းသိမြင်တော်မူကုန်၏။ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါစေကုန်သတည်း။ ထိုမြတ်စွာဘုရားတို့သည်လည်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူကြပါကုန်လော့။ သစ္စာလေးပါး တရားတို့ကို သိတော်မူကုန်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ အရဟတ္တဖိုလ်အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤအရံအတားကိုပြု၍ အစာရှာအံ့သောငှာ ထွက်သွားတော်မူ၏။

**၅။ အပေတယံ စက္ခုမာ ဧကရာဇာ**

**အပေတယံ စက်ခုမာ အေကရာဇာ**

**ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော**

**ဟာရိတ်သ ဝန်နော ပထဝိပ်ပဘာသော**

**တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ**

**တံ တံ နမတ်သာမိ ဟာရိတ်သ ဝန်နံ**

**ပထဝိပ္ပဘာသံ**

**ပထဝိတ်ပဘာသံ**

**တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ**

**တယာစ်ဇ ဂုတ်တာ ဝိဟာရေမု ရတ်တိန်။**

အနောက်လောကဓာတ်သို့ ဝင်လတ်တော်မူသော ဤအရှင်နေမင်းသည် အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတော်မူတတ်၏။ အပြိုင်မရှိ တစ်ဦးတည်းသောမင်းလည်း ဖြစ်တော်မူ၏။

ရွှေအဆင်းနှင့်တူသော အဆင်းလည်းရှိတော်မူ၏။ မြေပြင်၌ ထွန်းလင်းသော အရောင်လည်းရှိတော်မူ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၍ မြေပြင်၌ ထွန်းလင်းသောအရောင်ရှိတော်မူသော ထိုအရှင်နေမင်းကို အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးပါ၏။ အရှင်နေမင်း၏ ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ဤတစ်ညဥ့်ပတ်လုံး ချမ်းချမ်းသာသာ ကျွန်ုပ်တို့ နေရပါလို၏။

၆။ **ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ**

ယေ ဗြန်မဏာ ဝေဒဂူ သတ်ဗ ဓမ်မေ

**တေ မေ နမော, တေ စမံ ပါလယန္တု**

တေ မေ နမော, တေ စမံ ပါလယန်တု

**နမတ္ထု ဗုဒ္ဓနံ, နမတ္ထု ဗောဓိယာ**

နမတ်ထု ဗုတ်ဓာနံ နမတ်ထု ဗောဓိယာ

**နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ**

နမော ဝိမုတ်တာနံ နမော ဝိမုတ်တိယာ

**ဣမံ သော ပရိတ္တံ ကတွာ**

အိမံ သော ပရိတ်တံ ကတ်တဝါ

**မောရော ဝါသ မ ကပ္ပယိ**

မောရော ဝါသ မ–ကပ်ပယိ။

မကောင်းမှုကို အပပြုတော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် အလုံးစုံသော တရားတို့ကို ထိုးထွင်းသိမြင်တော်မူကုန်၏။ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါစေကုန်သတည်း။ ထိုမြတ်စွာဘုရားတို့သည်လည်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူကြပါကုန်လော့။ သစ္စာလေးပါး တရားတော်တို့ကို သိတော်မူပြီးကုန်သော ပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏။ ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤအရံအတားကိုပြု၍ ညဥ့်၌နေတော်မူ၏။

# ဝဋ္ဋရိတ်ဝတ္ထု

အခါတစ်ပါး မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံကာ မာဂဓ တိုင်းအတွင်း ဒွေရာသီအခါ ဒေသစာရီ ကြွတော်မူသည်ရှိသော် တစ်ခုသော တောအုပ်၌ အခိုးအလျှံတို့ဖြင့် တောက်လောင်လာသော တောမီးကြီးနှင့် ကြုံတွေ့လေ၏။ တောမီးတို့သည် မြတ်စွာဘုရားနှင့်တကွ ရဟန်းအပေါင်းကို ဝိုင်းမိလေလျှင် ပုထုဇဉ်ရဟန်းတို့သည် သေဘေးမှ ကြောက်သောကြောင့် ကြွေးကြော်မြည်တမ်းကြကုန်သည်။ မြတ်စွာဘုရားသည် ရပ်တော်မူရာမှ သင်တို့ မကြောက်ကြလင့်၊ ငါ့အနားသို့ လာကြကုန်ဟု မိန့်တော်မူရာ ထိုခဏ၌ တောမီးသည် ငြိမ်းသွားလေ၏။

ရဟန်းတို့သည် တောမီးငြိမ်းသည်ကို တွေ့မြင်ကြလျှင် ဘုရားရှင်၏ တန်ခိုးအာနုဘော်သည် အံ့ဖွယ်ရှိပါပေစွဟု ပြောဆိုအံ့ဩ ချီးမွမ်းကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက တောမီးငြိမ်းခြင်းသည် ငါဘုရား၏ အစွမ်းအာနုဘော်ကြောင့်မဟုတ်၊ ရှေးအခါက ငါပြုခဲ့သော သစ္စာ၏ အစွမ်း အာနုဘော်ကြောင့်ဖြစ်သည်ဟု မိန့်တော်မူပြီးလျှင် ငုံးမင်းအကြောင်းကို ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါ မာဂဓတိုင်း ဤတောအုပ်၌ ဘုရား အလောင်းတော်သည် ငုံးငှက်မျိုး၌ဖြစ်၍ ဥခွံတွင်းမှ ပေါက်ခါစ အတောင်

အလက် မစုံလင်သေးမီအခါ၌ အခိုးအလျှံနှင့်တကွသော တောမီးကြီးသည် တပြောင်ပြောင်တောက်လောင်လာလေ၏။ ထိုအခါ ငှက်အပေါင်းတို့သည် သေသေားမှ ကြောက်သောကြောင့် နေရာအသိုက်မှ ထွက်ပြေးကြကုန်လေ၏။ ဘုရားအလောင်း၏ မိဘတို့သည်လည်း ဘုရားအလောင်းကို စွန့်ပစ်၍ ပြေးကြလေ၏။

ဘုရားအလောင်း ငုံးမင်းသည် နေရာအသိုက်မှ ဦးထောင်၍ကြည့်ရာ တောမီးကြီး လွှမ်းမိုး၍လာသည်ကို မြင်သဖြင့် ငါကား အတောင်ရှိသော်လည်း မပျံနိုင်ချေ။ ခြေရှိသော်လည်း မသွားနိုင်ဘိ။ ငါ၏မိဘတို့သည်လည်း ငါ့ကို စွန့်ပစ်၍ ပြေးသွားကြလေပြီ။ ငါ့မှာ ကိုးကွယ်ရာမရှိတော့ပါတကား။ ဘယ်လိုအကြောင်းဖြင့် သေသေားမှ ငါလွတ်ရပါမည်နည်းဟု တွေးတောလျက် ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူး၊ သီလဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အောက်မေ့ကာ ငါ၌ရှိသော တစ်ခုသောသစ္စာကို သစ္စာပြုခြင်းဖြင့် တောမီးကို ငြိမ်းစေ၍ ငါနှင့် ါင်းတို့၏ ချမ်းသာမှုကို ပြုမည်ဟု ကြံစည်ပြီးသော်...

"ငါကား အတောင်ရှိသော်လည်း မပျံနိုင်လေ၊ ခြေရှိသော်လည်း မသွားတတ်ဘိ၊ အမိအဘတို့သည်လည်း ငါ့ကို စွန့်ပစ်၍ ပြေးသွားကြလေပြီ။ ဤစကားသုံးခွန်းသည် မှန်သောသဘောရှိပါ၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကား၏ အာနုဘော်ကြောင့် တောမီးသည် ဤအရပ်မှ ရှောင်လွှဲဖဲကြဉ်ပါစေသတည်း"ဟု သစ္စာပြုလေ၏။

ယင်းသို့ သစ္စာပြုသည်ရှိသော် ပတ်ဝန်းကျင် တစ်ဆယ့်ခြောက်ပယ် အရပ်တိုင်အောင် (တစ်ပယ် = စပါးတစ်ဆယ့်တစ်တင်း ပျိုးကြဲလောက်သော အကျယ်အဝန်းနေရာ) အခိုးအလျှံနှင့်တကွ ပြင်းထန်စွာလာသော တောမီးသည် မြက်မီးရှူးကို ရေမှာနှစ်သကဲ့သို့ တစ်ခဏချင်းငြိမ်းလေ၏။

ထိုအရပ်သည် ဘုရားလောင်း ငုံးမင်း၏ သစ္စာအာနုဘော်ကြောင့် ဤကမ္ဘာဆုံးသည့်တိုင်အောင် မီးမလောင်နိုင်သော အံ့သြဖွယ်ရာတစ်ပါး ဖြစ်လေ၏။

*မီးလျှင်လောင်ဘိ၊ ဘေးကြီးရှိက*
*ဝဋ္ဋပရိတ်၊ အောင်ဟိတ်သရွှောယ်*
*မီးဘေးပြယ်၏။*

(၆)

# ဝဋ္ဋသုတ်တော်

## ဝဋ္ဋသုတ်တော် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ဝဋ္ဋသုတ်တော်သည် ဘုရားအလောင်းတော်မှာ ငုံးငှက်ဖြစ်စဉ်ဘဝက သစ္စာတရားတော်နှင့် မြတ်စွာဘုရားတို့၏ ဂုဏ်တော်တို့ကို ဆင်ခြင် အောက်မေ့ခြင်းဖြင့် တောမီးလောင်ခြင်းမှ ကင်းလွတ်ခဲ့ပုံကို ဟောကြား ထားပါသည်။

ဝဋ္ဋသုတ်ကို မီးဘေးနှင့် ကြုံတွေ့သောအခါ ရွတ်ဖတ်ကြသည်။ ဝဋ္ဋသုတ်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် မီးဘေးအန္တရာယ်ကို ကြိုတင်တားဆီး နိုင်ပြီး မီးကွင်းနိုင်ပေသည်။

**၁။ ပူရေန္တံ ဗောဓိ သမ္ဘာရေ**

**ပူရင်တံ ဗောဓိသမ်ဘာရေ**

**နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ**

**နိမ်ဗတ်တံ ဝတ်ထ, ဇာတိယံ**

**ယဿ တေဇေန ဒါ၀ဂ္ဂိ**
**ယတ်သ တေဇေန ဒါ၀က်ဂိ**
**မဟာသတ္တံ ၀ိ၀ဇ္ဇယိ**
**မဟာ သတ်တံ ၀ိ၀စ်ဇယိ။**

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် ရင့်သန်ထောက်ကူ၊ အဆောက်အဦ ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည် ဖြစ်သမျှဘ၀အသွယ်သွယ်တွင် အငယ်ဆုံးဖြစ်သော ငုံးငှက်မျိုးဖြစ်တော်မူ၏။ ထိုဘုရားအလောင်း ငုံးမင်းကို အခိုးအလျှံကြီးမားစွာဖြင့် တောက်လောင်လာသော တောမီးသည် သစ္စာပန္နက် ထက်မြက်အကျော် ပရိတ်တော်၏ တန်ခိုးအာနုဘော်ကြောင့် ရှောင်လွှဲဖယ်ကြဉ်လေ၏။

၂။ **ထေရဿ သာရိပုတ္တဿ**
**ထေရတ်သ သာရိပုတ်တတ်သ**
**လောကနာထေန ဘာသိတံ**
**လောကနာထေန ဘာသိတံ**
**ကပ္ပဋ္ဌာယိံ မဟာတေဇံ**
**ကပ်ပထာယိန် မဟာတေဇံ**
**ပရိတ္တံ တံ ဘဏာမ ဟေ**
**ပရိတ်တံ တံ ဘဏာမ ဟေ။**

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤငုံးမင်းပရိတ်တော်ကို အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဟောကြားတော်မူ၏။ ငုံးမင်းစံရပ် မီးမဟပ်ဘဲ တစ်ကမ္ဘာလုံး တည်တော်မူ၏။ ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိတော်မူ၏။ အို... သူတော်ကောင်းအပေါင်းတို့၊ ထိုငုံးမင်း ပရိတ်တော်ကို ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၃။ **အတ္ထိလောကေ သီလဂုဏော**
**အတ်ထိလောကေ သီလဂုဏော**
**သစ္စံ သောစေယျ နုဒ္ဒယာ**
**သစ်စံ သောစေယ နုတ်ဒယာ**

**တေန သစ္စေန ကာဟာမိ**

တေန သစ်စေန ကာဟာမိ

**သစ္စ ကိရိယ’ မုတ္တမံ**

သစ်စ ကိရိယ မုတ်တမံ။

လောက၌ သီလဂုဏ် ကျေးဇူးသည်လည်းကောင်း၊ ရိုးသားဖြောင့်မှန်စွာ ပြောဆိုသော သစ္စာစကားသည်လည်းကောင်း၊ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး စင်ကြယ်ခြင်းသည်လည်းကောင်း၊ သတ္တဝါတို့အား ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာသည်လည်းကောင်း အထင်အရှားရှိ၏။ ငါ၌လည်း ရိုးသားဖြောင့်မှန်စွာပြောသော စကားသည် ရှိ၏။ ထိုသစ္စာစကားဖြင့် အတုမရှိသော သစ္စာပြုခြင်းကို ငါပြုအံ့။

၄။ **အာဝဇ္ဇေတွာ ဓမ္မ ဗလံ**

အာဝစ်ဇစ်တဝါ ဓမ်မ ဗလံ

**သရိတွာ ပုဗ္ဗကေ ဇိနေ**

သရိတ်တဝါ ပုပ်ဗကေ ဇိနေ

**သစ္စဗလ မဝဿာယ**

သစ်စဗလ မဝတ်သာယ

**သစ္စကိရိယ မကာသဟံ**

သစ်စ ကိရိယ မကာသဟံ။

ဤသို့ ကြံစည်ပြီးလျှင် ရှေးရှေး၌ပွင့်တော်မူကြကုန်ပြီးသော မြတ်စွာဘုရားတို့ကို အောက်မေ့၍လည်းကောင်း၊ တရားတော်မြတ်၏ အစွမ်းအာနုဘော်ကို ဆင်ခြင်၍လည်းကောင်း သစ္စာတရား၏ အစွမ်းသတ္တိကို အမှီပြုလျက် ငါဘုရားသည် သစ္စာပြုခဲ့ဖူးခဲ့လေပြီ။

၅။ **သန္တိ ပက္ခာ အပတနာ**

သန်တိ ပက်ခါ အ–ပတနာ

**သန္တိ ပါဒါ အဝဉ္စနာ**

သန်တိ ပါဒါ အ–ဝင်စနာ

**မာတာပိတာ စ နိက္ခန္တာ၊**
**မာတာပိတာ စ နိတ်ခန်တာ**
**ဇာတ ဝေဒ ပဋိက္ကမ**
**ဇာတ ဝေဒ ပတိတ်ကမ။**

အို...တောမီး၊ ငါ့အား အတောင်တို့သည်ရှိကုန်၏၊ မပျံနိုင်ချေ။ ငါ့အား ခြေတို့သည် ရှိကုန်၏။ မသွားတတ်ဘိ။ ငါ၏အမိအဘတို့သည်လည်း ငါ့ကိုစွန့်၍ ထွက်ပြေးကြလေကုန်ပြီ။ အို...တောမီး၊ ဤသို့မှန်စွာသော သစ္စာစကားကြောင့် ရှောင်လွှဲဖဲကြဉ်လေလော့။

၆။ **သဟ သစ္စေ ကတေ မယှံ**
**သဟ သစ်စေ ကတေ မယ်ယှံ**
**မဟာ ပဇ္ဇလိတော သိခီ**
**မဟာ ပစ်ဇလိတော သိခီ**
**ဝဇ္ဇေသိ သောဠသ ကရီသာနိ**
**ဝစ်ဇေသိ သောလသ ကရီသာနိ**
**ဥဒကံ ပတွာ ယထာ သိခီ**
**အုဒကံ ပတ်တဝါ ယထာ သိခီ**
**သစ္စေန မေ သမော နတ္ထိ**
**သစ်စေန မေ သမော နတ်ထိ**
**ဧသာ မေ သစ္စ ပါရမီ**
**အေသာ မေ သစ်စ ပါရမီ။**

သာရိပုတ္တရာ... ငါ ငုံးမင်းသည် ဤသို့သစ္စာပြုပြီးသည်နှင့် တစ်ပြိုင်နက် အခိုးအလျှံကြီးမားစွာဖြင့် တောက်လောင်လာသော တောမီးသည် တစ်ဆယ့်ခြောက်မင်းပယ်စား ပမာဏရှိသော အရပ်ကို ရှောင်လွှဲဖဲကြဉ်လေ၏။ ချောင်း၊ မြစ်၊ သမုဒ္ဒရာရေသို့ ရောက်သော တောမီးပမာ ငြိမ်းသေလေ၏။ ငါဘုရား၏ သစ္စာစကားနှင့် တူမျှသော တရားသည် မရှိ။ ဤသစ္စာစကားသည် ငါဘုရား၏ သစ္စာပါရမီတော်တရားပေတည်း။

# ဓဇဂ္ဂပရိတ်ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး၏ ရွှေဒင်္ဂါး လေးဆယ့်ငါးကုဋေ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ ရဟန်းတော်တို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့၊ ရှေးကဖြစ်ဖူးသည်မှာ တာဝတိံသာနတ်တို့နှင့် အသူရာ နတ်တို့ စစ်တိုက်ကြသောအခါတွင် သိကြားမင်းသည် တာဝတိံသာနတ် တို့အား ကြောက်လန့်ခြင်း စသည်တို့ ဖြစ်ပေါ်သောအခါ၌...

ငါသိကြားမင်း၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း၊ ပဇာပတိနတ်မင်း၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း၊ ဝရုဏ နတ်မင်း၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း၊ ဤသာနနတ်မင်း၏ အောင်လံတံခွန်ဖျားကိုသော်လည်းကောင်း တစ်ခုခုကို မော့ကြည့်ကြကုန် လော့။

ယင်းသို့ကြည့်သည်ရှိသော် အသင်နတ်သားတို့အား ကြောက်လန့်ခြင်း စသည်တို့ ပျောက်ကင်းလိမ့်မည်ဟု ဆို၏။

ရဟန်းတို့၊ သိကြားမင်းဆိုသည့်အတိုင်း မော့ကြည့်ကြကုန်သော နတ်သားတို့အား ကြောက်လန့်ခြင်း စသည်တို့ ပျောက်ကင်းသော်လည်း ပျောက်ကင်းမည်။ မပျောက်ကင်းဘဲသော်လည်း ရှိမည်ဖြစ်၏။

အကြောင်းမူကား သိကြားမင်းသည် ရာဂ၊ ဒေါသ၊ မောဟ မကင်း၍ ကြောက်လန့်ခြင်း စသော သဘောရှိချေသောကြောင့်ပေတည်း။

ရဟန်းတို့၊ ငါဘုရားသည် သင်ချစ်သားတို့အား ဤသို့ဆိုတော်မူ၏။ ရဟန်းတို့ တောအရပ်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေကုန်သော သင်တို့အား ကြောက်လန့်ခြင်း စသည်တို့ ဖြစ်ပေါ်သောအခါ၌...

ငါဘုရား၏ ဂုဏ်တော်ကိုသော်လည်းကောင်း၊

တရားတော်၏ ဂုဏ်တော်ကိုသော်လည်းကောင်း၊

သံဃာတော်၏ ဂုဏ်တော်ကိုသော်လည်းကောင်း တစ်ပါးပါးသော ဂုဏ်တော်ကို အောက်မေ့ကြကုန်လော့။ ယင်းသို့ အောက်မေ့ကုန်သည်ရှိသော် သင်ချစ်သားတို့အား ကြောက်လန့်ခြင်း စသည်တို့ ကေန်ပျောက်ကင်းလိမ့်မည် ဖြစ်၏။

အကြောင်းသော်ကား ငါဘုရားသည် ရာဂ၊ ဒေါသ၊ မောဟကင်း၍ ကြောက်လန့်ခြင်း စသော သဘောမရှိသောကြောင့်ပေတည်းဟု မိန့်တော်မူလေ၏။

ဤဓဇဂ္ဂသုတ်၌လာသော ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်တို့ကို အာရုံပြု၍ ဆင်ခြင်အောက်မေ့ ပွားများသောသူသည် နတ်ပြည်၌ ကမ္ဘာသုံးသောင်း ဖြစ်ရခြင်း၊ သိကြားမင်းဘဝ အကြိမ်ရှစ်ဆယ်၊ စကြဝတေးမင်းဘဝ အကြိမ်တစ်ထောင်ဖြစ်ခြင်း၊ ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်းဘဝ အကြိမ်ပေါင်း မရေတွက်နိုင်အောင်ဖြစ်ခြင်း၊ ကမ္ဘာတစ်သိန်း အပယ်မလားခြင်း၊ နောက်ဆုံးဘဝ ရဟန္တာဖြစ်ခြင်း အစရှိသော အကျိုးထူးများကို ရရှိနိုင်လေသည်။

ဓဇဂ္ဂသုတ်ကို ဆင်ခြင်ကာမျှဖြင့် မြေပြင်မှာကဲ့သို့ ဝေဟင်မှာ ရပ်တည်နိုင်ခဲ့သော ရဟန်းငယ်ဝတ္ထုမှာကား...

သီဟိုဠ်ကျွန်း ဒီဃဝါပိစေတီတော်ကို အင်္ဂတေဖြင့် အချောကိုင်နေစဉ် ရဟန်းငယ်တစ်ပါးသည် စေတီတော်အထက်ဆင့်လက်ရန်းမှကျ၍ စေတီဝမ်းလိုက်ပေါ်မှ လျှောကျလာရာ အောက်မှာရှိသော ရဟန်းတော်များက... "ငါ့ရှင်၊ ဓဇဂ္ဂသုတ်ကို ဆင်ခြင်အောက်မေ့ပါ"ဟု လှမ်းပြောကြ၏။ ရဟန်းငယ်သည် ကြောက်လန့်စွာဖြင့် ဓဇဂ္ဂပရိတ္တံ မံရက္ခတု (ဓဇဂ္ဂပရိတ်တော်အကျွန်ုပ်ကို စောင့်ရှောက်ပါ) ဟု ဆိုလေ၏။ ထိုခဏ၌ပင် အုတ်နှစ်ချပ်

ပေါ်ထွက်လာ၍ လှေကားထစ်ဖြစ်ကာ ခံလေ၏။ အပေါ်၌ရှိသော ရဟန်းတော်များက နွယ်လှေကား ချပေးရာ ရဟန်းငယ်သည် နွယ်လှေကားပေါ်သို့ တက်လေ၏။ လှေကားပေါ်ရောက်သောအခါ အုတ်နှစ်ချပ်သည် မူလနေရာသို့ ပြန်ရောက်လေ၏။

ဤသုတ်သည် တံခွန်ဖျားကို ဥပမာထား၍ ဟောသောကြောင့် ဓဇဂ္ဂသုတ်ဟု ခေါ်တွင်၏။ ဤဓဇဂ္ဂသုတ်သည် တည်ရာမှီရာမရှိသော ကောင်းကင်၌ ဆင်ခြင်အောက်မေ့ရုံနှင့်ပင် ပကတိမြေပြင်ကဲ့သို့ တည်ရာမှီရာကို ရစေတတ်ရကား မြေပေါ်၌ ရပ်တည်နေထိုင်၍ ဆင်ခြင်အောက်မေ့သောသူ၊ ရွတ်ဆိုသရဇ္ဈာယ်သောသူ၊ နာခံသောသူတို့မှာကား ဆိုဖွယ်ရာမရှိပြီ။ တည်ရာမှီခိုရာရရှိ၍ ဘေးရန်ခပ်သိမ်း ငြိမ်းအေးသည်သာလျှင်တည်း။

*ကိုယ်ဝယ်မှုကြီး၊ ရောက်တုံပြီး၍*
*ကြက်သီးမွေးညင်း၊ ထခြင်းခက်ထရော်*
*ကြောက်လန့်သော်ကား၊ တေဇော်ထွန်းပ*
*ဓဇဂ္ဂကို၊ မှန်လှစွေစွေ*
*ရွတ်အောက်မေ့က၊ ချမ်းမြေ့သာယာ*
*ပျောက်ငြိမ်းရာ၏။*

# (၇)

# ဓဇဂ္ဂသုတ်တော်

## ဓဇဂ္ဂသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ဓဇဂ္ဂသုတ်တော်တွင် ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်းနေရသော အခါ၌ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ပေါ်လာလျှင် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော်ကိုးပါးတို့တွင် တစ်ပါးပါးကို ဆင်ခြင်အောက်မေ့ပါက ထိတ်လန့်တုန်လှုပ်ခြင်း ပျောက်ကင်းသွားနိုင်ကြောင်း ဟောကြားထားသည်။

ဓဇဂ္ဂသုတ်ကို ထိတ်လန့်ကြောက်မက်ဖွယ် ဘေးအန္တရာယ်တို့နှင့် ကြုံတွေ့သောအခါ ရွတ်ဖတ်ကြသည်။

ဓဇဂ္ဂသုတ်ကို အမြဲရွတ်ဖတ်ခြင်းကြောင့် သားရဲဘေး၊ ဘီလူးဘေး၊ ခိုးသူဘေး စသည်တို့မှ လွတ်မြောက်စေသည်။ ဆောက်တည်ရာမရ ထိတ်လန့်တုန်လှုပ်မှု ဖြစ်နေရာမှ ကင်းလွတ်၍ တည်ငြိမ်စွာနေနိုင်ပြီး ကြောက်လန့်ခြင်း ဘေးအမျိုးမျိုးမှ ကင်းလွတ်နိုင်သည်။

၁။ **ယဿာ နုဿရဏေနာပိ**
ယတ်သာ နုတ်သရဏေနာပိ
**အန္တလိက္ခေပိ ပါဏိနော**
အန်တ လိတ်ခေပိ ပါဏိနော
**ပတိဋ္ဌ မဓိဂစ္ဆန္တိ**
ပတိတ်ထ မဓိဂစ်ဆန်တိ
**ဘူမိယံ ဝိယ သဗ္ဗတာ**
ဘူမိယံ ဝိယ သပ်ဗတာ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤဓဇဂ္ဂသုတ်ပရိတ်တော်ကို အောက်မေ့မိရုံသော်မျှဖြင့် သတ္တဝါတို့သည် မိုရာမမြင် မိုးကောင်းကင်သို့ ပစ်တင်လွှင့်မြောက် ရောက်ရှိရပြားကုန်သော်လည်း မဟာပထဝီမြေ၌ ထောက်တည်နေကြရဘိသကဲ့သို့ အလုံးစုံသော အခြင်းအရာဖြင့် ကြည်သာရွှင်ပျ ထောက်ရာတည်ရာကို ရကြကုန်၏။

၁။ **သဗ္ဗု ပဒ္ဒဝ ဇာလမှာ**
သပ်ဗု ပတ်ဒဝ ဇာလန်မှာ
**ယက္ခ စောရာဒိ သမ္ဘဝါ**
ယက်ခ စောရာဒိ သမ်ဘဝါ
**ဂဏနာ န စ မုတ္တာနံ**
ဂဏနာ – န – စ မုတ်တာနံ
**ပရိတ္တံ တံ ဘဏာမ ဟေ**
ပရိတ်တံ တံ ဘဏာမ ဟေ။

ဘိလူး၊ ခိုးသူအစရှိသော ရန်သူတို့ကြောင့် ဖြစ်ပေါ်ကုန်သည့် အလုံးစုံသော ဘေးရန် ဥပဒ္ဒဝေါတည်းဟူသော ကွန်ရက်မှ ကင်းလွတ် ထွက်မြောက်ကြသော သူတို့ကိုမူ ဤရွေ့ဤမျှ ဂဏန်းချ၍ မရေမတွက်နိုင်ကြကုန်။ ထိုကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသော ဤဓဇဂ္ဂသုတ်ပရိတ်တော်ကို အို...သူတော်ကောင်းအပေါင်းတို့၊ ငါတို့ ရွတ်ဖတ်ကြကုန်စို့။

**၃။ ဇဝံ မေ သုတံ**

အေဝံ မေ သုတံ

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ**

အေကံ သမယံ ဘဂဝါ သာဝတ်ထိယံ

**ဝိဟရတိ ဇေတဝနေ**

ဝိဟာရတိ ဇေတဝနေ

**အနာထပိဏ္ဍိကဿ အာရာမေ**

အ–နာထပိန်ဒိကတ်သ အာရာမေ။

အရှင်ဘုရား မဟာကဿပ...

အကျွန်ုပ် အာနန္ဒာမထေရ်သည် ဤဇေဂ္ဂသုတ်အမိန့်တော်ကို ရှင်တော်ဘုရား မျက်မှောက်တော်မှ ဤသို့သော အခြင်းအရာဖြင့်သာလျှင် ကြားနာမှတ်ဆောင်ရပါ၏။

အခါတစ်ပါး၊ မြတ်စွာဘုရားသည် သာဝတ္ထိမြို့အနီး အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူ၏။

**၄။ တတြခေါ**

တက်တရ ခေါ်

**ဘဂဝါ ဘိက္ခူ အာမန္တေသိ 'ဘိက္ခဝေါ'တိ**

ဘဂဝါ ဘိတ်ခူအာမန်တေသိ 'ဘိတ်ခဝေါ'တိ

**'ဘဒ္ဒန္တေ'တိ**

'ဘတ်ဒန်တေ'တိ

**တေ ဘိက္ခူဘဂဝတော ပစ္စဿောသုံ**

တေ ဘိတ်ခူ ဘဂဝတော ပစ်စတ်သောသုံ

**ဘဂဝါတေ ဒဝေါ စ**

ဘဂဝါအေတ ဒဝေါ စ

**ဘူတပုဗ္ဗံ ဘိက္ခဝေ**

ဘူတပုပ်ဗံ ဘိတ်ခဝေ

**ဒေဝါသုရ သင်္ဂါမော**

ဒေဝါ သုရ သင်ဂါမော

**သမုပဗျူဠှော အဟောသိ**

သမုပ ဗျူန်လှော အဟောသိ

**အထ ခေါ ဘိက္ခဝေ**

အထ ခေါ် ဘိတ်ခဝေ

**သက္ကော ဒေဝါန မိန္ဒော**

သက်ကော ဒေဝါ န မိန်ဒေါ်

**ဒေဝေ တာဝတိံသေ အာမန္တေသိ**

ဒေဝေ တာဝတိန်သေ အာမန်တေသိ

**သ–စေ–မာရိသာ ဒေဝါနံ**

သ – စေ – မာရိသာ ဒေဝါနံ

**သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ**

သင်ဂါမ ဂတာနံ အုပ်ပစ်ဇေယ

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

ဘယံ ဝါ ဆမ်ဘိ တတ်တံ ဝါ

**လောမဟံ သော ဝါ**

လောမဟံ သော ဝါ

**မမေဝ တသ္မိံ သမယေ**

မမေဝ တတ်သမိန် သမယေ

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

ဓဇက်ဂံ အုန်လောကေယာထ

**မမံ ဟိ ဝေါ**

မမံ ဟိ ဝေါ်

**ဓဇဂ္ဂ ဥလ္လောကယတံ ယံ ဘဝိဿတိ**

ဓဇက်ဂံ အုန်လောက ယတံ ယံ ဘဝိတ်သတိ

**ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံ သောဝါ**

ဘယံဝါ ဆမ်ဘိ တတ်တံ ဝါ လောမဟံ သောဝါ

**သော ပဟီယိဿတိ**

**သော ပဟီယိတ်သတိ။**

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော အကြောင်းအရာကို မိန့်ကြားတော်မူလေ၏။

ရဟန်းတို့...ရှေး၌ဖြစ်ခဲ့ဖူးသည်ကား တာဝတိံသာနတ်နှင့် အသူရာနတ်တို့ အပြိုင်အဆိုင် စစ်ထိုးတိုက်ခိုက်ကြသောအခါ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းသည် တာဝတိံသာနတ်တို့ကို ဤသို့ မိန့်ဆို၏။

အချင်းနတ်သားတို့...စစ်မြေပြင်သို့ ရောက်ကြကုန်သော သင်နတ်သားတို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍ ဖြစ်ပေါ်ငြားအံ့။ ထိုအခါ၌ ငါ၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်လော့။ ငါ၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများသည် ကွယ်ပျောက်လတ္တံ့သတည်း။

၅။ **နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ**

နော စေ မေ ဓဇက်ဂံ အုန်လောကေယာထ

**အထ ပဇာပတိဿ ဒေဝရာဇဿ**

အထ ပဇာပတိတ်သ ဒေဝ ရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

ဓဇက်ဂံ အုန်လောကေယာထ

**ပဇာပတိဿ ဟိဝေါ ဒေဝ ရာဇာဿ**

ပဇာပတိတ်သ ဟိဝေါ ဒေဝ ရာဇသတ်

**ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ**

ဓဇက်ဂံ အုန်လောက ယတံ ယံ ဘဝိတ်သတိ

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

ဘယံ ဝါ ဆမ်ဘိ တတ်တံ ဝါ

**လောမဟံသောဝါ**

လောမဟံသောဝါ

**သော ပဟီယိဿတိ**

**သော ပဟီ ယိတ်သတိ။**

ငါ၏ အောင်လံတံခွန်ဖျားကို အကယ်၍ မကြည့်မိကြကုန်အံ့။ ပဇာပတိနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်လော့။ ပဇာပတိနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၆။ **နော စေ ပဇာပတိဿ ဒေဝရာဇဿ**

**နော စေ ပဇာပတိတ်သ ဒေဝ ရာဇတ်သ**

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

**ဓဇက်ဂံ အုန်လောကေယာထ**

**အထ ဝရုဏဿ ဒေဝရာဇဿ**

**အထ ဝရုနတ်သ ဒေဝရာဇတ်သ**

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

**ဓဇက်ဂံ အုန်လောကေယာထ**

**ဝရုဏဿ ဟိ ဝေါ ဒေဝ ရာဇဿ**

**ဝရုနတ်သ ဟိ ဝေါ ဒေဝ ရာဇတ်သ**

**ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ**

**ဓဇက်ဂံ အုန်လောက ယတံ ယံ ဘဝိတ်သတိ**

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

**ဘယံ ဝါ ဆမ်ဘိ တတ်တံ ဝါ**

**လောမဟံသောဝါ**

**လောမဟံသောဝါ**

**သော ပဟီယိဿတိ**

**သော ပဟီ ယိတ်သတိ။**

ပဇာပတိနတ်မင်း၏ အောင်လံတံခွန်ဖျားကို အကယ်၍ မကြည့်မိကြကုန်အံ့။ ဝရုဏနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကုန်လော့။

ဝရုဏနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်ခြင်းလန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၇။ **နော စေ ဝရုဏဿ ဒေဝရာဇဿ**

နော စေ ဝရုနတ်သ ဒေဝ ရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

ဓဇက်ဂံ အုန်လောကေယာထ

**အထ ဤသာနဿ ဒေဝရာဇဿ**

အထ အီသာနတ်သ ဒေဝရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကေယျာထ**

ဓဇက်ဂံ အုန်လောကေယာထ

**ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ**

အီသာနတ်သ ဟိ ဝေါ ဒေဝရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ**

ဓဇက်ဂံ အုန်လောကယတံ ယံ ဘဝိတ်သတိ

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

ဘယံ ဝါ ဆမ်ဘိတတ်တံ ဝါ

**လောမဟံသော ဝါ**

လောမဟံသော ဝါ

**သော ပဟီယိဿတီ –တိ**

သော ပဟီယိတ်သတီ – တိ။

ဝရုဏနတ်မင်း၏ အောင်လံတံခွန်ဖျားကို အကယ်၍ မကြည့်မိပါကုန်အံ့။ ဤသာနနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်လော့။ ဤသာနနတ်မင်း၏ အောင်လံတံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။ ဤသို့မိန့်ဆိုလေ၏။

၈။ **တံ ခေါ ပန ဘိက္ခဝေ**

တံ ခေါ ပန ဘိတ်ခဝေ

**သက္ကဿ ဝါ ဒေဝါန မိန္ဒဿ**

သက်ကတ်သ ဝါ ဒေဝါန မိန်ဒတ်သ

**ဓဇဂ္ဂံ ဥလ္လောက ယတံ**

ဓဇက်ဂံ အုန်လောက ယတံ

**ပဇာပတိဿ ဝါ ဒေဝရာဇဿ**

ပဇာပတိတ်သ ဝါ ဒေဝရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောက ယတံ**

ဓဇက်ဂံ အုန်လောက ယတံ

**ဝရုဏဿ ဝါ ဒေဝရာဇဿ**

ဝရုနတ်သ ဝါ ဒေဝရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကယတံ**

ဓဇက်ဂံ အုန်လောကယတံ

**ဤသာနဿ ဝါ ဒေဝရာဇဿ**

အီသာနတ်သ ဝါ ဒေဝရာဇတ်သ

**ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ**

ဓဇက်ဂံ အုန်လောကယတံ ယံ ဘဝိတ်သတိ

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

ဘယံ ဝါ ဆမ်ဘိတတ်တံ ဝါ

**လောမ ဟံသော ဝါ**

လောမ ဟံ သောဝါ

**သော ပဟီယေထာပိ နောပိ ပဟီယေထ**

သော ပဟီယေထာပိ နောပိ ပဟီယေထ။

ရဟန်းတို့၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့ကို အစိုးရသော သကြားမင်း၏ အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ပဇာပတိအမည်ရှိသော နတ်မင်း၏ အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ဝရုဏအမည်ရှိသော နတ်မင်း၏ အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ထို

ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်သော်လည်း ကွယ်ပျောက်ရာ၏။ မကွယ်ပျောက်ဘဲ သော်လည်း ရှိရာ၏။

၉။ တံ ကိဿဟေတု
တံ ကိတ်သဟေတု
သက္ကော ဟိ ဘိက္ခဝေ ဒေဝါန မိန္ဒော
သက်ကော ဟိ ဘိတ်ခဝေ ဒေဝါန မိန်ဒေါ
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
ဘီရုဆမ္ဘီ ဥတြာသီ ပလာယီ–တိ
ဘီရုဆမ်ဘီ အုတ်တရာသီ ပလာယီ–တိ။

ထိုသို့ကွယ်ပျောက်ခြင်း၊ မပျောက်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ရဟန်းတို့... စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းသည် မကင်းသောရာဂရှိ၏။ မကင်းသောဒေါသရှိ၏။ မကင်းသောမောဟရှိ၏။ ကြောက်တတ်၏။ ကိုယ်တုန်လှုပ်တတ်၏။ လန့်တတ်၏။ ပြေးတတ်၏။ ထိုအကြောင်းတို့ကြောင့် ကင်းငြိမ်းကွယ်ပျောက်သော်လည်း ကွယ်ပျောက်ရာ၏။ မကွယ်ပျောက်ဘဲရှိသော်လည်း ရှိရာ၏။

၁၀။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ
အဟင်စ ခေါ ဘိတ်ခဝေ အေဝံ ဝဒါမိ
သစေ တုမှာကံ ဘိက္ခဝေ
သ–စေ တုန်မှာကံ ဘိတ်ခဝေ
အရည ဂတာနံ ဝါ ရုက္ခမူလ ဂတာနံ ဝါ
အရင်ည ဂတာနံ ဝါ ရုတ်ခမူလ ဂတာနံ ဝါ
သုညာဂါရ ဂတာနံ ဝါ ဥပ္ပဇ္ဇေယျ
သုန်ညာဂါရ ဂတာနံ ဝါ အုပ်ပစ်ဇေယ
ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံ သောဝါ
ဘယံ ဝါ ဆမ်ဘိတတ်တံ ဝါ လောမဟံ သောဝါ

**မမေဝ တသ္မိံ သမယေ အနုဿရေယျာထ**

**မမေဝ တတ်သမိန် သမယေ အနုတ်သရေယျာထ။**

ရဟန်းတို့၊ ငါဘုရားသည်ကား ဤသို့ ဧကန်ဟော၏။ ရဟန်းတို့၊ တောအရပ် သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ်၌နေကုန်သော သင်တို့အား ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍ ဖြစ်ပေါ်ငြားအံ့။ ထိုအခါ ငါဘုရား၏ ဂုဏ်တော်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

**၁၁။ ဣတိပိသော ဘဂဝါ**

**ဣတိပိသော ဘဂဝါ**

**အရဟံ သမ္မာသမ္ဗုဒ္ဓေါ**

**အရဟံ သမ်မာသမ်ဗုတ်ဓော**

**ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ**

**ဝိတ်ဇာစရဏ သမ်ပန်နော သုဂတော လောကဝိဒူ**

**အနုတ္တရော ပုရိသ ဒမ္မသာရထိ**

**အနုတ်တရော ပုရိသ ဒမ်မသာရထိ**

**သတ္ထာဒေဝ မနုဿာနံ**

**သတ်ထာဒေဝ မနုတ်သာနံ**

**ဗုဒ္ဓေါ ဘဂဝါ တိ**

**ဗုတ်ဓော ဘဂဝါ တိ။**

မြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် 'အရဟံ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

အလုံးစုံသောတရားတော်တို့ကို မဖောက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူသောကြောင့် 'သမ္မာသမ္ဗုဒ္ဓ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ထိုးထွင်းသိမြင်သော ဝိဇ္ဇာဉာဏ်၊ အကျင့်စရဏဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န' ဂုဏ်တော်ကြီးနှင့်လည်း ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ဒုက္ခဓာတ်သိမ်း ချုပ်ငြိမ်းရာမှန် မြိုက်နိဗ္ဗာန်သို့ ကောင်းစွာကြွသွားတော်မူသောကြောင့် 'သုဂတိ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

လောကအားလုံးကို သိမ်းကျုံးကုန်စင် သိမြင်တော်မူသောကြောင့် 'လောကဝိဒူ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

မယဉ်ကျေးသူ လူ နတ် ဗြဟ္မာတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသောကြောင့် 'အနုတ္တရောပုရိသ ဒမ္မသာရထိ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့် 'သတ္တာဒေဝမနုဿာနံ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

သစ္စာလေးပါးတရားအမှန်ကို သိမြင်တော်မူသောကြောင့် 'ဗုဒ္ဓ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသောကြောင့် 'ဘဂဝါ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ဤသို့ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

**၁၂။ မမံ ဟိ ဝေါ ဘိက္ခဝေ**
**မမံ ဟိ ဝေါ ဘိတ်ခဝေ**
**အနုဿရတံ ယံ ဘဝိဿတိ**
**အနုတ်သရတံ ယံ ဘဝိတ်သတိ**
**ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသောဝါ**
**ဘယံဝါ ဆမ်ဘိတတ်တံဝါ လောမဟံသောဝါ**
**သော ပဟီယိဿတိ**
**သော ပဟီ ယိတ်သတိ။**

ရဟန်းတို့...ငါဘုရား၏ ဂုဏ်တော်ကို အောက်မေ့ကြကုန်သော သင်တို့အား ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၁၃။ နော စေ မံ အနုသာသရေယျာထ
နော ခေ မံ အနုတ်သာသရေယျာထ
အထဓမ္မံ အနုသာသရေယျာထ
အထ ဓမ်မံ အနုတ်သာသရေယျာထ။

ငါဘုရား၏ ဂုဏ်တော်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့။ ထိုသို့မအောက်မေ့မိကုန်သည်ရှိသော် တရားတော်၏ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၁၄။ သွာက္ခာတော ဘဂဝတာ ဓမ္မော
သွက်ခါတော ဘဂဝတာ ဓမ်မော
သန္ဒိဋ္ဌိကော အကာလိကော
သန်ဒိတ်ထိကော အ–ကာလိကော
ဧဟိပဿိကော၊ ဩပနေယျိကော
အေဟိ ပတ်သိကော အောပနေယိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ
ပစ်စတ်တံ ဝေဒိတပ်ဗော ဝိန်ညူဟီတိ။

မြတ်စွာဘုရား၏ တရားတော်မြတ်သည် အစ၌ သီလကောင်းခြင်း၊ အလယ်၌ သမာဓိကောင်းခြင်း၊ အဆုံး၌ ပညာ၏ကောင်းခြင်း အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံ၍ ကောင်းစွာဟောကြားတော်မူအပ်သောကြောင့် 'သွာက္ခာတ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်ရသော အကျိုးရှိသောကြောင့် 'သန္ဒိဋ္ဌိက' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ အခါမလင့် အကျိုးပေးခွင့်ကို ပေးတော်မူတတ်သောကြောင့် 'အကာလိတ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ လာပါ ကြည့်ပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်တိုက်တွန်းခြင်းဌာ ထိုက်တန်တော်မူသောကြောင့် 'ဧဟိပဿိတ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

နတ်ရွာနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သောကြောင့် 'ဩပနေယျိက' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ပညာရှိ သူတော်ကောင်းတို့သည် အသီးသီးသော မိမိတို့၏ စိတ်သန္တာန်၌ ချမ်းသာလေစွ၊ ကောင်းလေစွဟု သိမြင်ခံစားရသောကြောင့် 'ပစ္စတ္တံ၊ ဝေဒိတဗ္ဗ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ ဤသို့ အောက်မေ့ကြကုန်လော့။

၁၅။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ

ဓမ်မံ ဟိ ဝေါ ဘိတ်ခဝေ

အနုဿရတံ ယံ ဘဝိဿတိ

အနုတ်သရတံ ယံ ဘဝိတ်သတိ

ဘယံဝါ ဆမ္ဘိ တတ္တံ ဝါ

ဘယံ ဝါ ဆမ်ဘိ တတ်တံ ဝါ

လောမဟံ သော ဝါ

လောမဟံ သောဝါ

သော ပဟီ ယိဿတိ

သော ပဟီ ယိတ်သတိ။

ရဟန်းတို့...တရားတော်၏ ဂုဏ်တော်ကို အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၁၆။ နောစေ ဓမ္မံ အနုဿရေယျာထ

နော စေ ဓမ်မံ အနုတ်သရေယျာထ

အထ သံဃံ အနုဿရေယျာထ

အထ သံဃံ အနုတ်သရေယာထ။

တရားတော်၏ဂုဏ်တော်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့။ ထိုသို့မအောက်မေ့ကုန်သည်ရှိသော် သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၁၇။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

သုပ်ပတိပန်နော ဘဂဝတော သာဝကသံဃော

**ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**

**အုဇုပ်ပတိပန်နော ဘဂဝတော သာဝကသံဃော**

**ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**

**ဉာယပ်ပတိပန်နော ဘဂဝတော သာဝကသံဃော**

**သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**

**သာမိစိပ်ပတိပန်နော ဘဂဝတော သာဝကသံဃော**

**ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ**

**ယဒိဒံ စတ်တာရိ ပုရိသ ယုဂါနိ အတ်ထ ပုရိသပုတ်ဂလာ**

**ဧသ ဘဂဝတော သာဝက သံဃော**

**အေသ ဘဂဝတော သာဝကသံဃော**

**အာဟုနေယျော ပါဟုနေယျော**

**အာဟုနေရော ပါဟုနေရော**

**ဒက္ခိဏေယျော အဉ္ဇလိကရဏီယော**

**ဒက်ခိနေယော အင်ဇလိကရဏီယော**

**အနုတ္တရံ ပုညခေတ္တံ လောကဿာတိ**

**အနုတ်တရံ ပုန်ညခေတ်တံ လောကတ်သာတိ။**

မြတ်စွာဘုရား**၏**တပည့်သား သံဃာတော်မြတ်သည် ကောင်းစွာ ကျင့်တော်မူသောကြောင့် '**သုပ္ပဋိပန္န**'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ**၏** အရှင်ဘုရား။ ဖြောင့်မတ်သောအကျင့်ကို ကျင့်တော်မူသောကြောင့် '**ဥဇုပ္ပဋိပန္န**'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ**၏** အရှင်ဘုရား။ **နိဗ္ဗာန်**အကျိုးငှာ ကျင့်တော်မူသောကြောင့် '**ဉာယပ္ပဋိပန္န**'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ**၏** အရှင်ဘုရား။ အရိုအသေခံထိုက်အောင် ကျင့်တော်မူသောကြောင့် '**သာမိစိပ္ပဋိပန္န**'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ**၏** အရှင်ဘုရား။

အစုံအားဖြင့် လေးပါး၊ သီးခြားအားဖြင့် ရှစ်ပါးသော ယောကျ်ား မြတ်တို့သည် ရှိတော်မူကြကုန်၏။ မြတ်စွာဘုရား၏ ထိုအစုံလေးပါး၊ သီးခြားရှစ်ဖော် အရိယာသံဃာတော်မြတ်သည် အဝေးအရပ်မှ ယူဆောင်၍ လှူသော ပစ္စည်းလေးပါးကို အလှူခံထိုက်တော်မူသောကြောင့် 'အာဟုနေယျ' ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ ဧည့်သည်တို့အလို့ငှာ ရည်ညွှန်း၍ထားသော ပစ္စည်းများကို အလှူခံထိုက်တော်မူသောကြောင့်

'ပါဟုနေယျ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ တမလွန် ဘဝ၌ ကြီးပွားချမ်းသာရန် မျှော်မှန်း၍ လှူသော အလှူကို ခံထိုက်တော်မူ သောကြောင့် 'ဒက္ခိနေယျ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင် ဘုရား။ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တော်မူသောကြောင့် 'အဉ္ဇလိ ကရဏီယ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အတုမရှိသော ကောင်းမှု မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာကောင်းသဖွယ် ဖြစ်တော်မူသောကြောင့် 'ပုညက္ခေတ္တ'ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။ ဤသို့ အောက်မေ့ကြကုန်လော့။

၁၈။ **သံဃံ ဟိ ဝေါ ဘိက္ခဝေ**

သံဃံ ဟိ ဝေါ ဘိတ်ခဝေ

**အနုဿရတံ ယံ ဘဝိဿတိ**

အနုတ်သရတံ ယံ ဘဝိတ်သတိ

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ**

ဘယံ ဝါ ဆမ်ဘိတတ်တံ ဝါ လောမဟံသော ဝါ

**သော ပဟီယိဿတိ**

သော ပဟီယိတ်သတိ။

ရဟန်းတို့၊ သံဃာတော်၏ဂုဏ်ကို အောက်မေ့ကြကုန်သော သင် တို့အား ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထ ခြင်းသည် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၁၉။ **တံ ကိဿ ဟေတု**

တံ ကိတ်သ ဟေတု

**တထာ ဂတော ဟိ ဘိက္ခဝေ**

တထာ ဂတော ဟိ ဘိတ်ခဝေ

**အရဟံ သမ္မာ သမ္ဗုဒ္ဓေါ**

အရဟံ သမ်မာ သမ်ဗုတ်ဒေါ

**ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော**

**ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော**

**အခီလော အသဋ္ဌော အနုတ္တရာသီ အပလာယီတိ**

**အ–ခီလော အ–သဋ္ဌော အနုတ်တရာသီ အ–ပလာယီတိ။**

ထိုသို့ ကင်းငြိမ်းကွယ်ပျောက်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ၊ ရဟန်းတို့…ဝိပဿီ အစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော သင်တို့ဆရာ ငါဘုရားသည် လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ကြည်ဖြူဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်၏။ သစ္စာလေးပါးတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်သာလျှင် ကောင်းစွာသိတော်မူ၏။ ရာဂကင်းတော်မူ၏။ ဒေါသကင်းတော်မူ၏။ မောဟကင်းတော်မူ၏။ မကြောက်တတ်၊ ကိုယ်မတုန်လှုပ်တတ်၊ မလန့်တတ်၊ မပြေးတတ်။ ထိုအကြောင်းတို့ကြောင့် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

**၂၀။ ဣဒ မဝေါစ ဘဂဝါ**

**ဣဒ မဝေါစ ဘဂဝါ**

**ဣဒံ ဝတွာန သုဂတော**

**ဣဒံ ဝတ်တွာန သုဂတော**

**အထာပရံ ဧတ ဒဝေါစ သတ္ထာ**

**အထာပရံ့ဧတ ဒဝေါစ သတ်ထာ။**

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူပြီးလျှင် ကောင်းသောတရားစကားကိုလည်း ဟောကြားတော်မူတတ်သော မြတ်စွာဘုရားသည် ထိုမှတစ်ဖန် ဤသို့ မိန့်ကြားတော်မူပြန်၏။

**၂၁။ အရညေ ရုက္ခမူလေ ဝါ**

**အရင်ညေ ရုတ်ခ မူလေ ဝါ**

**သုညာဂါရေဝ ဘိက္ခဝေ**

**သုန်ညာ ဂါရေဝ ဘိတ်ခဝေ**
**အနုသရေထ သမ္ဗုဒ္ဓံ**
အနုတ်သရေထ သမ်ဗုတ်ခံ
**ဘယံ တုမှာက နောသိယာ**
ဘယံ တုန်မှာက နော သိယာ။

ရဟန်းတို့...တောအရပ်၌လည်းကောင်း၊ သစ်ပင်ရင်း၌လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်၌လည်းကောင်း ငါဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။ ဤသို့ အောက်မေ့ကုန်သည်ရှိသော် သင်တို့အား ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း အစရှိသော ဘေးအန္တရာယ်သည် မဖြစ်နိုင်ရာ။

၂၂။ **နောစေ ဗုဒ္ဓံ သရေယျာထ**
နော ခေ ဗုတ်ခံ သရေယာထ
**လောကဇေဋ္ဌံ နရာသဘံ**
လောကဇစ်ထံ နရာသဘံ
**အထဓမ္မံ သရေယျာထ**
အထဓမ်မံ သရေယာထ
**နိယျာနိကံ သုဒေသိတံ**
နိမ်ယာနိကံ သုဒေသိတံ။

လောကသုံးပါးတို့ထက် ကြီးမြတ်တော်မူ၍ လူတို့၏ အထွတ်ဖြစ်တော်မူသော ငါဘုရား၏ဂုဏ်တော်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့။ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော် သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၍ ကောင်းစွာဟောကြားတော်မူအပ်သော တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၂၃။ **နောစေ ဓမ္မံ သရေယျာထ**
နော ခေ ဓမ်မံ သရေယာထ
**နိယျာနိကံ သုဒေသိတံ**

**နိမ်ယာနိကံ သုဒေသိတံ**

**အထ သံဃံ သရေယျာထ**

**အထ သံဃံ သရေယာထ**

**ပုညက္ခေတ္တံ အနုတ္တရံ**

**ပုန်ညက်ခေတ်တံ အနုတ်တရံ။**

သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၍ ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်၏ဂုဏ်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့။ ထိုသို့ မအောက်မေ့ကုန်သည်ရှိသော် အတုမရှိသော ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၂၄။ **ဧဝံ ဗုဒ္ဓံ သရန္တာနံ**

**အေဝံ ဗုတ်ဓံ သရန်တာနံ**

**ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ**

**ဓမ်မံ သံဃင်စ ဘိတ်ခဝေါ**

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ**

**ဘယံ ဝါ ဆမ်ဘိ တတ်တံ ဝါ**

**လောမဟံ သော န ဟေဿတိ**

**လောမ – ဟံသော – န – ဟာစ်သတိ။**

ရဟန်းတို့... ဤသို့ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် ငါဘုရား၏ဂုဏ်တော်ကိုလည်းကောင်း၊ တရားတော်၏ဂုဏ်တော်ကိုလည်းကောင်း၊ သံဃာတော်၏ ဂုဏ်တော်ကိုလည်းကောင်း အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ဧကန်မဖြစ်လတ္တံ့သတည်း။

# အာဋာနာဋိယသုတ်ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် တောကျောင်း၌ များစွာသော ရဟန်းသံဃာတော်အပေါင်းနှင့် သီတင်းသုံးနေတော်မူသော အခါ နတ်ဘီလူးစစ်သည် ကုဋေတစ်သိန်းရှိသော ဝေဿဝဏ်နတ်မင်း၊ ဂန္ဓဗ္ဗနတ်စစ်သည် ကုဋေတစ်သိန်းရှိသော ဓတရဋ္ဌနတ်မင်း၊ ကုမ္ဘဏ်နတ်စစ်သည် ကုဋေတစ်သိန်းရှိသော ဝိရူဠှကနတ်မင်း၊ နတ်နဂါးစစ်သည် ကုဋေတစ်သိန်းရှိသော ဝိရူပက္ခနတ်မင်း၊ ဤစတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် မိမိတို့အခြွေအရံ စစ်သည်ကုဋေတစ်သိန်းစီနှင့်တကွ ညဉ့်သန်းခေါင်ယံအချိန်တွင် ကိုယ်ရောင်၊ တန်ဆာရောင်တို့ဖြင့် ဂိဇ္ဈကုဋ်တောင်အလုံးကို ထွန်းလင်းတောက်ပစေလျက် မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက်၍ ဆည်းကပ်ခစားကြကုန်၏။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ ဤသို့လျှောက်၏။

"အရှင်ဘုရား . . .ရတနာသုံးပါးကို မကြည်ညိုသော နတ်ဘီလူးတို့က များကြ၍ ကြည်ညိုသော နတ်ဘီလူးတို့က နည်းပါသည်။ ငါးပါးသီလကို မစောင့်သော နတ်ဘီလူးတို့က များကြ၍ စောင့်သော နတ်ဘီလူးတို့က

နည်းပါသည်။ သို့ဖြစ်ပါ၍ အရှင်ဘုရား၏ တပည့်တော်တို့သည် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်၌ တောတောင်လျှိုမြောင် ချောက်ကမ်းပါးလိုဏ်ဂူများ၌ သူတော်ကောင်းတရား ပွားများအားထုတ်နေတော်မူကြသောအခါ ထိုမကြည်ညိုသော နတ်ဘီလူးကြမ်းတို့တို့ မညှဉ်းဆဲစေခြင်းငှာ၊ စောင့်ရှောက်ကြစေခြင်းငှာ အာဋာနာဋိယသုတ်ပရိတ်တော်ကို လေ့ကျင့်ဆောင်ရွက် သရဇ္ဈာယ်တော်မူပါစေ”ဟု လျှောက်ထားလေ၏။

ယင်းသို့လျှောက်ထားတောင်းပန်သည်ကို မြတ်စွာဘုရား လက်ခံတော်မူကြောင်း သိသောအခါ ဝေဿဝဏ်နတ်မင်းကြီးသည် 'ဝိပဿိဿစနမတ္ထု'အစရှိသော အာဋာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဆိုလျှောက်ထားလေ၏။ ထိုမှတစ်ဖန် ဆက်လက်၍ လျှောက်ထားပြန်သည်မှာ...

“အရှင်ဘုရား၊ ဤအာဋာနာဋိယသုတ် ပရိတ်တော်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသောသူအား ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါးတို့ကဖမ်းစားနှိပ်စက်သည်ရှိသော် ထိုဘီလူးသည် ရွာနိဂုံးတို့၌ အရိုအသေပြုခြင်းမခံရပါ။ အာဠကမန္ဒာမင်းနေပြည်၌ ဗိမာန်အိပ်ရာနှင့် အမြဲနေခြင်းကိုမရပါ။ ဘီလူးတို့၏ အစည်းအဝေးကို တက်ခွင့်မရပါ။ ထိုဘီလူးကို အခြားဘီလူးတို့က သမီးယူဆောင်ကာ လက်ထပ်ခြင်း၊ သမီးပေး၍ လက်ထပ်ခြင်းမပြုကြပါ။ 'မျက်လုံးပြူးသူ သွားခေါသူ' စသည်ဖြင့် ကိုယ်နှင့်စပ်သောဆဲရေးခြင်းမျိုးစုံတို့ဖြင့်လည်း ဆဲရေးကုန်၏။ ဦးခေါင်း၌ သံခွက်လွတ်ကိုလည်း မှောက်ထားကုန်၏။ ထိုဘီလူး၏ ဦးခေါင်းကိုလည်း ခုနစ်စိတ်ခွဲကုန်၏”ဟု ဘီလူးတို့၏ အပြစ်ဒဏ်ခံရပုံကို လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားပြီးသောအခါ နတ်မင်းကြီးလေးပါးတို့သည် စတုမဟာရာဇ် နတ်ပြည်သို့ ပြန်ကြလေ၏။

နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့ကို ခေါ်တော်မူ၍ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ လာရောက်လျှောက်ထားသွားပုံကို မိန့်ကြားတော်မူပြီးလျှင် အာဋာနာဋိယသုတ် ပရိတ်တော်ကို လေ့ကျင့်ဆောင်ရွက် သရဇ္ဈာယ်ကြရန် ဟောတော်မူလေသည်။

ဤသုတ်ကို အာဋာနာဋိယမြို့တော်၌ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ စည်းဝေး၍ သီကုံးဖွဲ့ဆိုသောကြောင့် အာဋာနာဋိယသုတ်ဟု

ခေါ်တွင်၏။ နတ်ဆိုး ဘီလူးဆိုး စသည်တို့ ဘေးအန္တရာယ်မှ ကင်းဝေးစေသော နတ်မန္တရားတော်ကြီးဖြစ်၏။ တန်ခိုးအာဏာကြီးမားပြင်းထန်လှပေသည်။

*ရောဂါအထူး၊ ဘီလူးသဘက်*
*နှောင့်ယှက်ဖမ်းလာ၊ အာဋာနာဋိယ*
*ပရိတ္တဟု၊ ကြည်စွာမြတ်နိုး*
*ရှိခိုးရွတ်ခါ၊ ဘေးဝေးခွာသည်*
*ကင်းကွာပကတိ၊ ချမ်းသာဘိ၏။*

ိခြင်

(၈)

# အာဗ္ဗာနာဠိယသုတ်

## အာဋ္ဌာနာဋိယသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

အာဋ္ဌာနာဋိယသုတ်တော်တွင် ဝိပဿီ အစရှိသော ဘုရားခုနစ်ဆူတို့၏ ဂုဏ်တော်၊ တ ိခိုးတော်အားဖြင့်လည်းကောင်း၊ ဓတရဋ္ဌ အစရှိသော လောကပါလနတ်မင်းကြီးလေးပါးတို့၏ စောင့်ရှောက်မှုဖြင့်လည်းကောင်း ပရိတ်နာသော ပုဂ္ဂိုလ်တို့မှ အနာရောဂါ စသော အန္တရာယ်များ ကင်းရှင်းလျက် ချမ်းသာသုခနှင့် ပြည့်စုံကြစေရန် အာသိသပြုပုံကို ဟောကြားထားပါသည်။

အာဋ္ဌာနာဋိယသုတ်တော်ကို အမှောင့်ပယောဂ ကပ်ချိန်နှင့် တခြားမကောင်းဆိုးဝါးများ နှိပ်စက်သောအခါ ရွတ်ဖတ်ကြသည်။ အာဋ္ဌာနာဋိယသုတ်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် အစိမ်းသရဲ၊ မြေဘုတ်၊ ဘီလူး၊ နတ်ဆိုး၊ နတ်ကြမ်းတို့၏ နှောင့်ယှက်ခြင်းမှ ကင်းလွတ်နိုင်ပြီး မကောင်းသော ဘေးကြမ္မာဆိုးများ လွတ်ကင်းချမ်းသာနိုင်ပါသည်။

၁။ **အပ္ပသန္နေဟိ နာထဿ**
အပ်ပ – သန်နေဟိ နာထတ်သ
**သာသနေ သာဓု သမ္မတေ**
သာသနေ သာဓု သမ်မတေ
**အမနုဿေဟိ စန္ဒေဟိ**
အ – မနုတ်သေဟိ စန်ဒေဟိ
**သဒါ ကိဗ္ဗိသ ကာရိဘိ**
သဒါ ကိတ်ဗိသ ကာရိဘိ။

လောကဓာတ်တစ်ဝန်းလုံးတွင် အကောင်းဆုံးဟု သမုတ်အပ်သော မြတ်စွာဘုရား သာသနာတော်ကြီး၌ မနှစ်လို မကြည်ညိုကြကုန်။ မာန်တကြွကြွ ကြမ်းကြုတ်ကြကုန်သော မိစ္ဆာဘီလူးတို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း မကောင်းမှုကို ပြုလုပ်ကြကုန်၏။

၂။ **ပရိသာနံ စတဿန္နံ**
ပရိသာနံ စတတ်သာနံ
**အဟိံသာယ စ ဂုတ္တိယာ**
အဟိန်သာယ စဂုတ်တိယာ
**ယံ ဒေသေသိ မဟာဝီရော**
ယံ ဒေသေသိ မဟာဝီရော
**ပရိတ္တံ တံ ဘဏာမဟေ**
ပရိတ်တံ တံ ဘဏာမ ဟေ။

ထိုမိစ္ဆာဘီလူးတို့သည် ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ လူယောကျာ်း၊ လူမိန်းမအားဖြင့် လေးပါးသော ပရိသတ်တို့အား မညှဉ်းဆဲကြစေခြင်းငှာလည်းကောင်း၊ စောင့်ရှောက်ကြစေခြင်းငှာလည်းကောင်း ကြီးမားသော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရားသည် တံတိုင်းပမာ ရံသိုင်းကာထားရာဖြစ်သော ဤအာဋာနာဋိယသုတ် ပရိတ်တော်ကို ကရုဏာရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူလေပြီ။ အို…သူတော်ကောင်းအပေါင်းတို့၊ ထိုအာဋာနာဋိယသုတ် ပရိတ်တရားတော်ကို ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၃။ **ဝိပဿိဿ စ နမတ္ထု**
**ဝိပတ်သိပ်သ စ နမတ်ထု**
**စက္ခုမန္တဿ သိရီမတော**
**စက်ခု မန်တတ်သ သီရိမတော**
**သိခိဿာပိ စ နမတ္ထု**
**သိခိတ်သာပိ စ နမတ်ထု**
**သဗ္ဗဘူတာ နုကမ္ပိနော**
**သပ်ဗဘူတာ နုကမ်ပိနော။**

စက္ခုအမြင်ငါးပါးနှင့် ပြည့်စုံတော်မူ၍ ဘုန်းကျက်သရေနှင့်လည်း ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။ ခပ်သိမ်းသောသတ္တဝါတို့ကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၄။ **ဝေဿဘုဿ စ နမတ္ထု**
**ဝေ့်သဘုတ်သ စ နမတ်ထု**
**နှာတကဿ တပဿိနော**
**နှာတကတ်သ တပတ်သိနော**
**နမတ္ထု ကကုသန္ဓဿ**
**နမတ်ထု က,ကုသန်ဓတ်သ**
**မာရသေနာ ပမဒ္ဒိနော**
**မာရသေနာ ပမတ်ဒိနော။**

မကောင်းမှုကို ဆေးကြောတော်မူပြီးလျှင် ခြိုးခြံသောအကျင့်ကို ကျင့်တော်မူသော ဝေဿဘူမြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။ ဒေဝပုတ္တ စသည် ငါးပါးမာရ်စစ်များကို နှိပ်နင်းဖျက်ဆီးတော်မူတတ်သော ကကုသန်မြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၅။ **ကောဏ္ဍာဂမနသ္သ နမတ္ထု**
ကောဏ္ဍာ ဂမနတ်သ နမတ်ထု
**ဖြဟ္မဏာသ္သ ဝုသီမတော**
ဖြန်မနတ်သ ဝုသီမတော
**ကသ္သ ပသ္သ စ နမတ္ထု**
ကတ်သ ပတ်သ စ နမတ်ထု
**ဝိပ္ပ မုတ္တသ္သ သဗ္ဗဓိ**
ဝိပ်ပ မုတ်တတ်သ သပ်ဗဓိ။

မကောင်းမှုကို မျှောတော်မူပြီး၍ ဝသီတော်ငါးပါးနှင့် ပြည့်စုံတော်မူသော ကောဏ္ဍာဂုံ မြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။ ခပ်သိမ်းသော ကိလေသာတို့မှ ကင်းလွတ်တော်မူပြီးသော ကဿပမြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၆။ **အင်္ဂီရသသ္သ နမတ္ထု**
အင်ဂီရသတ်သ နမတ်ထု
**သကျပုတ္တသ္သ သိရီမတော**
သက်ကျ ပုတ်တတ်သ သိရီမတော
**ယော ဣမံ ဓမ္မံ ဒေသေတိ**
ယော အိမံ ဓမ်မံ ဒေသေတိ
**သဗ္ဗ ဒုက္ခာ ပနူဒနံ**
သဗ်ဗ ဒုတ်ခါ ပနူဒနံ။

ဂေါတမဘုရားသခင်သည် အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်တော်မူတတ်သော တရားမြတ်ကို ဟောတော်မူ၏။ ကိုယ်တော်မှ ထွက်ပေါ်သော အရောင်ရှိတော်မူ၏။ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူ၏။ သာကီဝင်မင်းသား ဖြစ်တော်မူသော ထိုဂေါတမဘုရားသခင်အား အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၇။ **ယေ စာပိ နိဗ္ဗုတာ လောကေ**
ယေ စာပိ နိပ်ဗုတာ လောကေ
**ယထာ ဘူတံ ဝိပဿိသုံ**
ယထာ ဘူတံ ဝိပတ်သိသုံ
**တေဇနာ အပိသုဏာထ**
တေ ဇနာ အ–ပိသုဏာ ထ
**မဟန္တာ ဝီတသာရဒါ**
မဟန်တာ ဝီတ သာရဒါ။

လောက၌ ကိလေသာမီး ငြိမ်းအေးတော်မူကြကုန်ပြီးသော ရဟန္တာအရှင်မြတ်တို့သည် ဟုတ်မှန်သောအတိုင်း သိမြင်တော်မူကြကုန်၏။ ထိုရဟန္တာအရှင်မြတ်တို့သည် ချောပစ်ကုန်းတိုက်သောစကားကို မဆိုတော်မူကြကုန်။ အထူးသဖြင့် မြင့်မြတ်တော်မူကြကုန်၏။ ကြောက်ရွံ့ခြင်း ကင်းတော်မူကြကုန်၏။

၈။ **ဟိတံ ဒေဝမနုဿာနံ**
ဟိတံ ဒေဝ မနုတ်သာနံ
**ယံ နမဿန္တိ ဂေါတမံ**
ယံ နမတ်သန်တိ ဂေါတမံ
**ဝိဇ္ဇာ စရဏ သမ္ပန္နံ**
ဝိတ်ဇာ စရဏ သမ်ပန်နံ
**မဟန္တံ ဝီတ သာရဒါ**
မဟန်တံ ဝီတ သာရဒါ။

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော၊ မြတ်လည်းမြတ်တော်မူသော ကြောက်ရွံ့ခြင်းလည်း ကင်းတော်မူသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကိုလည်း ဆောင်တော်မူသော ဂေါတမ မြတ်စွာဘုရားကို ရှိခိုးတော်မူကြကုန်၏။ ထိုရဟန္တာအရှင်မြတ်တို့အားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

**၉။ ဧတေ စညေ့ စ သမ္ဗုဒ္ဓါ**
**အေတေ စင်ညေ့ စ သမ်ဗုတ်ဓာ**
**အနေက သတ ကောဋိယော**
**အနေက သတ ကောတိယော**
**သဗ္ဗေ ဗုဒ္ဓါ သမသမာ**
**သဗ်ဗေ ဗုတ်ဓာ သမသမာ**
**သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ**
**သဗ်ဗေ ဗုတ်ဓာ မဟိတ်ဒိကာ။**

ဝိပဿီ အစရှိသော ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ကုဋေအရာမက များလှကုန်သော တစ်ပါးသော မြတ်စွာဘုရားတို့သည်လည်းကောင်း ဤအလုံးစုံသော မြတ်စွာဘုရားတို့သည် ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မတူတော်မူကြကုန်။ ဘုရားချင်းသာတူတော်မူကြကုန်၏။ ကြီးသော တန်ခိုးအာနုဘော် ရှိတော်မူကြကုန်၏။

**၁၀။ သဗ္ဗေ ဒသ ဗလူ ပေတာ**
**သဗ်ဗေ ဒသ ဗလူပေတာ**
**ဝေသာရဇ္ဇေ ဟု’ ပါဂတာ**
**ဝေသာရဇ်ဇေ ဟု ပါဂတာ**
**သဗ္ဗေတေ ပဋိဇာနန္တိ**
**သဗ်ဗေ တေ ပတိဇာနန်တိ**
**အာသဘံ ဌာနမုတ္တမံ**
**အာသဘံ ထာန မုတ်တမံ။**

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် ကိုယ်တော်အား ဆယ်ပါး၊ ဉာဏ်တော်အား ဆယ်ပါးတို့နှင့် ပြည့်စုံတော်မူကြကုန်၏။ ဝေသာရဇ္ဇဉာဏ် လေးပါးတို့နှင့်လည်း ပြည့်စုံတော်မူကြကုန်၏။ ယောက်ျားမြတ်တို့၏ အရာဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ဝန်ခံတော်မူကြကုန်၏။

**၁၁။ သီဟနာဒံ နဒန္တေ တေ**
**သီဟ နာဒံ နဒန်တေ တေ**

**ပရိသာသု ဝိသာရဒါ**
ပရိသာသု ဝိသာရဒ်ါ
**ဗြဟ္မစက္ကံ ပဝတ္တေန္တိ**
ဗြန်မ စက်ကံ ပဝတ်တန်တိ
**လောကေ အပ္ပဋိ ဝတ္တိယံ**
လောကေ အပ်ပတိ ဝတ်တိယံ။

ထိုမြတ်စွာဘုရားတို့သည် ပရိတ်လေးပါး၌ ရဲရင့်တော်မူကုန်သော ကြောင့် ကေသရာခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို ဆိုတော်မူကြကုန် ၏။ လောက၌ သူတစ်ပါးတို့ မလည်စေနိုင်သော ဓမ္မစကြာတရားတော် မြတ်ကို လည်စေတော်မူကုန်၏။ ဟောကြားတော်မူကုန်၏။

၁၂။ **ဥပေတာ ဗုဒ္ဓ ဓမ္မေဟိ**
အုပေတာ ဗုတ်ဓ ဓမ်မေဟိ
**အဋ္ဌာရသဟိ နာယကာ**
အတ်ထာရသ, ဟိ နာယကာ
**ဗာတ္တိံသ လက္ခဏူပေတာ**
ဗတ်တိန်သ လက်ခဏူပေတာ
**သီတာနု ဗျဉ္ဇနာဓရာ**
သီတာနု ဗျင်ဇနာ ဓရာ။

လူသုံးပါးတို့၏ ခရီးလမ်းညွှန်ဖြစ်တော်မူသော ဘုရားရှင်တို့သည် တစ်ဆယ့်ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြကုန်၏။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့်လည်း ပြည့်စုံတော်မူကြကုန် ၏။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကိုလည်း ဆောင်တော်မူကုန်၏။

၁၃။ **ဗျာမပ္ပဘာယ သုပ္ပဘာ**
ဗျာမတ် – ပ – ဘာယ သုပ် – ပ – ဘာ
**သဗ္ဗေတေ မုနိကုဉ္စရာ**
သပ်ဗေ တေ မုနိ ကုန်ဇရာ

**ဖုဒ္ဓါ သဗ္ဗညုနော ဓေတေ**

ဖုတ်ဓာ သပ်ဗင်ညုနော အေတေ

**သဗ္ဗေ ခီဏာသဝါ ဇိနာ**

သပ်ဗေ ခီဏာသဝါ ဇိနာ။

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် တစ်လံမျှလောက်သော ကိုယ်တော်၏ အရောင်ဖြင့် ကောင်းစွာထွန်းပတော်မူကုန်၏။ အာဂါရ၊ အနာဂါရ၊ သေက္ခ၊ အသေက္ခ၊ ပစ္စေကအားဖြင့် မုနိငါးပါးတို့ထက် မြတ်တော်မူကုန်၏။ ခပ်သိမ်းသော တရားတို့ကို သိတော်မူကုန်၏။ အာသဝေါတရားကုန်ခန်းပြီးတော်မူကုန်၏။ မာရ်ငါးပါးကို အောင်တော်မူကုန်၏။

**၁၄။ မဟာ ပဘာ မဟာ တေဇာ**

မဟာ–ပ–ဘာ မဟာတေဇာ

**မဟာ ပညာ မဟဗ္ဗလာ**

မဟာ ပင်ညာ မဟာပ်ဗလာ

**မဟာကာရုဏိကာ ဓီရာ**

မဟာ ကာရုဏိကာ ဓီရာ

**သဗ္ဗေသာနံ သုခါဝဟာ**

သပ်ဗေသာနံ သုခါဝဟာ။

ကြီးမြတ်သော ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင် ရှိတော်မူကုန်၏။ ကြီးမြတ်သော တန်ခိုးတော် ရှိတော်မူကုန်၏။ ကြီးမြတ်သောပညာ ရှိတော်မူကုန်၏။ ကြီးမြတ်သောခွန်အား ရှိတော်မူကုန်၏။ ကြီးမားသောကရုဏာ ရှိတော်မူကုန်၏။ ကြီးမားသောသမာဓိ ရှိတော်မူကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ရွက်တော်မူကုန်၏။

**၁၅။ ဒီပါ နာထာ ပတိဋ္ဌာ စ**

ဒီပါ နာထာ ပတိတ်ထာ စ

**တာဏာ လေနာ စ ပါဏိနံ**

တာဏာ လေနာ စ ပါဏိနံ

**ဂတိ ဗန္ဓူ မဟေသာသာ**

**ဂတိ ဗန်ဓူ မဟာစ်သာသာ**

**သရဏာ စ ဟိတေသိနော**

**သရဏာ စ ဟိတေသိနော။**

အလုံးစုံသောသတ္တဝါတို့၏ မှီခိုရာ ကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူကြကုန်၏။ ကိုးကွယ်ရာလည်း ဖြစ်တော်မူကြကုန်၏။ ထောက်ရာတည်ရာလည်း ဖြစ်တော်မူကြကုန်၏။ စောင့်လည်း စောင့်ရှောက်တော်မူကြကုန်၏။ ပုန်းအောင်းမှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ မှီဝဲဆည်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏။ စီးပွားချမ်းသာကို ဆောင်တတ်သော အမျိုးဆွေကြီးလည်း ဖြစ်တော်မူကြကုန်၏။ လိုအပ်သောအကျိုးကို ပွားတိုးပြီးစီးစေတတ်သောကြောင့် ဗိသနိုးနတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းနှင့်လည်း တူတော်မူကြကုန်၏။ နေ့ညဥ့်မပြတ် အောက်မေ့ရာလည်း ဖြစ်တော်မူကုန်၏။ အကျိုးစီးပွားကိုလည်း ရှာမှီးတော်မူကြကုန်၏။

**၁၆။ သဒေဝကဿ လောကဿ**

**သ, ဒေဝကတ်သ လောကတ်သ**

**သဗ္ဗေ ဧတေ ပရာယဏာ**

**သပ်ဗေ အေတေ ပရာယဏာ**

**တေသာဟံ သိရသာ ပါဒေ**

**တေသာ ဟံ သိရ, သာ ပါဒေ**

**ဝန္ဒာမိ ပုရိသုတ္တမေ**

**ဝန်ဒါမိ ပုရိ သုတ်တမေ။**

ဤအလုံးစုံသော မြတ်စွာဘုရားတို့သည် နတ်နှင့်တကွသော လူအပေါင်းတို့၏ လဲလျောင်းရာလည်း ဖြစ်တော်မူကြကုန်၏။ အကျွန်ုပ်သည် ယောကျ်ားတကာတို့ထက် မြတ်သော ထိုမြတ်စွာဘုရားတို့၏ ခြေတော်အစုံကြာပဒုံတို့ကို တုပ်ကွညွတ်ပျောင်း မြတ်ဦးခေါင်းဖြင့် ကောင်းစွာရှိခိုးပါ၏။

**၁၇။ ဝစသာ မနသာ စေဝ**

**ဝစ, သာ မန,သာ စေဝ**

**ဝန္ဒာမေ’ တေ တထာဂတေ**
ဝန်ဒါမေ’ တေ တထာဂတေ
**သယနေ အာသနေ ဌာနေ**
သယနေ အာသနေ ထာနေ
**ဂမနေ စာပိ သဗ္ဗဒါ**
မဂနေ စာပိ သပ်ဗဒါ။

ထိုသဗ္ဗညုရှင်တော်ဘုရားတို့ကို အိပ်သောအခါ၊ ထိုင်သောအခါ၊ ရပ်သောအခါ၊ သွားသောအခါတို့၌ အခါခပ်သိမ်း နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ရှိသေမြတ်နိုး ရှိခိုးပါ၏။

၁၈။ **သဒါ သုခေန ရက္ခန္တု၊**
သဒါ သုခေန ရက်ခန်တု
**ဗုဒ္ဓါ သန္တိကရာ တုဝံ**
ဗုတ်ဓာ သန်တိ ကရာ တုဝံ
**တေဟိ တွံ ရက္ခိတော သန္တော**
တေဟိ တွန် ရက်ခိတော သန်တော
**မုတ္တော သဗ္ဗဘယေဟိ စ**
မုတ်တော သပ်ဗ ဘယေဟိ စ။

ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးခြင်းကို ပြုတော်မူကုန်သော ထိုမြတ်စွာဘုရားတို့သည် သင့်အား အခါခပ်သိမ်း ကိုယ် စိတ် နှစ်ဖြာ ချမ်းသာစေခြင်းဖြင့် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ ထိုမြတ်စွာဘုရားတို့ အခါမပြတ် စောင့်ရှောက်အပ်သော သင်သည် ကိုယ်စိတ်နှစ်ဖြာ ငြိမ်သက်ပါစေသတည်း။ အလုံးစုံသော ဘေးရန်ဟူသမျှတို့မှ ကင်းလွတ်ပါစေသတည်း။

၁၉။ **သဗ္ဗရောဂါ ဝိနိမုတ္တော**
သပ်ဗရောဂါ ဝိနိ မုတ်တော
**သဗ္ဗသန္တာပ ဝဇ္ဇိတော**
သပ်ဗသန်တာပ ဝတ်ဇိတော

**သဗ္ဗဝေရ မတိက္ကန္တော**
သပ်ဗဝေရ မတိတ်ကန်တော
**နိဗ္ဗုတော စ တုဝံ ဘဝ**
နိတ်ဗုတော စ တုဝံ ဘဝ။

၂၀။ **တေသံ သစ္စေန သီလေန**
တေသံ သစ်စေန သီလေန
**ခန္တိ မေတ္တာ ဗလေန စ**
ခန်တိ မစ်တာ ဗလေန စ
**တေပိ အမှေ’ နုရက္ခန္တု**
တေပိ အန်မှေ နုရက်ခန်တု
**အရောဂေန သုခေန စ**
အ–ရောဂေန သုခေ–န–စ။

ထိုမြတ်စွာဘုရားတို့၏ သစ္စာတော် အစွမ်းအာနုဘော်ကြောင့်လည်း ကောင်း၊ သီလတော်အစွမ်းအာနုဘော်ကြောင့်လည်းကောင်း၊ ခန္တီတော် အစွမ်းအာနုဘော်ကြောင့်လည်းကောင်း၊ မေတ္တာတော် အစွမ်းအာနုဘော် ကြောင့်လည်းကောင်း သင်သည် အလုံးစုံသော အနာရောဂါတို့မှ ကင်း လွတ်ပါစေသတည်း။ အလုံးစုံသော ပူပင်ခြင်းတို့မှ ကင်းဝေးပါစေသတည်း။ ကိုယ်တွင်းကိုယ်ပ ရန်သူဟူသမျှတို့ကို လွန်မြောက်ပါစေသတည်း။ ကိုယ် စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာပါစေသတည်း။ ထိုမြတ်စွာဘုရားတို့သည် လည်း အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်း ကျန်းမာခြင်းဖြင့်လည်း ကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့်လည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြကုန်လော့။

၂၁။ **ပုရတ္ထိမသ္မိံ ဒိသာဘာဂေ**
ပုရတ်ထိ မတ်သမိန် ဒိသာဘာဂေ
**သန္တိ ဘူတာ မဟိဒ္ဓိကာ**
သန်တိ ဘူတာ မဟိတ်ဒိကာ

**တေပိ အမှေ ’ နုရက္ခန္တု**

တေပိ အန်မှေ နုရက်ခန်တု

**အရောဂေန သုခေန စ**

အရောဂေန သုခေန စ။

အရှေ့မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏။ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့်လည်းကောင်း၊ အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

**၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ**

ဒက်ခိနသမိန် ဒိသာ ဘာဂေ

**သန္တိ ဒေဝါ မဟိဒ္ဓိကာ**

သန်တိ ဒေဝါ မဟိတ်ဒိကာ

**တေပိ အမှေ ’ နုရက္ခန္တု**

တေပိ အန်မှေ ’ နုရက်ခန်တု

**အရောဂေန သုခေန စ**

အ – ရောဂေန သုခေန – စ။

တောင်မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော ကုမ္ဘဏ်နတ်တို့သည် ရှိကုန်၏။ ထိုကုမ္ဘဏ်နတ်တို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့်လည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

**၂၃။ ပစ္ဆိမသ္မိံ ဒိသာ ဘာဂေ**

ပစ်ဆိမသမိန် ဒိသာ ဘာဂေ

**သန္တိ နာဂါ မဟိဒ္ဓိကာ**

သန်တိ နာဂါ မဟိတ်ဒိကာ

**တေပိ အမှေ ’ နုရက္ခန္တု**

တေပိ အန်မှေ နုရက်ခန်တု

**အရောဂေန သုခေန စ**

အ – ရောဂေန သုခေန – စ။

အနောက်မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော နတ်နဂါးတို့သည် ရှိကုန်၏။ ထိုနတ်နဂါးတို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြင့်လည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၄။ **ဥတ္တရသ္မိံ ဒိသာ ဘာဂေ**

ဥတ်တရသမိန် ဒိသာ ဘာဂေ

**သန္တိ ယက္ခာ မဟိဒ္ဓိကာ**

သန်တိ ယက်ခါ မဟိတ်ဒိကာ

**တေပိ အမှေ နုရက္ခန္တု၊**

တေပိ အန်မှေ နုရက်ခန်တု

**အရောဂေန သုခေန စ**

အ – ရောဂေန သုခေန – စ။

မြောက်မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော နတ်ဘီလူးတို့သည် ရှိကုန်၏။ ထိုနတ်ဘီလူးတို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့် လည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၅။ **ပုရတ္ထိမေန ဓတ ရဋ္ဌော**

ပုရတ်ထိမေန ဓတ ရတ်ထော

**ဒက္ခိဏေန ဝိရူဠှကော**

ဒက်ခိဏေန ဝိရုန်လှကော

**ပစ္ဆိမေန ဝိရူပက္ခော**

ပစ်ဆိမေန ဝိရူပက်ခေါ

**ကုဝေရော ဥတ္တရံ ဒိသံ**

ကုဝေရော ဥတ်တရံ ဒိသံ။

မြင်းမိုရ်တောင်မင်း၏ အရှေ့မျက်နှာအရပ်၌ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်း၊ တောင်မျက်နှာအရပ်၌ ကုမ္ဘဏ်နတ်တို့ကို အစိုးရသော ဝိရုဠ္ဌကနတ်မင်း၊ အနောက်မျက်နှာအရပ်၌ နတ်နဂါးတို့ကို အစိုးရသော ဝိရူပက္ခနတ်မင်း၊ မြောက်မျက်နှာအရပ်၌ နတ်ဘီလူးတို့ကို အစိုးရသော ကုဝေရနတ်မင်း ဤနတ်မင်းကြီးလေးပါးတို့သည် နေထိုင်ကြကုန်၏။

၂၆။ စတ္တာရော တေ မဟာ ရာဇာ

စတ်တာရော တေ မဟာရာဇာ

လောကပါလာ ယသဿိနော

လောကပါလာ ယသတ်သိနော

တေပိအမှေ' နုရက္ခန္တု

တေပိ အန်မှေ' နုရက်ခန်တု

အရောဂေန သုခေန စ

အ–ရောဂေန သုခေန–စ။

ထိုနတ်မင်းကြီးလေးပါးတို့သည် လောကကို စောင့်ရှောက်ကြကုန်၏။ များသော အခြံအရံ ရှိကြကုန်၏။ ထိုနတ်မင်းကြီးလေးပါးတို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်း ကျန်းမာခြင်းဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့်လည်းကောင်း၊ အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ

အာကာသတ်ထာ စ ဘူမတ်ထာ

ဒေဝါ နာဂါ မဟိဒ္ဓိကာ

ဒေဝါ နာဂါ မဟိတ်ဓိကာ

တေပိ အမှေ' နုရက္ခန္တု

တေပိ အန်မှေ' နုရက်ခန်တု

အရောဂေနသုခေနစ

အ–ရောဂေန သုခေန–စ။

ကောင်းကင်၌ တည်နေကြကုန်သော တန်ခိုးကြီးသော နတ်တို့သည်လည်းကောင်း၊ မြေ၌ တည်နေကြကုန်သော တန်ခိုးကြီးသော နတ်တို့သည်လည်းကောင်း၊ နဂါးမင်းတို့သည်လည်းကောင်း ရှိကြကုန်၏။ ထိုတန်ခိုးကြီးမားသော နတ်နဂါးတို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်းကျန်းမာခြင်းငှာလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှာလည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ
အိဒ်ဓိမန်တောစ ယေ ဒေဝါ
ဝသန္တာ ဣဓသာသနေ
ဝသန်တာ အိဓ သာသနေ
တေပိ အမှေ’ နုရက္ခန္တု
တေပိ အန်မှေ’ နုရက်ခန်တု
အရောဂေန သုခေန စ
အရောဂေန သုခေန –စ။

ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ကျင့်ကြံနေထိုင်ကြကုန်သော တန်ခိုးကြီးသောနတ်တို့သည် ရှိကုန်၏။ ထိုတန်ခိုးကြီးသောနတ်တို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်း ကျန်းမာခြင်းငှာလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှာလည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၉။ သဗ္ဗီ’တိယော ဝိဝဇ္ဇန္တု
သပ်ဗီတိယော ဝိဝစ်ဇန်တု
သောကော ရောဂေါ ဝိနဿတု
သောကော ရောဂေါ ဝိနတ်သတု
မာတေ ဘဝန္တွ’န္တ ရာယာ
မာ တေ ဘဝန် တွံတရာယာ
သုခီ ဒီဃာယုကော ဘဝ
သုခီ ဒီဃာယုကော ဘဝ။

သင့်အား ခပ်သိမ်းသော ဘေးရန်တို့သည် ကင်းဝေးကြစေကုန်သတည်း။ စိုးရိမ်ကြောင့်ကြ ပူပန်မှုတို့သည်လည်းကောင်း၊ အနာရောဂါဟူသမျှတို့သည်လည်းကောင်း ပျောက်လွင့်ကြပါစေကုန်သတည်း။ ကိုယ်တွင်းကိုယ်ပ အန္တရာယ်ဟူသမျှတို့သည် မဖြစ်ကြစေကုန်သတည်း။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် အသက်ရှည်ကြပါစေကုန်သတည်း။

**၃၀။ အဘိဝါဒန သီလိဿ**

**အဘိဝါဒန သီလိဿ**

**နိစ္စံ ဝုဍ္ဎာပစာယိနော**

**နိစ်စံ ဝုတ်ဍာ ပစာယိနော**

**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ**

**စတ်တာရော ဓမ်မာ ဝတ်ဒန်တိ**

**အာယု ဝဏ္ဏော သုခံ ဗလံ**

**အာယု ဝန်ဏော သုခံ ဗလံ။**

ရတနာသုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးလေ့ရှိလျက် အသက်အရွယ် ဂုဏ်သိက္ခာကြီးသောသူတို့ကို အမြဲမပြတ် ရိုသေလေ့ရှိသော ပုဂ္ဂိုလ်အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဤအကျိုးတရားလေးပါးတို့သည် တစ်နေ့တခြား တိုးပွားကြကုန်၏။

# အင်္ဂုလိမာလသုတ်ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေဝန်ကျောင်းတော်၌ နေတော်မူသောအခါ အရှင်အင်္ဂုလိမာလမထေရ်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသော် သားမဖွားနိုင်သော မိန်းမငယ်တစ်ယောက်အကြောင်းကို ကြားသိရ၍ အလွန်သနားတော်မူရကား ကျောင်းသို့ လျင်မြန်စွာ ပြန်လာပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် 'ယတော ဟံ ဘဂိနိ' အစရှိသော ပရိတ်တော်ကို ဟောတော်မူ၍ ဤပရိတ်ကို တင်းတိမ်ပြင်ပကနေ၍ ရွတ်လေဟု မိန့်တော်မူ၏။ မထေရ်လည်း လျင်မြန်စွာသွား၍ မိန်းမငယ်ကို တင်းတိမ်ရံစေပြီး ပြင်ပညောင်စောင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် ပရိတ်တော်ကို ရွတ်လေ၏။ မိန်းမငယ်လည်း ရှုံ့ခိုး၍ ရှိသေစွာနာ၏။ ထိုခဏ၌ပင် မျက်နှာမြင်၍ မိခင်ရော ကလေးပါ ချမ်းသာကြလေ၏။

နောင်အခါ သားမဖွားနိုင်သော မိန်းမတို့ကို ယူဆောင်၍ ပရိတ်ရွတ်သောနေရာ၌ ထားသည်ရှိသော် ချမ်းသာစွာ သားဖွားနိုင်၏။ ပရိတ်ရွတ်ရာအရပ်သို့ မယူဆောင်နိုင်ခဲ့သော် အရှင်အင်္ဂုလိမာလပရိတ်ရွတ်စဉ်က ထိုင်သောနေရာကို ရေဆေး၍ ထိုရေဖြင့် သားမဖွားနိုင်သော မိန်းမဦးခေါင်းကို သွန်းလောင်းသောအခါ လျင်မြန်စွာ သားဖွားနိုင်၏။

ဤသို့ဆိုခဲ့ပြီးသော အကျိုးအာနိသင်သည် အင်္ဂုလိမာလပရိတ်ရွတ်ရာ အရပ်၌ တစ်ကမ္ဘာပတ်လုံး အမြဲတည်၏။ ဤပရိတ်ကို အရှင်အင်္ဂုလိမာလ စတင်ရွတ်သောကြောင့် အင်္ဂုလိမာလပရိတ်ဟု ခေါ်တွင်၏။

ထို့ပြင် ဤပရိတ်ကို သီလရှိသောမိန်းမတို့၏ သက်စောင့်ဆေးတော်ကြီးဟုလည်း ဆိုသင့်၏။ သားဖွားရုံမျှသာမဟုတ် ကိုယ်တွင်းရှိသော ဘေးရန်တို့ကိုလည်း ပျောက်ကင်းစေနိုင်၏။

*မချိပြင်းပြ၊ ကုက္ကုဋ္ဌိယလည်း*
*သာလှမဖွား၊ ခက်ခဲငြားသော်*
*စကားသစ္စာ၊ မှန်စွာပြုဘိ*
*အင်္ဂုလိဟု၊ မည်ရှိခေါ်ဆို*
*ရန်စစ်ပြိုလျက်၊ ရေကိုသုံးခါ*
*စစ်ပြီးကာမှ၊ သတ္တာမန်းတိုက်*
*ကိုယ်၌အန္တရာယ်၊ စင်ကြယ်လွတ်ငြား*
*သားလျှင်ဖွား၏။*

(၄)

# အင်္ဂုလိမာလသုတ်တော်

## အင်္ဂုလိမာလသုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

အင်္ဂုလိမာလသုတ်တော်တွင် အရှင်အင်္ဂုလိမာလမထေရ်သည် မှန်ကန်သော သစ္စာစကား မြွက်ဆိုခြင်းဖြင့် မီးမဖွားနိုင်၍ ဝေဒနာခံစားရသော မိန်းမများ ချမ်းသာစွာ မီးဖွားနိုင်ခဲ့ပုံကို ဟောကြားထားပါသည်။ အင်္ဂုလိမာလသုတ်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် ကိုယ်တွင်းရှိသမျှ ဘေးရန်ကို ပျောက်ကင်းစေပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မိမိ၏ရင်သွေးငယ်ကို အခက်အခဲမရှိ လွယ်ကူစွာ မီးဖွားနိုင်သည်။ တခြားသော ဘေးအန္တရာယ်အမျိုးမျိုးကိုလည်း ပျောက်ကင်းနိုင်သည်။

၁။ **ပရိတ္တံ ယံ ဘဏာန္တသ**

**ပရိတ်တံ ယံ ဘဏာန်တတ်သ**

**နိသိန္နဋ္ဌာန ဓောဝနံ**

**နိသိန်နတ်ထာန ဓောဝနံ**

**ဥဒကမ္ပိ ဝိနာသေတိ**
**အုဒကမ်ပိ ဝိနာသေတိ**
**သဗ္ဗမေဝ ပရိဿယံ**
**သတ်ဗ –မေဝ ပရိတ်သယံ။**

၂။ **သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ**
**သွတ်ထိနာ ဂတ်ဘ –ဝုတ်ထာနံ**
**ယဉ္စ သာဓေတိ တဉ်ဏော**
**ယင်စ သာဓေတိ တင်ခဏော**
**ထေရဿ’ ဂုံလိမာလဿ**
**ထေရတ် သင်ဂုလိမာလတ်သ**
**လောကနာထေန ဘာသိတံ**
**လောကနာထေန ဘာသိတံ**
**ကပ္ပဋ္ဌာယိံ မဟာတေဇံ**
**ကပ်ပထာယိမ် မဟာတေဇံ**
**ပရိတ္တံ တံ ဘဏာမ ဟေ**
**ပရိတ်တံ တံ ဘဏာမ ဟေ။**

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အင်္ဂုလိမာလသုတ် ပရိတ်တော်သည် ချမ်းသာသဖြင့် ကိုယ်ဝန်မှထ သွားဖွားခြင်းကိစ္စကို တစ်ခဏချင်း ပြီးစီးစေ၏။ ပရိတ်တော်ကို ရွတ်ဖတ်သောပုဂ္ဂိုလ်၏ နေထိုင်ရာအရပ်ကို ဆေးကြောသော ရေမှုဖြင့်သော်လည်း စုန်း၊ မှော်၊ ကဝေ၊ တစ္ဆေ၊ မှင်စာ၊ မာတြာ၊ မြေဘုတ်၊ ဖုတ်၊ သဘက်၊ ကျတ်၊ နတ်ကြမ်း၊ နတ်ဆိုး ဘေးရန် အမျိုးမျိုးကို ပျောက်ကင်းစေတော်မူနိုင်၏။ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အရှင်အင်္ဂုလိမာလမထေရ်အား ဤ ပရိတ်တော်ကို ဟောကြားတော်မူ၏။ သချေ်ပတ်ကုံး မပြတ်ဆုံးမူ၍ တစ် ကမ္ဘာလုံး တည်တော်မူ၏။ ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူ၏။ အို...သူတော်ကောင်းအပေါင်းတို့၊ ထိုအင်္ဂုလိမာလသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဖတ်ကြကုန်စို့။

**၃။ ယတော’ ဟံ ဘဂိနိ အရိယာယ**

ယ–တော ဟံ ဘဂိနိ အရိယာယ

**ဇာတိယာ ဇာတော**

ဇာတိယာ ဇာတော

**နာဘိဇာနာမိ သဉ္စိစ္စ**

နာဘိဇာနာမိ သင်စိတ်စ

**ပါဏံ ဇီဝိတာ ဝေါရောပေတာ**

ပါဏံ ဇီဝိတာ ဝေါရောပေတာ

**တေန သစ္စေန သောတ္ထိ**

တေန သစ်စေန သွတ်ထိ

**တေ ဟောတု သောတ္ထိ ဂဗ္ဘဿ**

တေ ဟောတု သွတ်ထိ ဂတ်ဗတ်သ။

အို…နှမငယ်၊ ငါသည် အရိယာနွယ် ရဟန်းမြတ်ဖြစ်သည့် အချိန်အခါမှစ၍ သူတစ်ပါး၏အသက်ကို သေစေလိုသောစေတနာဖြင့် သတ်ဖြတ်ဖူး၏ဟူ၍ ငါမသိ။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင်နှမငယ်အား၊ ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။ ဝမ်း၌မှီတွယ် သားသူငယ်အားလည်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

# ဗောဇ္ဈင်သုတ်ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ အရှင်မဟာကဿပ မထေရ်သည် ရာဇဂြိုဟ်မြို့အနီး ပိပ္ပလိလိုဏ်ဂူ တောကျောင်း၌ နေတော်မူ၏။ ထိုသို့နေတော်မူစဉ် မကျန်းမာ ဖျားနာတော်မူလေရာ ညချမ်းအခါ၌ မြတ်စွာဘုရား ကြွရောက်တော်မူလာပြီးလျှင် ဝေဒနာမှသက်သာ၏လော၊ တိုးသလော၊ ဆုတ်သလောဟု မေးတော်မူရာ မသက်သာဘဲ တိုးလျက်သာရှိကြောင်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် **'သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါမယာ သမ္မဒက္ခတာ'** အစရှိသော ကဿပဗောဇ္ဈင်သုတ်ကို ဟောတော်မူ၏။ မထေရ်လည်း တရားတော်ကို ရိုသေစွာ နာယူလျက် နှစ်သက်ဝမ်းမြောက်တော်မူလေရာ ရောဂါဝေဒနာသည် ပိန်းကြာဖက်မှ ရေလျှောကျသကဲ့သို့ တစ်ခဏချင်း လျှောကျပျောက်ကင်းလေ၏။

ထို့အတူ အရှင်မောဂ္ဂလာန်မထေရ်သည်လည်း ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသောအခါ မကျန်းမမာ ဖျားနာတော်မူ၍ ညချမ်းအခါ၌ မြတ်စွာဘုရား ကြွရောက်တော်မူလာပြီးလျှင် ဝေဒနာမှ သက်သာ၏လော၊ တိုးသလော ဆုတ်သလောဟု မေးတော်မူလေရာ မသက်သာဘဲ တိုးလျက်

သာရှိကြောင်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် 'သတ္တိမေ မောဂ္ဂလာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ'အစရှိသော မောဂ္ဂလာန ဗောဇ္ဈင်ကို ဟောတော်မူ၏။ မထေရ်လည်း တရားတော်ကို ရိုသေစွာနာယူ လျက် နှစ်သက်ဝမ်းမြောက်တော်မူရာ ရောဂါဝေဒနာသည် ကရားမှ ရေသွန်ချသကဲ့သို့ တစ်ခဏချင်း ကျဆင်းပျောက်ကင်းလေ၏။

တစ်ရံရောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် ကိုယ်တော်တိုင် နာမကျန်းဖြစ်ရာ ညချမ်းအခါ၌ ကြွရောက်လာသော အရှင်စုန္ဒမထေရ်အား ဗောဇ္ဈင်သုတ်ကို ထင်ရှားစွာ ရွတ်စေတော်မူ၏။ အရှင်စုန္ဒမထေရ်လည်း 'သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ' အစရှိသော ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုတော်မူရာ မြတ်စွာဘုရားသည် နှစ်သက်မြတ်နိုးစွာ နာယူဝမ်းမြောက်တော်မူသောကြောင့် ရောဂါဝေဒနာ သည် လေအဟုန်ပြင်းစွာ တိုက်ခတ်ခံရသော လဲဝါဂွမ်းပမာ တစ်ခဏချင်း လွင့်စဉ်ပျောက်ကင်းလေ၏။

ဤသုတ်၌ သတိ စသော ဗောဇ္ဈင်တရားများပါသောကြောင့် ဗောဇ္ဈင် သုတ်ဟု ခေါ်တွင်၏။

*နာဖျားတာရှည်၊ မတည်စိတ်လက်*
*မသက်မသာ၊ တွေ့ရောက်လာသော်*
*ပရိတ်တော်ဗောဇ္ဈင်၊ ကြည်ရွှင်သစွာ*
*ရွတ်ပါသုံးကြိမ်၊ ရောဂါငြိမ်၏။*

(၁၀)

# ဗောဇ္ဈင်္ဂသုတ်တော်

## ဗောဇ္ဈင်သုတ် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ဗောဇ္ဈင်သုတ်တော်တွင် မြတ်စွာဘုရား၊ ရှင်မဟာကဿပနှင့် ရှင်မဟာမောဂ္ဂလာန်တို့ သုံးပါးသည် ဗောဇ္ဈင်ခုနစ်ပါးတရားကို ကြားနာရမှ ရောဂါဝေဒနာမှ ထမြောက်နိုင်ခဲ့ကြောင်းဖြင့် ဝေဒနာရှင်အား ချမ်းသာရာရစေရန် သစ္စာပြုပုံကို ဖော်ပြထားပါသည်။

မကျန်းမမာနှင့် အနာရောဂါဝေဒနာ ခံစားနေရသူများကို ရွတ်ဆိုပေးကြသည်။ ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ခြင်းအားဖြင့် ရောဂါဝေဒနာဆိုးများ ပျောက်ကင်းချမ်းသာစေနိုင်ပါသည်။

၁။ **သံသာရေ သံသရန္တာနံ**

**သံသာရေ သံသရန်တာနံ**

**သဗ္ဗဒုက္ခ ဝိနာသနေ**

**သတ်ဗဒုတ်ခ ဝိနာသနေ**

**သတ္တဓမ္မေ စ ဗောဇ္ဈင်္ဂေ**
သတ်တ ဓမ်မေ စ ဗွတ်ဈင်ဂေ
**မာရသေနာ ပမဒ္ဒနေ**
မာရ သေနာ ပမတ်ဒနေ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့သည် အစမထင် သံသရာပြင်၌ ကျင်လည်မျောပါး ပြေးသွားနေကြကုန်သော သတ္တဝါ အနန္တတို့၏ အလုံးစုံသော ဝဋ္ဋဆင်းရဲကို ပျောက်ကင်းစေတော်မူကြကုန်၏။ ကိလေသာမာရ် ကိုယ်တွင်းရန် စစ်သည်ခပင်းကို နှိမ်နင်းဖျက်ဆီးတော်မူကြကုန်၏။

၂။ **ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ**
ဗုတ်ဇိတ်တဝါ ယေ စိမေ သတ်တာ
**တိဘဝါမုတ္တ’ ကုတ္တမာ**
တိဘဝါ မုတ်တ’ ကုတ်တမာ
**အဇာတိ’ မဇရာ’ ဗျာဓိံ**
အ–ဇာတိ’ မ–ဇရာဗျာဓိန်
**အမတံ နိဗ္ဘယံ ဂတာ**
အ–မတံ နိတ်ဘယံ ဂတာ။

အရိယာမဂ်၏ အကြောင်းဖြစ်သော ဤဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့ကို သိကုန်သောကြောင့်သာလျှင် သတ္တဝါတို့သည် မြင့်မြတ်ကြကုန်၏။ ကာမ၊ ရူပ၊ အရူပတည်းဟူသော ဘဝသုံးပါးမှ ကင်းလွတ်ကြကုန်၏။ ပဋိသန္ဓေနေရခြင်းမရှိ၊ အိုရခြင်းမရှိ၊ နာရခြင်းမရှိ၊ သေရခြင်းမရှိ၊ ဘေးလည်းကင်းရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်အရပ်သို့ ရောက်တော်မူကြကုန်၏။

၃။ **ဧဝမာဒိ ဂုဏူပေတံ**
အေဝ မာဒိ ဂုဏူပေတံ
**အနေက ဂုဏ သင်္ဂဟံ**
အနေက ဂုဏ သင်ဂဟံ

**ဩသဓေ့ ဣမံ မန္တံ**
အောသဓေ့ခ အိမံ မန်တံ
**ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ**
ဗွတ်ချင်ဂင်ခ ဘဏာမ ဟော။

ဤသို့ အစရှိသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံ၍ များလှဖုံဖုံ ကျေးဇူးဂုဏ်တို့ဖြင့် ပေါင်းဆုံရေတွက်အပ်သည့် နတ်ဆေးဝါး နတ်မန္တရားသဖွယ် ဖြစ်သော ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို အို...သူတော်ကောင်းအပေါင်းတို့၊ ငါတို့ ရွတ်ဖတ်ကြကုန်စို့။

၄။ **ဗောဇ္ဈင်္ဂေါ သတိ သင်္ခါတော**
ဗွတ်ချင်ဂေါ သတိ သင်ခါတော
**ဓမ္မာနံ ဝိစယော တထာ**
ဓမ်မာနံ ဝိစယော တထာ
**ဝီရိယံ ပီတိ ပဿဒ္ဓိ**
ဝီရိယံ ပီတိ ပတ်သတ်ဓိ
**ဗောဇ္ဈင်္ဂါ စ တထာ’ ပရေ**
ဗွတ်ချင်ဂါခ တထာ’ ပရေ။

ကောင်းသောတရားကိုသာ အောက်မေ့ခြင်းတည်းဟူသော သတိသမ္ဗောဇ္ဈင် တရားမြတ်လည်းကောင်း၊ ရုပ်နာမ်တရားတို့ကို အနိစ္စ အစရှိသော အခြင်းအရာဖြင့် စဉ်းစားဆင်ခြင်ခြင်းတည်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ကောင်းသောအမှု၌ အားထုတ်ခြင်းတည်းဟူသော ဝီရိယသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ကောင်းသောအမှုနှင့်စပ်၍ နှစ်သက်ဝမ်းမြောက်ခြင်းတည်းဟူသော ပီတိသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ကိုယ်စိတ်နှစ်တန် ပူပန်လွတ်ကင်း ငြိမ်းချမ်းခြင်းတည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း။

၅။ **သမာ’ဓု ပေက္ခာ ဗောဇ္ဈင်္ဂါ**
သမာဓု ပက်ခါ ဗွတ်ဇင်ဂါ

**သတ္တော’ တေ သဗ္ဗဒဿိနာ**
**သတ်တော တေ သဗ်ဗ ဒတ်သိနာ**
**မုနိနာ သမ္မဒက္ခာတာ**
**မုနိနာ သမ်မ ဒက်ခါတာ**
**ဘာဝိတာ ဗဟုလီကတာ**
**ဘာဝိတာ ဗဟုလီကတာ။**

ကောင်းသောအာရုံ၌ မတုန်မလှုပ်တည်ကြည်ခြင်းတည်းဟူသော သမာဓိသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ကောင်းသောအမှုကို အားထုတ်ရာတွင် ဆုတ်နစ်တက်ကြွစိတ်မရှိရဘဲ အညီအမျှထားရခြင်းတည်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ဤခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို အလုံးစုံသော တရားတို့၌ ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်ကုန်၏။ ထိုဗောဇ္ဈင်ခုနစ်ပါးတရားတော်တို့ကို ပွားများအပ်ကုန်သည်ရှိသော် အတန်တန်အထပ်ထပ် လေ့လာပြုလုပ်အပ်ကုန်သည် ရှိသော်။

၆။ **သံဝတ္တန္တိ အဘိညာယ**
**သံဝတ်တန်တိ အဘိန်ညာယ**
**နိဗ္ဗာနာယ စ ဗောဓိယာ**
**နိပ်ဗာနာယ စ ဗောဓိယာ**
**ဧတေန သစ္စ ဝဇ္ဇေန**
**အေတေန သစ်စ ဝဇ်ဇေန**
**သောတ္ထိ တေ ဟောတု သဗ္ဗဒါ**
**သွတ်ထိ တေ ဟောတု သတ်ဗဒါ။**

သိသင့်သိထိုက်သော တရားတို့ကို မျက်ဝါးထင်ထင် သိမြင်ခြင်းအကျိုးငှာလည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်တိုင်အောင် သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်ခြင်းအကျိုးငှာလည်းကောင်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာလည်းကောင်း၊ ကောင်းစွာဖြစ်ကုန်၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၇။ **ကေသ္မိံ သမယေ နာထော**
**အေကတ်သမိန် သမယေ နာထော**
**မောဂ္ဂလ္လာနဉ္စ ကဿပံ**
**မောက်ဂန်လာနင်စ ကတ်သပံ**
**ဂိလာနေ ဒုက္ခိတေ ဒိသွာ**
**ဂိလာနေ ဒုတ်ခိတေ ဒိတ်သဝါ**
**ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ**
**ဗွတ်ဈင်ဂေ သတ်တ ဒေသယိ။**

အခါတစ်ပါး မြတ်စွာဘုရားသည် နာဖျားဆင်းရဲတော်မူကြကုန်သော အရှင်မောဂ္ဂလာန်မထေရ်၊ အရှင်မဟာကဿပမထေရ်တို့ကို သိမြင်တော်မူ၍ ဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့ကို ဟောကြားတော်မူလေ၏။

၈။ **တေ စ တံ အဘိနန္ဒိတွာ**
**တေ စတံ အဘိနန်ဒိတ်တဝါ**
**ရောဂါ မုစ္စိံသု တင်္ခဏေ**
**ရောဂါ မုတ်စိမ်သု တင်ခဏေ**
**ဧတေန သစ္စ ဝဇ္ဇေန**
**အေတေန သစ်စ ဝစ်ဇေန**
**သောတ္ထိ တေ ဟောတု သဗ္ဗဒါ**
**သွတ်ထိ တေ ဟောတု သတ်ဗဒါ။**

ထိုမထေရ်တို့သည်လည်း ဗောဇ္ဈင်တရားတော်တို့ကို အလွန်နှစ်လို ကြည်ညိုကြကုန်သောကြောင့် ဟောတော်မူသောခဏ၌ပင် အနာရောဂါမှ လွတ်ကင်းတော်မူကြကုန်၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေ သတည်း။

၉။ **ကေဒါ ဓမ္မ ရာဇာပိ**
**အေကဒါ ဓမ်မ ရာဇာပိ**

**ဂေလညေ့နာဘိ ပီဠိတော**

ဂေလညေ့နာဘိ ပီဠိတော

**စုန္ဒတ္ထေရေန တံယေဝ**

စုန်ဒတ်ထေရေန တံယေဝ

**ဘဏာပေတွာန သာဒရံ**

ဘဏာပစ်တဝါန သာဒရံ။

**၁၀။ သမ္မောဒိတွာန အာဗာဓာ**

သမ်မော ဒိတ်တဝါန အာဗာဓာ

**တမှာ ဝုဋ္ဌာသိ ဌာနသော**

တမ်မှာ ဝုတ်ထာသိ ထာန သော

**ဧတေန သစ္စ ဝဇ္ဇေန**

အေတေန သစ်စ ဝစ်ဇေန

**သောတ္ထိ တေ ဟောတု သဗ္ဗဒါ**

သွတ်ထိ တေ ဟောတု သပ်ဗဒါ။

တစ်ရံရောအခါ မြတ်စွာဘုရားသည်လည်း အနာရောဂါ ပြင်းထန်စွာ နှိပ်စက်ခံစားရသဖြင့် အရှင်စုန္ဒမထေရ်အား ထိုဗောဇ္ဈင်တရားတော်မြတ်ကို သာလျှင် ရိုသေစွာ ရွတ်စေ၍ နာတော်မူသည်ရှိသော် နှစ်သက်ဝမ်းမြောက်တော်မူသောကြောင့် ထိုခဏမှာပင် အနာရောဂါမှ ထမြောက်ကင်းကွာ ချမ်းသာတော်မူလေ၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**၁၁။ ပဟီနာ တေစ အာဗာဓာ**

ပဟီနာ တေစ အာဗာဓာ

**တိဏ္ဏန္နမ္ပိ မဟေသိနံ**

တိန်နံ နမ်ပိ မဟေသိနံ

**မဂ္ဂဟတာ ကိလေသာဝ**

မက်ဂဟာတာ ကိလေသာဝ

**ပတ္တာ’ နုပတ္တိ ဓမ္မတံ**
**ပတ်တာ နုပ်ပတ်တိ ဓမ်မတံ**
**ဧတေန သစ္စ ဝဇ္ဇေန**
**အေတေန သစ်စ ဝဇ်ဇေန**
**သောတ္ထိ တေ ဟောတု သဗ္ဗဒါ**
**သွတ်ထိ တေ ဟောတု သပ်ဗဒါ။**

သီလက္ခန္ဓ စသည့် ကျေးဇူးဂုဏ်အထူးကို ဆည်းပူးလေ့ကျက်တော်မူကြကုန်သော သဗ္ဗညုမြတ်စွာဘုရား၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ ဤကိုယ်တော်မြတ်ကြီးသုံးပါးတို့အား ထိုအနာရောဂါတို့သည် ကင်းပျောက်တော်မူကြကုန်၏။ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့ကဲ့သို့ တစ်ဖန်မဖြစ်ကောင်းသောသဘောသို့ ရောက်ကြကုန်၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

# ပုဗ္ဗဏှသုတ်ဝတ္ထု

**'သုနက္ခတ္တံ သုမင်္ဂလံ'** မှစ၍ **'သဟာသဗ္ဗေဟိ ဉာတိဘိ'**တိုင်အောင် သုံးဂါထာခွဲသည်။ တိကနိပါတ် အင်္ဂုတ္တိုရ်ကျမ်း ပုဗ္ဗဏှသုတ်လာ ဂါထာများဖြစ်သည်။ ယင်းပုဗ္ဗဏှသုတ်လာ ဂါထာများပါသောကြောင့် ဤသုတ်သည် ပုဗ္ဗဏှသုတ်ဟု အမည်တွင်၏။ ရတနသုတ်လာ **'ယံ ကိဉ္စိ ဝိတ္တံ'** ဂါထာကို ခမ္မေ သံဃေ ထည့်၍ သုံးဂါထာပွားထားသည်။

**'ယံဒုန္နိမိတ္တံ...'** စသော ကြွင်းသော ဂါထာတို့ကို ရှေးဆရာကြီးတို့ သီကုံးဖွဲ့ဆိုသည်။ ဘုရားဟောကျမ်းဂန်လာ မဟုတ်သော်လည်း ကျမ်းဂန်နှင့်အညီ ဖွဲ့ဆိုသော အာသီသပတ္ထနာ ဆုတောင်းဂါထာများဖြစ်၍ ရွတ်သူ နာသူတို့မှာ များစွာအကျိုးရှိလှပေသည်။

**'သုနက္ခတ္တံ သုမင်္ဂလံ'** စသော ဂါထာများသည် နံနက်အခါမှာ ရွတ်ဆိုရန် အတူးကောင်းသောကြောင့် ပုဗ္ဗဏှသုတ် မည်၏။

ဤသုတ်ကို ရွတ်ဖတ်နာကြားခြင်းကြောင့် မကောင်းသော အတိတ်နိမိတ်ဆိုး၊ ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးတို့မှ ကင်းလွတ်ငြိမ်း၍ ချမ်းသာကိန်းဆိုက်ရောက်လေသည်။

စိတ်ကူးချိုချို

သုရိန်ဖမ်းလာ၊ ဓာတာစန်းလင်
ပျက်ပျက်ဆုတ်ယို၊ ဂြိုဟ်ဝင်ဂြိုဟ်ထွက်
ဂြိုဟ်ပျက်ဂြိုဟ်စား၊ ဂြိုဟ်နှင်းများနှင့်
သက်သွားသက်ရောက်၊ ဆည်ပေါက်တိုင်ကျိုး
အဆိုးစုံစုံ၊ ရာဟုစံနန်းကဲ
ပျားစွဲနိမိတ်၊ များတိတ်နာဂတ်
မြင်လတ်လေက၊ ပုဗ္ဗဏှာဟု
တေဇထွန်းပေါ်၊ ပရိတ်တော်ကို
ပျော်ပျော်စီးဖြန်း၊ ရွတ်မှုတ်မန်းက
ဘေးဘျမ်းအန္တရာယ်၊ ကိုယ်ဝယ်ရှင်းကွာ
လွတ်ချမ်းသာသည်၊ မဟာပရိတ် ကျေးဇူးတည်း။

(၁၁)

# ပုဗ္ဗဏှသုတ်တော်

## ပုဗ္ဗဏှသုတ်တော် ရွတ်ဖတ်ရန်အချိန်နှင့် ရွတ်ဖတ်ရခြင်းအကျိုး

ပုဗ္ဗဏှသုတ်တော်တွင် ရတနာသုံးပါး၏ ဂုဏ်တော်များဖြင့် သတ္တဝါအပေါင်းတို့အား မကောင်းသော အမင်္ဂလာအဖြာဖြာနှင့် ဘေးအန္တရာယ်ဟူသမျှ ကင်းပျောက်ပြီး ချမ်းသာသုခအပေါင်းနှင့် ပြည့်စုံကြစေရန် ဟောကြားထားပါသည်။

ပုဗ္ဗဏှသုတ်ကို အတိတ်ဆိုး၊ နိမိတ်ဆိုးများ၊ အိပ်မက်ဆိုးများ၊ ဂြိုဟ်ဆိုးကြမ္မာဆိုးများနှင့် ကြုံတွေ့ပါက ရွတ်ဖတ်ကြသည်။

ပုဗ္ဗဏှသုတ်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် အထက်ပါ အဖြစ်အပျက်များမှ ကင်းဝေးစေပြီး ချမ်းသာသုခနှင့် ပြည့်စုံ၍ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်နိုင်သည်။

၁။ **ယံ ဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ**

**ယံ ဒုန်နိမိတ်တံ အဝ မင်ဂလင်စ**

**ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ**

**ယော စာ’ မနာပေါ သကုနတ်သ သတ်ဒေါ**

**ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ**

ပါပက်ဂဟော ဒုတ်သုပိနံ အ–ကန်တံ

**ဗုဒ္ဓါ နုဘာဝေန ဝိနာသ’ မေန္တု**

ဗုတ်ဓာ နုဘာဝေန ဝိနာသ’မင်တု။

မကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မကောင်းဆိုးဝါးသော ငှက်တို့၏ မနှစ်လိုဖွယ်သော မြည်သံ တွန်သံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏။ ထိုမကောင်းသော အတိတ်နိမိတ် အစရှိသည်တို့သည် မြတ်စွာဘုရားတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြစေကုန်သတည်း။

၂။ **ယံ ဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ**

ယံ ဒုန်နိမိတ်တံ အဝ မင်ဂလင်စ

**ယော စာ’ မနာပေါ သကုဏဿသဒ္ဒေါ**

ယော စာ’ မနာပေါ သကုနတ်သ သတ်ဒေါ

**ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ**

ပါပက်ဂဟော ဒုတ်သုပိနံ အ–ကန်တံ

**ဓမ္မာ နုဘာဝေန ဝိနာသ’မေန္တု**

ဓမ်မာ နုဘာဝေန ဝိနာသ မင်တု။

မကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မကောင်းဆိုးဝါးသော ငှက်တို့၏ မနှစ်လိုဖွယ်သော မြည်သံတွန်သံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏။ ထိုမကောင်းသော အတိတ်နိမိတ် အစရှိသည်တို့သည် တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြစေကုန်သတည်း။

၃။ **ယံ ဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ**

ယံ ဒုန်နိမိတ်တံ အဝ မင်ဂလင်စ

**ယော စာ‘ မနာပေါ သကုဏဿ သဒ္ဒေါ**

ယော စာ‘ မနာပေါ သကုဏာသတ် သတ်ဒေါ

**ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ**
ပါပဂ်ဂဟော ဒုတ်သုပိနံ အ–ကန်တံ
**သံဃာ နုဘာဝေန ဝိနာသ' မေန္တု။**
သံဃာ နုဘာဝေန ဝိနာသ' မင်တု။

မကောင်းသောအတိတ်၊ မကောင်းသော အမင်္ဂလာ၊ မကောင်းဆိုးဝါးသော ငှက်တို့၏ မနှစ်လိုဖွယ်သော မြည်သံတွန်သံ၊ မကောင်းသောဂြိုဟ်စီး ဂြိုဟ်နင်း၊ မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏။ ထိုမကောင်းသော အတိတ်နမိတ် အစရှိသည်တို့သည် သံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြစေကုန်သတည်း။

၄။ **ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ**
ဒုတ်ခပတ်တာ စ နိတ်ဒုတ်ခါ
**ဘယပ္ပတ္တာ စ နိဗ္ဘယာ**
ဘယပ်ပတ်တာစ နိတ်ဘယာ
**သောကပ္ပတ္တာ စ နိသ္သောကာ**
သောကပ်ပတ်တာ စ နိတ်သောကာ
**ဟောန္တု သဗ္ဗေပိ ပါဏိနော**
ဟွန်တု သပ်ဗေပိ ပါဏိနော။

ဆင်းရဲဒုက္ခရောက်နေကြရကုန်သော သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခ ကင်းဝေးကြပါစေကုန်သတည်း။ ဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေကြကုန်သော သတ္တဝါအားလုံးတို့သည် ဘေးဘယာဝေးကွာကြပါစေကုန်သတည်း။ စိုးရိမ်ကြောင့်ကြ ဗျာပါဒသို့ ရောက်နေကြရကုန်သော သတ္တဝါအားလုံးတို့သည် စိုးရိမ်လွတ်ကင်း ကြောင့်ကြခြင်း မရှိကြပါစေကုန်သတည်း။

၅။ **ဧတ္တာဝတာ စ အမှေဟိ**
အစ်တာ ဝတာစ အမ်မှေဟိ
**သမ္ဘတံ ပုညသမ္ပဒံ**
သမ်ဘတံ ပုန်ညသမ်ပဒံ

**သဗ္ဗေဒေဝါ နုမောဒန္တု**

**သပ်ဗေဒေဝါ နုမောဒန်တု**

**သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ**

**သပ်ဗ သမ်ပတ်တိ သိတ်ဓိယာ။**

ဤမျှအတိုင်းအရှည်ရှိသော ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အကျွန်ုပ်တို့ ကောင်းစွာဆည်းပူး ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို အလုံးစုံသော နတ်များတို့သည် လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံစေခြင်းအကျိုးငှာ ဝမ်းမြောက်နှမော် သာဓုခေါ်တော်မူကြပါကုန်လော့။

၆။ **ဒါနံ ဒဒန္တု သဒ္ဓါယ**

**ဒါနံ ဒဒန်တု သတ်ဓာယ**

**သီလံ ရက္ခန္တု သဗ္ဗဒါ**

**သီလံ ရက်ခန်တု သပ်ဗဒါ**

**ဘာဝနာ ဘိရတာ ဟောန္တု**

**ဘာဝနာ ဘိရတာ ဟွန်တု**

**ဂစ္ဆန္တု ဒေဝတာ ဂတာ**

**ဂစ်ဆန်တု ဒေဝတာ ဂတာ။**

ပေးကမ်းစွန့်ကြဲနည်းများမဟူ အလှူဒါနကို၊ ကံကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် ပေးကမ်းလှူဒါန်းတော်မူကြပါကုန်လော့။ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးပညတ် သီလတော်မြတ်ကို မကျိုးမပေါက်၊ မပြောက်မကျားအောင် စောင့်ရှောက် တော်မူကြပါကုန်လော့။ သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း၌ စီးဖြန်းမွေ့လျော်ပျော်ပိုက်တော်မူကြပါကုန်လော့။ ပရိတ်တရားတော်နာ ကြွရောက်တော်မူလာကြကုန်သော အရှင်နတ်အများတို့သည် ကိုယ်စီကိုယ်ငှ လိုရာဌာနသို့ ကြွမြန်းတော်မူကြကုန်လော့။

၇။ **သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ**

**သပ်ဗေ ဗုတ်ဓာ ဗလပ်ပတ်တာ**

**ပစ္စေကာနဉ္စ ယံ ဖလံ**
ပစ်စေကာနင်စ ယံ ဖလံ
**အရဟန္တာနဉ္စ တေဇေန**
အရဟန်တာနင်စ တေဇေန
**ရက္ခံ ဗန္ဓာမိ သဗ္ဗသော**
ရက်ခံ ဗန်ဓာမိ သဗ်ဗသော။

ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အားဆယ်ပါးသို့ ရောက်တော်မူကြကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့အားလည်းကောင်း၊ ပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့အားလည်းကောင်း အကြင်ဉာဏဖလတော်သည် ရှိ၏။ ထိုဉာဏဖလတော်၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် ထက်ဝန်းကျင်သော အရပ်မျက်နှာမှ အစောင့်အရှောက်ကို ဖွဲ့စည်းပါ၏။

**၈။ ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံ ဝါ**
ယံ ကိန်စိ ဝိတ်တံ အိဓ, ဝါ ဟုရံဝါ
**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ**
သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ
**န နော သမံ အတ္ထိ တထာဂတေန**
နနော သမံ အတ်ထိ တထာဂတေန
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ**
အိဒမ်ပိ ဗုတ်ဓေ ရတနံ ပဏီတံ
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည် မရှိ။ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၉။ ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ
ယံ ကိန်စိ ဝိတ်တံ အိဓ ဝါ ဟုရံဝါ
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ
သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ
န နောသမံ အတ္ထိ တထာဂတေန
န နော သမံ အတ္ထိ တထာဂတေန
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ
အိဒမ်ပိ ဓမ်မေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု
အေတေန သစ်စေန သုဝတ်ထိ ဟောတု။

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရား၏ တရားတော်နှင့် တူမျှသော ရတနာသည်မရှိ။ ဤတရားတော်သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၀။ ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံ ဝါ
ယံ ကိန်စိ ဝိတ်တံ အိဓဝါ ဟုရံ ဝါ
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ
သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ
န နော သမံ အတ္ထိ တထာဂတေန
န နော သမံ အတ်ထိ တထာဂတေန
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
အိဒမ်ပိ သံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု
အေတေန သစ်စေန သုဝတ်တိ ဟောတု။

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်တို့လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည် ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များနှင့် တူမျှသော ရတနာသည် မရှိ။ ဤသံဃာတော်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် သတ္တဝါတို့အား ကောင်းသောစီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

**၁၁။ ဘဝတု သဗ္ဗမင်္ဂလံ**
ဘဝတု သပ်ဗ မင်ဂလံ
**ရက္ခန္တု သဗ္ဗဒေဝတာ**
ရက်ခန်တု သပ်ဗဒေဝတာ
**သဗ္ဗ ဗုဒ္ဓါ နုဘာဝေန**
သပ်ဗ ဗုတ်ဓာ နုဘာဝေန
**သဒါ သုခီ ဘဝန္တု တေ**
သဒါ သုခီ ဘဝန်တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာ တရားအပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံအရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း။ ခပ်သိမ်းသော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

**၁၂။ ဘဝတု သဗ္ဗမင်္ဂလံ**
ဘဝတု သပ်ဗ မင်ဂလံ
**ရက္ခန္တု သဗ္ဗဒေဝတာ**
ရက်ခန်တု သပ်ဗဒေဝတာ
**သဗ္ဗဓမ္မာ နုဘာဝေန**
သပ်ဗဓမ်မာ နုဘာဝေန
**သဒ္ဒါ သုခီ ဘဝန္တု တေ**
သဒါ သုခီ ဘဝန်တု တေ။

ပစ္စုပ္ပန် သံသရာ နှစ်ဖြာနှစ်ဝ အေးမြရကြောင်း အလုံးစုံသောမင်္ဂလာ တရားအပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံ အရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း။ ခပ်သိမ်းသော တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန် သတည်း။

**၁၃။ ဘဝတု သဗ္ဗမင်္ဂလံ**

ဘဝတု သပ်ဗမင်ဂလံ

**ရက္ခန္တု သဗ္ဗဒေဝတာ**

ရက်ခန်တု သပ်ဗ ဒေဝတာ

**သဗ္ဗ သံဃာ နုဘာဝေန**

သပ်ဗ သံဃာ နုဘာဝေန

**သဒါ သုခီ ဘဝန္တု တေ**

သဒါ သုခီ ဘဝန်တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသောမင်္ဂလာ တရား အပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံ အရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း။ ခပ်သိမ်းသော သံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန် သတည်း။

**၁၄။ မဟာကာရုဏိကော နာထော**

မဟာကာရုဏိကော နာထော

**ဟိတာယ သဗ္ဗပါဏိနံ**

ဟိတာယ သပ်ဗပါဏိနံ

**ပူရေတွာ ပါရမီ သဗ္ဗာ**

ပူရေ်တဝါ ပါရမီ သပ်ဗာ

**ပတ္တော သမ္ဗောဓိ’ မုတ္တမံ**

ပတ်တော သမ်ဗောဓိ မုတ်တမံ

**ဧတေန သစ္စဝဇ္ဇေန**

အေတေန သစ်စ ဝစ်ဇေန

**သောတ္ထိ တေ ဟောတု သဗ္ဗဒါ**

သွတ်ထိ တေ ဟောတု သပ်ဗဒါ။

ကြီးမြတ်သော ကရုဏာရှိတော်မူသော ရှင်တော်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားအလို့ငှာ အလုံးစုံသော ပါရမီတော်ကို ဖြည့်ကျင့်တော်မူ၏။ မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

**၁၅။ ဇယန္တော ဗောဓိယာ မူလေ**

ဇယန်တော ဗောဓိယာ မူလေ

**သကျာနံ နန္ဒိဝဍ္ဎနော**

သက်ကျာနံ နန်ဒိ ဝဍ်ဎနော

**ဧဝမေဝ ဇယော ဟောတု**

အေဝ မေဝ ဇယော ဟောတု

**ဇယဿု ဇယမင်္ဂလေ**

ဇယတ်သု ဇယ မင်ဂလေ။

သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုးခြင်းကို ပွားတိုးစေတော်မူတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်ခြေ ပလ္လင်ဘွဲ့၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ဤနည်းတူပင် သင့်အား အောင်မြင်ခြင်းသည် ဖြစ်ပါစေသတည်း။ သင်သည် အောင်မြင်အပ်သော မင်္ဂလာကို အောင်မြင်ပါစေသတည်း။

**၁၆။ အပရာဇိတ ပလ္လင်္ကေ**

အပရာဇိတ ပန်လင်ကေ

**သီသေ ပုထု ဝိပုက္ခလေ**

သီသေ ပုထု ဝိပုတ်ခလေ

**အဘိသေကေ သဗ္ဗဗုဒ္ဓါနံ**
**အဘိသေကေ သပ်ဗဗုတ်ဓါနံ**
**အဂ္ဂပ္ပတော ပမောဒတိ**
**အက်ဂပ်ပတ်တော ပမောဒတိ။**

ခပ်သိမ်းသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူတော်မူရာဖြစ်၍ မြေအပြင်တွင် အထူးတင့်တယ်လျက် မြေဦးမြေထိပ်လည်းဖြစ်သော အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ကြည်နူးရွှင်ပျော် ဝမ်းမြောက်တော် မူသကဲ့သို့ ဤနည်းအတူသာလျှင် သင်သည် အထွတ်အထိပ်သို့ရောက်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါစေသတည်း။

**၁၇။ သုနက္ခတ္တံ သုမင်္ဂလံ**
**သု နက်ခတ်တံ သုမင်ဂလံ**
**သုပ္ပဘာတံ သုဟုဋ္ဌိတံ**
**သုပ်ပဘာတံ သုဟုတ်ထိတံ**
**သုခဏော သုမုဟုတ္တော စ**
**သုခဏော သုမုဟုတ်တော စ**
**သုယိဋ္ဌံ ဗြဟ္မစာရိသု**
**သုယိတ် ထံ ဗြန်မ စာရိသု။**

သင့်အား ကောင်းသောနက္ခတ်သည် ဖြစ်ပါစေသတည်း။ ကောင်းသော မင်္ဂလာသည် ဖြစ်ပါစေသတည်း။ ကောင်းသော မိုးသောက်ခြင်းသည် ဖြစ်ပါစေသတည်း။ ကောင်းသော ထကြွခြင်းသည် ဖြစ်ပါစေသတည်း။ ကောင်းသော ခဏအခိုက်သည် ဖြစ်ပါစေသတည်း။ ကောင်းသောမုဟုတ်အချိန်သည် ဖြစ်ပါစေသတည်း။ မြတ်သောအကျင့်ကိုကျင့်သော သူတော်ကောင်းတို့အား ကောင်းသော ပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

**၁၈။ ပဒက္ခိဏံ ကာယကမ္မံ**
**ပဒက်ခိဏံ ကာယကမ်မံ**

**ဝါစာကမ္မံ ပဒက္ခိဏံ**

ဝါစာကမ်မံ ပဒက်ခိဏံ

**ပဒက္ခိဏံ မနောကမ္မံ**

ပဒက်ခိဏံ မနောကမ်မံ

**ပဏီဓိတေ ပဒက္ခိဏာ**

ပဏီဓိတေ ပဒက်ခိဏာ

**ပဒက္ခိဏာနိ ကတွာန**

ပဒက်ခိဏာနိ ကတ်တဝါန

**လဘန္တတ္ထေ ပဒက္ခိဏေ**

လဘန်တတ်ထေ ပဒက်ခိဏေ။

သင့်အား မြတ်သော ကာယကံသည် ဖြစ်ပါစေသတည်း။ မြတ်သော ဝစီကံသည် ဖြစ်ပါစေသတည်း။ မြတ်သော မနောကံသည် ဖြစ်ပါစေသတည်း။ သင်သည် မြတ်သော ကာယကံ၊ မြတ်သော ဝစီကံ၊ မြတ်သော မနောကံ ဟူသော ကံသုံးပါး၌ ဆောက်တည်နိုင်ပါစေသတည်း။

၁၉။ **တေ အတ္ထလဒ္ဓါ သုခိတာ**

တေ အတ်ထ လတ်ဒ္ဓါ သုခိတာ

**ဝိရုဠှာ ဗုဒ္ဓသာသနေ**

ဝိရုန်လှာ ဗုတ်ဓသာသနေ

**အရောဂါ သုခိတာ ဟောထ**

အရောဂါ သုခိတာ ဟောထ

**သဟ သဗ္ဗေဟိ ဉာတိဘိ**

သဟ သပ်ဗေဟိ ဉာတိဘိ။

အကြင်သူတို့သည် မြတ်သောကာယကံ၊ မြတ်သောဝစီကံ၊ မြတ်သော မနောကံကို ပြုလုပ်သောကြောင့် မြတ်သောအကျိုးတို့ကို ရကြကုန်၏။ ထိုသူတို့သည် ကြီးပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တိုင်ရအောင် ပြန့်ပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ အလုံးစုံသော အဆွေအမျိုးတို့နှင့်တကွ အနာရောဂါ ကင်းရှင်း ချမ်းသာအေးမြခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

# နိဂုံးစကား

ဤပိဋကတ်ကြီးပါဠိတော်သည် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးပါးတို့၌ ပါဝင်သော ဘုရားစကားတော်များ ဖြစ်လေရာ စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် အာဏာစက် ပျံ့နှံ့လျက် ဘေးရန်အန္တရာယ်အပေါင်းကို ကင်းဝေးစေတော်မူ၏။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးတော်မူ၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရစေရောက်စေတော်မူ၏။ ရွတ်အံ သူ၊ နာခံသူ၊ ကျင့်ကြံသူ၊ ပွားများသူတို့အား ဘေးရန်အသွယ်သွယ်မှ ဖယ်ရှား၍ ကြီးပွားချမ်းသာ ကောင်းကျိုးအဖြာဖြာကို ဧကန်မုချ ပေးတော်မူလေသတည်း။

**သတ္တဝါအပေါင်း**

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

* * *

# ပရိတ်ကြီး (၁၁) သုတ်ကို မပြတ်ရွတ်ဖတ်သူတို့ ပါရမီဆယ်ပါးပြည့်ပုံ

၁။ ပရိတ်တရားတော်ကို နာကြားရန် နတ်များကို ပင့်ဖိတ်၍ ရွတ်ဖတ်သောကြောင့် **ဒါနပါရမီ** ဖြစ်၏။

၂။ ပရိတ်မရွတ်ဖတ်မီ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်ရွတ်ဖတ်နေစဉ် ကိုယ်နှုတ်တို့ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊ စိတ်ကြည်လင်အေးမြခြင်းတို့ကြောင့် **သီလပါရမီ** ဖြစ်၏။

၃။ ပရိတ်ရွတ်ဖတ်နေစဉ် ကာမအာရုံ ခံမင်စွဲလမ်းမှုဖြင့် ထွေထွေလာလာ ကြံစည်ခြင်းဟူသော ကာမဝိတက်မှလွတ်မြောက်ခြင်းကြောင့် **နေက္ခမ္မပါရမီ** ဖြစ်၏။

၄။ ပရိတ်တော်လာ အနက်အဓိပ္ပာယ်တို့ကို သိအောင် ကြံစည်လေ့လာခြင်း၊ မသိသောအရာကို မေးမြန်းဆွေးနွေးခြင်းကြောင့် **ပညာပါရမီ** ဖြစ်၏။

၅။ ပျင်းရိငြီးငွေ့ခြင်း စသည်ကို ပယ်ဖျောက်၍ ရွတ်ဖတ်သောကြောင့် **ဝီရိယပါရမီ** ဖြစ်၏။


၆။ ပရိတ်ရွတ်ဖတ်သောအခါ ညောင်းညာကိုက်ခဲထုံကျင်ခြင်း အစရှိသော ဆင်းရဲမှုကို သည်းခံခြင်းကြောင့် **ခန္တီပါရမီ** ဖြစ်၏။

၇။ ပရိတ်တရားတော်သည် မှန်သောတရားတော်ဖြစ်၍ ပရိတ်အရံအတား ပြုသည့်အခါ အမှန်ကို ရွတ်ဆိုရခြင်းကြောင့် **သစ္စာပါရမီ** ဖြစ်၏။

၈။ နေ့စဉ်နေ့တိုင်း ဤသုတ်ဤသုတ်တို့ကို ရွတ်ဖတ်မည်ဟု ပရိတ်တရားတော်ကို ပိုင်းခြားသတ်မှတ်၍ ရွတ်ဖတ်သောကြောင့် **အဓိဋ္ဌာန်ပါရမီ** ဖြစ်၏။

၉။ ပရိတ်ရွတ်သည့်အခါ မေတ္တာတရား ရှေ့ထား၍ ရွတ်ဖတ်သောကြောင့် **မေတ္တာပါရမီ** ဖြစ်၏။

၁၀။ ပရိတ်ရွတ်ဖတ် ပြုလုပ်ခြင်းကို ယုံကြည်သောသူ၊ မယုံကြည်သောသူတို့၏ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စသည်တို့ကို လျစ်လျူပြု၍ ရွတ်ဖတ်သောကြောင့် **ဥပေက္ခာပါရမီ** ဖြစ်၏။



မိမိုရိုးသော်သည်၊ အမြဲသွက်ယော်သူများ
အသိသွက်ပိုးအသော်သည်၊ အနက်ကိုမသိသူများ
ဝါစီတချက်တည်းမှာ ပြည့်ပြည့်စုံစုံရှိပြီး
လေးလေးနက်နက်ကြည့်တက်ပါ
မှတ်မေတ် ပုံဖော် မှတ်ချက်ကြည့်ပြီနိုင်ပို့